ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ တနင်္လာနေ့၊ (21-9-2015) (၈၃၃၀)

## အေးစေ မြစေ မေတ္တာရေ

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှဲမမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်




မန္တလေးမြို့ အောင်မြေသာစံမြို့နယ်တွင် မြန်မာ-ထိုင်း ပူးပေါင်း၍ သံဃာတော်အပါး ၁၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။ (ဓာတ်ပုံ-ရွှေကိုကိုလေး)

## မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်

**နေပြည်တော် စက်တင်ဘာ ၂၀**

ယနေ့ နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသောဘင်္ဂလားပင်လယ်အော်

**စာမျက်နှာ ၉ ကော်လံ ၂ သို့**

# မိတ္ထီလာမြောက်ကန်အောင်ပွဲ မြိမ့်မြိမ့်သဲစည်ကား

သတင်းဆောင်းပါး – ဒေါက်တာချစ်၊ ဓာတ်ပုံ – ချမ်းသာ

ဆည်၊ တမံ၊ ကန်စသည့် ရေလှောင်တမံတို့သည် ရေရရှိရေးအတွက် အသုံးဝင်ကြသည်သာမက စီးဆင်းလာသော ရေပိုရေလျှံများကို အရှိန်လျော့အောင် ဖန်တီးနိုင်စွမ်းရှိသည်။ အကျိုးများသော ရေလှောင်ကန်၊ ရေလှောင်တမံများကို ရှေးဘိုးဘေးအစဉ်အဆက်ကတည်းက တည်ဆောက်ခဲ့ကြသည်။ သို့သော် ဆည်၊ တမံ၊ ကန်တို့၏ သဘောသဘာဝအရ နှစ်ပေါင်းရှည် ကြာလာသောအခါ ရေစီးနှင့်အတူပါလာသည့် အနည်အနှစ်များ၊ နုန်းများပို့ချကာ တိမ်ကောပျက်စီးသွားတတ်သည်။

သာဓကအားဖြင့် မြန်မာ့ဦးစွန်းခေတ်ကာလက ကလေးနယ်မှ ညောင်ကန်၊ ပုဂံခေတ်က မြကန်၊ ကုန်းဘောင်ခေတ်က အောင်ပင်လယ် စသည့် ရှေးဦးကာလက ကန်ကြီးများအား ထိန်းသိမ်းနိုင်စွမ်းမရှိ၍ နှစ်ကာလရှည်ကြာသော် ပျက်စီးတိမ်ကောသွားသည်။ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသများတွင် ရှေးမြန်မာတို့က ပြည်သူများသောက်သုံးရေရရှိစေရန် ဆည်၊ ကန်များ တူးဖော်ခဲ့ကြသည်။ နှစ်ကာလ ထောင်ချီရှည်ကြာ၍ တိမ်ကောသော်လည်း ပြန်လည်တူးဖော်ဆယ်ဖို့ခဲ့ကြသည်။ မြန်မာပြည်အလယ်ပိုင်းမှ ထီးလှိုင်ကန်၊ ကန်မြဲကန်၊ ကြာနီကန် (ကျီးနီကန်)၊ မိတ္ထီလာကန်၊ ညောင်ရမ်း-မင်းလှကန်တို့မှာ ကန်သက်တမ်းနှစ်ပေါင်းရှည်ကြာခဲ့သော်လည်း မပျက်စီးသေးသည်မှာ ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံခဲ့သောကြောင့်ဖြစ်သည်။

ထိုသို့ ပြုပြင်မွမ်းမံခဲ့သော ကန်ကြီးများအနက် သက်တမ်းရှည်ကြာစွာ တည်တံ့ခိုင်မြဲနေသော ကန်ကြီးမှာ မိတ္ထီလာကန်ကြီးဖြစ်သည်။ ထိုကန်ကြီးမှာ မိတ္ထီလာနယ်မှ ပြည်သူလူထုအတွက် နှစ်ပေါင်းထောင်ချီအကျိုးပြုခဲ့သော ကန်ကြီးဖြစ်သည်။ သို့သော်လည်း ကန်များ၏ထုံးစံအတိုင်း ပျက်စီးယိုယွင်းခဲ့သည်။

ခေတ်အဆက်ဆက် ဆယ်ဖို့ပြုပြင်ခဲ့သောသမိုင်းဝင်ကန်ကြီးဖြစ်သော်လည်း နှစ်ပေါင်း ထောင်ချီကြာလာသည်နှင့်အမျှ ကန်အတွင်း သဲနုန်းများပို့ချမှုကြောင့် မိတ္ထီလာမြောက်ကန်သည် တဖြည်းဖြည်း တိမ်ကောလာခဲ့သည်။ မိတ္ထီလာ မြောက်ကန် တိမ်ကောလာမှုကြောင့် မြို့နေလူထု သောက်သုံးရေလုံလောက်စွာ ပေးဝေရေးနှင့် ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေပေးဝေရေးတို့အတွက် များစွာအခက်ကြုံလာခဲ့သည်။ ထို့အပြင် မိုးအဆက်မပြတ်ရွာသွန်းသည့်နှစ်များတွင် မိတ္ထီလာ(မြောက်ကန်) အတွင်းသို့ စီးဝင်သည့်ချောင်းများရေလျှံတက်၍ ကျေးရွာအချို့တွင် ချောင်းရေဝင်ရောက်မှုများ ကြုံတွေ့ခံစားလာခဲ့ရသည်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့**



ကြေးမုံ စာ တည်း ရှု ထောင့် ၂၁-၉-၂၀၁၅၊ တနင်္လာနေ့

# စည်းကမ်းလိုက်နာ ဘေးကင်းကွာ

ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်ရာတွင် စည်းကမ်းသည် အရေးအကြီးဆုံးအချက်ဖြစ်၏။ ဒီမိုကရေစီတွင် လွတ်လပ်ခြင်းသည်လည်း ဦးစားပေးအချက်ဖြစ်လာ၏။ စည်းကမ်းသည် လွတ်လပ်ခြင်းကို ပိတ်ပင်လို၍မဟုတ်။ စည်းနှင့်ကမ်းနှင့် လွတ်လပ်စေချင်သောကြောင့်ဖြစ်သည်။ စည်းကမ်းရှိသော ဒီမိုကရေစီနိုင်ငံဖြစ်မှသာ အဆင့်အတန်းမြင့်သော နိုင်ငံဖြစ်နိုင်၏။

ဒီမိုကရေစီတွင် လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာထုတ်ဖော်ခွင့်၊ လွတ်လပ်စွာလှုပ်ရှား ဆောင်ရွက်ခွင့်ရှိ၏။ သို့သော် အများပြည်သူတို့၏ အေးချမ်းစွာနေထိုင်သွားလာခွင့်၊ ဘေးကင်းစွာနေထိုင်ပြုမူခွင့် စသည်တို့ကို ပိုမိုမြတ်နိုးတန်ဖိုးထားရသည်။ မိမိတို့၏ဆန္ဒကို ဖော်ထုတ်ရာတွင် အများပြည်သူအကျိုးစီးပွားကိုလည်း ကြည့်ရ၏။ မိမိအကျိုးထက် အများအကျိုးကို ဦးစားပေးရ၏။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ရန်ကုန်မြို့ရှိ အများပြည်သူအားထားစီးနင်းနေရသည့် အများသုံးယာဉ်များအနက် စည်းကမ်းမဲ့ယာဉ်များအား ပြစ်ဒဏ်တိုးမြှင့်လိုက်သည့် ဥပဒေထုတ်ပြန်ပြီးနောက်တွင် ယာဉ်စီးရေ ၆၀၀ ခန့်က ထိုဥပဒေကို ကန့်ကွက်သည့်အနေဖြင့် ယာဉ်လိုင်းပြေးဆွဲမှုကို ခေတ္တရပ်ဆိုင်းခဲ့သည်။ ထိုသို့ရပ်ဆိုင်းမှုကြောင့် ရန်ကုန်မြို့နေ ခရီးသွားပြည်သူများ အခက်အခဲများစွာ ဖြစ်ပေါ်ခဲ့ရသည်။

ရန်ကုန်မြို့တွင်း နေ့စဉ်ပြေးဆွဲနေသော ယာဉ်စီးရေ ၄၃၀၀ ကျော်အနက် ယာဉ်အချို့က ဤသို့ဆောင်ရွက်လိုက်ခြင်းသည် အများပြည်သူအကျိုးစီးပွားအတွက် ထိခိုက်နစ်နာခဲ့ရပေသည်။ ယာဉ်များနှင့်ပတ်သက်၍ ပြစ်ဒဏ်သတ်မှတ်ခြင်းသည် ဥပဒေကြောင်းအတိုင်းသာ ထုတ်ပြန်ထားခြင်းဖြစ်သည်။ ခရီးသည်ယာဉ်များအား ထိခိုက်နစ်နာစေလိုသောဆန္ဒဖြင့် ထုတ်ပြန်ထားခြင်းမဟုတ်ဘဲ အများပြည်သူအကျိုးစီးပွားအတွက် စည်းကမ်းလိုက်နာစေလိုသော ဆန္ဒဖြင့် ထုတ်ပြန်ထားခြင်းသာဖြစ်သည်။

ပြေးဆွဲနေသောယာဉ်များတွင် စည်းကမ်းလိုက်နာသော ယာဉ်များ အများစုရှိသလို စည်းကမ်းမလိုက်နာသော ယာဉ်များလည်း ရှိနေသည်ကို နေ့စဉ်ကြားသိနေရသည်။ စည်းကမ်းမလိုက်နာသော ယာဉ်များအားကြပ်မတ်စစ်ဆေး အရေးယူပေးမှသာ စည်းကမ်းကိုလိုက်နာပြီး ပြည်သူများသွားလာမှု လွယ်ကူချောမွေ့လာမည်ဖြစ်သည်။ မူလက ရန်ကုန်မြို့တွင်း အများပြည်သူ ယာဉ်လိုင်းများပြေးဆွဲနေရာတွင် စည်းကမ်းဖောက်ဖျက်မှုများနှင့်ပတ်သက်၍ ပြောဆိုဝေဖန်မှုများ မကြာခဏကြားသိနေရသည်။

မူလကပြဋ္ဌာန်းထားသော ယာဉ်စည်းကမ်းဥပဒေများအား ပိုမိုထိရောက်မှုရှိစေရေးနှင့် စည်းကမ်းပိုမိုကောင်းမွန်ရေးအတွက် ထိုကဲ့သို့ဥပဒေသစ်ထုတ်ပြန်ခဲ့ခြင်းဖြစ်ရာ ခရီးသည်ပို့ဆောင်ရေးယာဉ်များအနေဖြင့် သတ်မှတ်ထားသော စည်းကမ်းသစ်များကို လိုက်နာရမည်ဖြစ်သည်။ ဆိုင်ရာစည်းကမ်းများသည် လိုက်နာကျင့်သုံးရန်ဖြစ်ပြီး စည်းကမ်းမလိုက်နာပါက ဥပဒေအတိုင်း အပြစ်ပေးခံရမည်သာဖြစ်သည်။

လက်ရှိတွင် စည်းကမ်းဖောက်ဖျက်သည့် ယာဉ်များအား နေ့စဉ်မြင်တွေ့ကြားသိနေရသည့်အပြင် ခရီးသွားပြည်သူများအနေဖြင့်လည်း နေ့စဉ်ကြုံတွေ့ခံစားနေကြရသည်။ ယင်းသို့မဖြစ်ပေါ်စေရေးအတွက် စည်းကမ်းများကို ပိုမိုကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်ရမည်သာဖြစ်သည်။ သတ်မှတ်ထားသော ယာဉ်မောင်း၊ ယာဉ်နောက်လိုက်လိုင်စင်မရှိဘဲ ယာဉ်ပြေးဆွဲခြင်း၊ ယာဉ်မောင်းနေစဉ်ယာဉ်တံခါးမပိတ်ခြင်း၊ သတ်မှတ်ထားသောလမ်းကြောင်း၊ သတ်မှတ်ထားသော မှတ်တိုင်တွင်ယာဉ်မရပ်ခြင်း စသည့် အချက်များကို ဖောက်ဖျက်ကျူးလွန်သောကြောင့် အရေးယူမှုရှိခဲ့သည်မှာ လျော်ကန်သင့်မြတ်ပါသည်။

သို့ဖြစ်ရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများသည် အများပြည်သူအကျိုးစီးပွားအတွက် ချမှတ်ထားသော စည်းကမ်းများသာဖြစ်ပါသည်။ ထိုစည်းကမ်းများကို ခရီးသွားများသာမက ပြေးဆွဲနေသောယာဉ်များပါ လိုက်နာခြင်းဖြင့် ပိုမိုကောင်းမွန်သော မြို့ပြစနစ်နှင့် လူမှုဘဝကို ဖန်တီးဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် အများပြည်သူခရီးသွားများ အကျိုးစီးပွားအတွက် ချမှတ်ထားသော စည်ကမ်းဥပဒေများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ကြစေရန် တိုက်တွန်းအပ်ပါသည်။ ။

## ရိုးတွင်းခြင်ဆီ အစားထိုးလဲလှယ်မှုကို မြန်မာသွေးရောဂါကုပညာရှင်များက အောင်မြင်စွာကုသပေးနိုင်ပြီ

**ရန်ကုန် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံ သွေးရောဂါအထူးကု ဆရာဝန်များအနေဖြင့် သွေးရောဂါလူနာများကို နိုင်ငံတကာ အဆင့်အတန်းနှင့်အညီ ကြိုးစားကုသပေးလျက်ရှိပြီး အဆင့်မီ ကုထုံးတစ်ခုဖြစ်သော ရိုးတွင်းခြင်ဆီ အစားထိုးလဲလှယ်မှု(Autologous stem cell transplant) ကိုလည်း မြန်မာနိုင်ငံ သွေးရောဂါ ပညာရှင်များက အောင်မြင်စွာ စတင်ကုသပေးနိုင်ပြီဖြစ်ကြောင်း စက်တင်ဘာ ၁၉ ရက်က ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Hotel ၌ ကျင်းပသော (၅)ကြိမ်မြောက် သွေးရောဂါ ပညာရပ်ဆိုင်ရာညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင်က ပြောသည်။

ကျန်းမာရေး ဝန်ကြီးဌာနသည် သွေးရောဂါဗေဒဆိုင်ရာ ကုထုံးများဖြင့် ပြည်သူလူထုအား ကုသပေးနိုင်ရေးအတွက် သွေးနှင့် သွေးပစ္စည်းများဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပြီး ပိုမိုကျယ်ပြန့်၍ အရည်အသွေးမြင့်မားသော ကျန်းမာရေးဝန်ဆောင်မှုများ ပေးနိုင်ရန် သွေးနှင့် သွေးပစ္စည်းများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ပြဋ္ဌာန်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

ယခုညီလာခံမစမီနှင့် ညီလာခံပြီးဆုံးရက်များတွင်လည်း ရောဂါဗေဒ ဆရာဝန်များ၊ သွေးရောဂါဆရာဝန်များ၊ ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များနှင့် ဓာတ်ခွဲကျွမ်းကျင်သူများ ပူးပေါင်း၍ လက်တွေ့ဓာတ်ခွဲစမ်းသပ်မှုများကို လုပ်ဆောင်ကြမည်ဟု သိရသည့်အတွက် မြန်မာနိုင်ငံသွေးရောဂါပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတကာ စံချိန်စံနှုန်းနှင့် ကုထုံးများ၊ အတွေ့အကြုံများကို လွှဲပြောင်းရရှိနိုင်မည့်အပြင် နိုင်ငံတကာနှင့်ယခုထက်ပို၍ ပူးပေါင်းဆောင်ရွက်နိုင်မည် ဖြစ်သည့်အတွက် များစွာ အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါကြောင်းဖြင့်လည်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

ယင်းနောက် ဆေးကုပွဲဇာတ်ပြခန်းများကို ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာရဲမြတ်ို့က ဖွင့်လှစ်ပေးပြီး ကြည့်ရှုအားပေးကြသည်။

(၅)ကြိမ်မြောက် သွေးရောဂါ ပညာရပ်ဆိုင်ရာ ညီလာခံတွင် မြန်မာနိုင်ငံမှ သွေးရောဂါအထူးကု ဆရာဝန်ကြီးများ၊ အမေရိကန်၊ အင်္ဂလန်၊ သြစတြေးလျ၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်းနှင့် စင်ကာပူနိုင်ငံတို့မှ သွေးရောဂါဗေဒဆိုင်ရာ ဆရာဝန်ကြီးများ၊ ပြည်ပနိုင်ငံများရောက်မြန်မာနိုင်ငံသား သွေးရောဂါ အထူးကု ဆရာဝန်ကြီးများက ပညာရပ်ဆိုင်ရာ တိုးတက်ရေးအတွက် စက်တင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ နှစ်ရက်တာ ဆွေးနွေးဖလှယ်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံ ရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၀**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီနှင့် မြန်မာအမျိုးသားကွန်ဂရက်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၂၁ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၂ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

**(သတင်းစဉ်)**

## မြန်မာလူငယ်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၂၀**

တရုတ်ပြည်သူ့သမ္မတ နိုင်ငံလုံးဆိုင်ရာ လူငယ်အသင်းချုပ်ကြီး၏ ဖိတ်ကြားချက်အရ အဖွဲ့ဝင် ၁၀၀ ပါဝင်သည့် မြန်မာလူငယ် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စက်တင်ဘာ ၂၀ ရက်မှ ၂၅ ရက်အထိ လေ့လာရေးခရီးစဉ်အဖြစ် ယနေ့ညပိုင်းတွင် ထွက်ခွာသွားသည်။

လူငယ်ချစ်ကြည်ရေးခရီးစဉ်ကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီခချန်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်လာရောက်စဉ် အဆိုပြုခဲ့ခြင်းဖြစ်သည်။

မြန်မာလူငယ် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူ ဦးဆောင်ပြီး နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် နေပြည်တော်ကောင်စီတို့မှ လူငယ်ကိုယ်စားလှယ်များ၊ ထူးချွန်အားကစားသမားများ၊ အနုပညာရှင်များ၊ အနုပညာတက္ကသိုလ်နှင့် နိုင်ငံခြားဘာသာတက္ကသိုလ်တို့မှ ကျောင်းသားကျောင်းသူများ၊ နိုင်ငံရေးပါတီများ၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း၊ ပြည်ပရောက် တရုတ်နိုင်ငံသားများအသင်း၊ သတင်းမီဒီယာတို့မှ ကိုယ်စားလှယ်များ လိုက်ပါသွားကြသည်။

မြန်မာလူငယ် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့နှင့် ရှန်ဟိုင်းမြို့များသို့ သွားရောက်မည်ဖြစ်ပြီး တရုတ်ကွန်မြူနစ်ပါတီ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ လူငယ်အသင်းချုပ်ကြီးတို့မှ တာဝန်ရှိသူများ၊ တရုတ်လူငယ်ကိုယ်စားလှယ်များနှင့် တွေ့ဆုံလျက် နှစ်နိုင်ငံလူငယ်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှု တိုးမြှင့်သွားနိုင်ရေးအတွက် ဆွေးနွေးပွဲများ၊ လေ့လာရေးအစီအစဉ်များ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာလူငယ် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**



## အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်

**နေပြည်တော် စက်တင်ဘာ ၂၀**

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက မွန်ပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး နေပြည်တော်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ဧရာဝတီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ တမူးမြို့တွင် ၅ ဒသမ ၅၅ လက်မ၊ ဟုမ္မလင်းမြို့တွင် ၄ ဒသမ ၉၅ လက်မ၊ မောင်တောမြို့တွင် ၄ ဒသမ ၉၂ လက်မ၊ စစ်တွေမြို့တွင် ၃ ဒသမ ၉၀ လက်မ၊ ကျောက်တော်မြို့တွင် ၃ ဒသမ ၀၃ လက်မနှင့် ပလက်ဝမြို့တွင် ၂ ဒသမ ၂၄ လက်မတို့ ဖြစ်ကြသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

ပြည်တွင်းရေးရာ

# မန္တလေးမြို့၌ သံဃာအပါး ၁၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



စက်တင်ဘာ ၂၀ ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ သုဓမ္မာဇရပ်များအနီးတွင် ကျင်းပသော မြန်မာ-ထိုင်း ပူးပေါင်း၍ သံဃာအပါး ၁၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မြင်ကွင်း။ (ဓာတ်ပုံ-ပွဲတော်ကျင်းပရေးကော်မတီ)

**နေပြည်တော် စက်တင်ဘာ ၂၀**

“မြန်မာ မြန်မာ စေတနာကောင်းတဲ့မြန်မာ”၊ “မြန်မာ မြန်မာ သန့်ရှင်းတဲ့ မြန်မာ”၊ “မြန်မာ မြန်မာ ချစ်စရာကောင်းတဲ့မြန်မာ” ဟု ပြောဆိုနေကြသည့် နိဗ္ဗာန်ဆော်တို့၏အသံများသည် မန္တလေးကျုံးဘေးပတ်လည်နှင့် သုဓမ္မာဇရပ်နေရာများတွင် ပဲ့တင်ထပ်လျက်ရှိသည်။

ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းအမျိုးမျိုးကို စေတနာသုံးတန်ဖြင့် လှူဒါန်းရန် စောင့်ဆိုင်းနေကြသည့် မြန်မာ အလှူရှင်များနှင့် ထိုင်းနိုင်ငံမှလာရောက်လှူဒါန်းကြသည့် အလှူရှင်များ ပျားပန်းခပ်မျှ စည်ကားနေသည်။

အဆိုပါ အခမ်းအနားမှာ မြန်မာ-ထိုင်း ပူးပေါင်း၍ သံဃာတော်အပါး ၁၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲဖြစ်ပြီး ယင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်(၁၂) လမ်းနှင့် (၆၆) လမ်းထောင့် မန္တလေးတောင်ခြေ၊ သုဓမ္မာဇရပ်များနှင့် ကျုံးအရှေ့မြောက်ထောင့်တွင် စည်ကားသိုက်မြိုက်စွာကျင်းပနေခြင်းဖြစ်သည်။

ယင်းအခမ်းအနားသို့ ပုသိမ်ကြီးမြို့နယ် အတုလမဟာမြကျောက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ ခေမာစာရ အမှူးပြုသော သံဃာတော်များနှင့် ထိုင်းနိုင်ငံ ဓမ္မကာယကျောင်းတိုက် လက်ထောက်ဆရာတော် ဖရာဘာဝနာ ဓမ္မဝိထက်နှင့် သံဃာတော်များ ကြွရောက်ချီးမြှင့်ကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးဝန်ကြီးနှင့် မြန်မာ-ထိုင်း နှစ်နိုင်ငံမှ ဗုဒ္ဓဘာသာဝင် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဆရာတော်ကြီးများနှင့် သံဃာတော်များထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များအား အလှူရှင်များက ဆေးဝါးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြရာ ဆရာတော်ကြီးများကလည်း မြန်မာ-ထိုင်း နှစ်ဘာသာဖြင့် တရားတော်များ ချီးမြှင့်ရာ ဧည့်ပရိသတ်များက နာယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်များနှင့် သံဃာတော်များသည် ဆွမ်းဆန်စိမ်း အလှူခံရန် ကြွရောက်ကြရာ နှစ်နိုင်ငံ အလှူရှင်များက ဆန်၊ ဆီ၊ ဆေးဝါး၊ ဝတ္ထုငွေနှင့် ရဟန်းအသုံးအဆောင်များကို လောင်းလှူကြသည်။

အဆိုပါ သံဃာတော်အပါး ၁၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မြန်မာသံဃာတော် အပါး ၉၉၀၀၊ ထိုင်းသံဃာတော် အပါး ၁၀၀ တို့ ကြွရောက်အလှူခံတော်မူကြသည်။

ယင်းအခမ်းအနားကို ဗုဒ္ဓဘာသာ သာသနာတော်ကြီး ပို၍တည်တံ့ခိုင်မြဲပြန့်ပွားစေရေး၊ နှစ်နိုင်ငံရင်းနှီးချစ်ခင်မှု ပိုမိုတိုးပွားလာစေရေးနှင့် ဗုဒ္ဓဘာသာဓလေ့ထုံးစံများ မပျောက်ပျက်စေရေးတို့အတွက် မြန်မာနိုင်ငံ အတုလမဟာ မြကျောက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမာစာရ အမှူးပြုသည့် သံဃာတော်များ၊ ဗုဒ္ဓဘာသာဝင် သူတော်စင်များနှင့် ထိုင်းနိုင်ငံ ဓမ္မကာယကျောင်းတိုက် ဆရာတော်ကြီး ဓမ္မချိုင်ယို အမှူးပြုသည့် သံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင်များ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားမကျင်းပမီ ဆရာတော်၊ သံဃာတော်အပါး ၁၀၀၀၀ ဆွမ်းဆန်စိမ်း အလှူတော်ခံရန် ကြွရောက်တော်မူသည့် မြင်ကွင်းကိုကြည့်ရှုပြီး “ယနေ့ ကမ္ဘာမှာ ဗုဒ္ဓဘာသာဟာ အလွန်ပြန့်ပွားစည်ပင်ထွန်းကားနေပြီ ဖြစ်တယ်။ အနောက်တိုင်းက တော်တော်များများလည်း လက်ခံလာတာကိုတွေ့ရတယ်။ အခုနောက်ပိုင်းမှာဆိုရင် တရားဟော၊ တရားပြဆရာတော် သံဃာတော်များကလည်း တော်တော်များလာတယ်။ ဒါဟာသာသနာတော်ထွန်းလင်းတောက်ပလာတာပါပဲ” ဟု အခမ်းအနားသို့ကြွရောက်တော်မူသည့် ဆရာတော်တစ်ပါးက မိန့်ကြားသည်။

**သတင်း-ညီညီထွန်းနှင့်အဖွဲ့**

**❖ကျောဖုံးမှ**

သက်တမ်းနုနယ်သေးပေမယ့် ဆုတံဆိပ်ရရှိအောင်ကြိုးစားသွားဖို့ရှိပါတယ်။ ဒီအားကစားနည်းက မြန်မာနိုင်ငံနဲ့ စိမ်းတယ်လို့တော့ ပြောလို့ မရပါဘူး။ သူက နပန်းနဲ့ ဆင်တယ်။ ရခိုင်ရိုးရာအားကစားနည်းဖြစ်တဲ့ ကျင်ကိုင်ပွဲနဲ့လည်း ဆင်ပါတယ်။ ဒီအားကစားနည်းကို အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ ထည့်သွင်းကျင်းပနိုင်ဖို့ ကြိုးစားသွားမှာပါ။ အာဆီယံနိုင်ငံတွေမှာလည်းခြောက်နိုင်ငံ၊ ခုနစ်နိုင်ငံလောက်မှာ ကစားနေကြပါပြီ” ဟု မြန်မာနိုင်ငံရှီရွမ်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်အောင်က ပြောသည်။




ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်း သရုပ်ပြပွဲနှင့်အတူ ရခိုင်ရိုးရာ ကျင်ပြိုင်ပွဲ၊ ကိုရီးယားတို့၏ ရှီရွမ်ပြိုင်ပွဲ သရုပ်ပြပွဲများကိုလည်း ထည့်သွင်းကျင်းပခဲ့သည်။

ရှီရွမ်အားကစားနည်းသည် ကိုရီးယားအမျိုးသားယဉ်ကျေးမှုအနေဖြင့် ကိုရီးယားနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့်တည်ရှိလျက်ရှိပြီး အမျိုးသားနေ့နှင့် အများပြည်သူရုံးပိတ်ရက်များတွင် ကျင်းပလေ့ရှိသည်ဟု သိရသည်။ အားကစားပြိုင်ပွဲ ဆုရရှိသော ကစားသမားများကို နွားရုပ်တု ဆုချီးမြှင့်ပြီး နွားရုပ်သည် လယ်ယာစိုက်ပျိုးမွေးမြူရေးကို တိုးတက်စေရန် အထိမ်းအမှတ်အနေဖြင့် အမှတ်တရဆုပေးခြင်းဖြစ်ကြောင်း သိရသည်။ ဂျပန်ဆူမိုနပန်းနှင့် မတူညီဘဲ အားကစားသမားနှစ်ယောက်မှ ခါးပတ်ကွင်း (Satba) ကို အသုံးပြုပြီး ပြိုင်ဘက်အား မြေပေါ်သို့လဲကျအောင် လှဲချရသော ကစားနည်းတစ်ခုဖြစ်သည်။အားကစားနည်း၏ အနိုင်အရှုံးသတ်မှတ်မှုစည်းကမ်းမှာ လွယ်ကူရိုးရှင်းပြီး အခြားသော ကိုယ်ခံပညာရပ်များကဲ့သို့ ပြိုင်ဘက်အား ထိခိုက်နာကျင်မှုမရှိစေသော ကစားနည်းဖြစ်သည်။ အဆိုပါအားကစားနည်းကို အာရှနိုင်ငံပေါင်း ၁၈ နိုင်ငံ၊ ဥရောပနိုင်ငံပေါင်း ၁၆ နိုင်ငံ၊ အမေရိကတွင် ဘရာဇီးနှင့် အာဂျင်တီးနား၊ အာဖရိကတွင် ဂါနာ၊ တွန်ဂို၊ ဘီနင်၊ သမုဒ္ဒရာပိုင်းဇုန်တွင် ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့တွင် ပါဝင်ကစားနေကြပြီဖြစ်ကြောင်း သိရသည်။

လက်ရှိ ကျင်းပနေသည့် ရှီရွမ်အားကစားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၁၈ နိုင်ငံမှ အားကစားသမားပေါင်း ၁၁၃ ဦး၊ နည်းပြနှင့် အုပ်ချုပ်သူ ၄၁ ဦး ပါဝင်မည်ဟု သိရသည်။ ယခု ပြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင်သော နိုင်ငံများမှာ ဂျော်ဂျီယာ၊ ဖင်လန်၊ အက်စတိုးနီးယား၊ နယ်သာလန်၊ ဂါနာ၊ မွန်ဂိုလီးယား၊ ဥဇဘက်ကစ္စတန်၊ ကမ္ဘောဒီးယား၊ မြန်မာ၊ ကိုရီးယား၊ အိန္ဒိယ၊ လာအို၊ ဂျပန်၊ ဗီယက်နမ်၊ မလေးရှား၊ တရုတ်၊ အီရန်၊ ယူကရိန်းနိုင်ငံတို့ ဖြစ်ကြောင်း သိရသည်။

**(ဝဝ၁)**

## အနူးအညွတ် တောင်းပန်အပ်ပါသည်

စက်တင်ဘာလ ၂၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၃) တွင် ဖော်ပြပါရှိသည့် “မိတ္ထီလာမြို့ ဓမ္မသုခကန်ဦးရွှေစည်းခုံစေတီတော် ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကြိုဆိုနေသည့်ဒေသခံတို့၏ အပြုံးမျက်နှာများ”ပုံမှာ ဦးရဲထွဋ်၏ ဖေ့စ်ဘွတ်မှ ယူ၍အသုံးပြုထားခြင်းဖြစ်ပါသည်။

သို့ရာတွင် ဓာတ်ပုံအား Credit ပေးရန် ကျန်ရှိသွားသည့်အတွက် ဦးရဲထွဋ်နှင့်စာဖတ်ပရိသတ်များအား အနူးအညွတ် တောင်းပန်အပ်ပါသည်။

**စာတည်းမှူးချုပ်၊ ကြေးမုံသတင်းစာတိုက်**

# ရွှေ့ပြောင်းဒုက္ခသည်များ ထောက်ပံ့ရေးအတွက် ပါဝင်လာသည့် ဥရောပဘောလုံးအသင်းများ




**ဘာစီလိုနာ စက်တင်ဘာ ၂၀**

ဥရောပတိုက်ရှိ ဘောလုံးအသင်းများနှင့် အမေရိကန်ပြည်ထောင်စုရှိ ဘောလုံးအသင်းများက ဥရောပသို့ ဝင်ရောက်လာသည့် ရွှေ့ပြောင်းဒုက္ခသည်များအတွက် ရန်ပုံငွေထူထောင်ထောက်ပံ့ရေးနှင့် အခြားသော ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လာကြပြီဖြစ်သည်။

စပိန်နိုင်ငံ၏ နာမည်ကြီးဘောလုံးအသင်းဖြစ်သည့် ဘာစီလိုနာဘောလုံးအသင်းက ဥရောပတွင် ရင်ဆိုင်နေရသည့် ရွှေ့ပြောင်းဒုက္ခသည်များပြဿနာသည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း အဆိုးရွားဆုံးသော ပြဿနာဖြစ်သည်ဟု ဆိုသည်။ ဘာစီလိုနာဘောလုံးအသင်းက အလှူငွေများကို ၎င်း၏ ဝက်ဘ်ဆိုက်နှင့် ဘောလုံးကွင်းတွင် ဇန်နဝါရီလအထိ လက်ခံသွားမည်ဟု ပြောကြားသည်။

အီတလီစီးရီးအေ နာမည်ကြီး ရိုးမားဘောလုံးအသင်းသည်လည်း ရွှေ့ပြောင်းဒုက္ခသည်များကို ထောက်ပံ့ရန် လွန်ခဲ့သည့်လက ရန်ပုံငွေတစ်ရပ် ထူထောင်ခဲ့သည်။ ရိုးမားအသင်းသည့် အခြားအီတလီဘောလုံးအသင်းများ၊ အမေရိကန်ဘောလုံးအသင်းများနှင့် ပူးပေါင်း၍ ရန်ပုံငွေများတိုးတက်ရရှိအောင် ဆောင်ရွက်လျက်ရှိသည်။

ဂျာမနီနှင့် စပိန်ရှိ အခြားသောဘောလုံးအသင်းများကလည်း ရန်ပုံငွေများ ထူထောင်ရန် ကြိုးပမ်းလျက်ရှိသည်။ ဟန်ဂေရီနယ်စပ်တွင် ဟန်ဂေရီရဲများနှင့် ရွှေ့ပြောင်းဒုက္ခသည်များ ရုန်းရင်းဆန်ခတ်ဖြစ်ပွားစဉ် ဟန်ဂေရီအမျိုးသမီး ဓာတ်ပုံသတင်းထောက်တစ်ဦး၏ ခြေကန့်လန့်ထိုးလိုက်မှုကြောင့် လဲကျသွားသည့် ဆီးရီးယားရွှေ့ပြောင်းဒုက္ခသည်တစ်ဦးကို စပိန်နိုင်ငံရှိ ဘောလုံးသင်တန်းကျောင်းတစ်ကျောင်းက အလုပ်အကိုင်ပေးရန် ကမ်းလှမ်းထားသည်။

**အင်န်အိတ်ချ်ကေ။**

## ပိုင်နက်နယ်မြေ အငြင်းပွားကျွန်းများအရေး ဂျပန်နှင့်ရုရှား တွေ့ဆုံဆွေးနွေးမည်

**တိုကျို စက်တင်ဘာ ၂၀**

ဂျပန်နှင့်ရုရှားနိုင်ငံတို့သည် ပိုင်နက်နယ်မြေ အငြင်းပွားနေသည့် ကျွန်းများအရေးနှင့်ပတ်သက်၍ ယခုရက်သတ္တပတ်တွင် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံခြားရေး ဝန်ကြီး ဖူမိယို ကိရှိဒသည် ပိုင်နက်နယ်မြေအငြင်းပွားနေသည့် ကျွန်းများအရေးနှင့် ပတ်သက်၍ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

နှစ်နိုင်ငံစလုံးက ပိုင်ဆိုင်သည်ဟု အပြိုင်အဆိုင်ကြေညာထားသော ကျွန်းတစ်ကျွန်းတည်ရာသို့ ရုရှားဝန်ကြီးချုပ် ဒီမီထရီ မက်ဗီဒက်ဗ် မကြာမီက သွားရောက်ခဲ့ပြီးနောက် အငြင်းပွားနေသည့် ကျွန်းများအရေးနှင့် ပတ်သက်၍ ဆွေးနွေးမည်ဖြစ်သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကိရှိဒသည် ရုရှားနိုင်ငံမြို့တော် မော်စကို၌ စက်တင်ဘာ ၂၁ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံပိုင်နက် နယ်မြေ အငြင်းပွားနေသော ကျွန်းစုလေးခု ကိစ္စပါဝင်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ရုရှားက တောင်ပိုင်းကူရိုင်းကျွန်းစုဟု ခေါ်တွင်ပြီး ဂျပန်နိုင်ငံက မြောက်ပိုင်းပိုင်နက်နယ်မြေဟု ခေါ်တွင်သော နယ်မြေဒေသရှိ ကျွန်းတစ်ကျွန်းသို့ လွန်ခဲ့သည့်လက ရုရှားဝန်ကြီးချုပ် သွားရောက်ခဲ့ခြင်းနှင့်ပတ်သက်၍ ဂျပန်အစိုးရအဖွဲ့က ကန့်ကွက်ခဲ့သည်။ **ရိုက်တာ။**



## တောင်ကိုရီးယားပြည်သူများက တောင်ကိုရီးယား-ဂျပန် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ် (၅၀) ပြည့် ဂုဏ်ပြုလမ်းလျှောက်

**ဆိုးလ် စက်တင်ဘာ ၂၀**

နှစ် (၅၀) မြောက် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့၏ သံတမန်ဆက်ဆံရေးကို ဂုဏ်ပြုသည့်အနေဖြင့် တောင်ကိုရီးယားပြည်သူများက ကိုရီးယားကျွန်းဆွယ်နှင့် ဂျပန်နိုင်ငံဆိုင်ရာ သံတမန်များ၏ သမိုင်းဝင်ရှေးဟောင်းဝတ်စုံများကို ဝတ်ဆင်ကာ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်ရှိ လမ်းများပေါ်တွင် ချီတက်လမ်းလျှောက်ခဲ့ကြသည်။

ရှေးဟောင်းတောင်ကိုရီးယား သံတမန်ဝတ်စုံများ ဝတ်ဆင်ပြီး ချီတက်လမ်းလျှောက်ဂုဏ်ပြုခြင်းကို ၂၀၀၅ ခုနှစ်တွင် စတင်ခဲ့ကြသည်။

စက်တင်ဘာ ၂၀ ရက်တွင် ပြည်သူများက ဆိုးလ်မြို့တော်၏ ရင်ပြင်တစ်ခုမှစတင်ပြီး မြို့တော်ရှိလမ်းများသို့ ချီတက်ဂုဏ်ပြုခဲ့ကြသည်။ ထိုသို့ ဂုဏ်ပြုလမ်းလျှောက်ချီတက်ခြင်းသည် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်သည်။

နှစ်နိုင်ငံမှ ပြည်သူများက နှစ်ရက်ကြာ လမ်းလျှောက်ဂုဏ်ပြုချီတက်ပွဲသို့ ပါဝင်ဆင်နွှဲခဲ့ကြပြီး ဂုဏ်ပြုလမ်းလျှောက်သူများအား တေးသီချင်းများသီဆိုဖျော်ဖြေပေးနေသည့် ဂျပန်ကျောင်းသား ကျောင်းသူများက လက်ခုပ်သြဘာများ ပေးခဲ့ကြသည်။

ယင်းသို့ နှစ်နိုင်ငံဆက်ဆံရေးကို ဂုဏ်ပြုသည့်အနေဖြင့် လမ်းလျှောက်ချီတက်ခြင်းသည် နောင်နှစ်ပေါင်းများစွာတိုင် တည်ရှိနေဦးမည်ဟု ပါဝင်ဆင်နွှဲသူများထဲမှ တောင်ကိုရီးယားနိုင်ငံသူ ကောလိပ်ကျောင်းသူတစ်ဦးက ဆိုသည်။

၁၇ ရာစုနှင့် ၁၉ ရာစုကြားကာလက ကိုရီးယားသံတမန်အဖွဲ့ကို ဂျပန်နိုင်ငံသို့ စေလွှတ်ခဲ့သည်။ **ဆင်ဟွာ။**

## တရားမဝင် ရွှေ့ပြောင်းနေထိုင်မှု တားဆီးနိုင်ရေး အာဖဂန်စီးပွားရေးကို မြှင့်တင်မည်ဟုဆို

**ကဘူး စက်တင်ဘာ ၂၀**

စီးပွားရေးကျပ်တည်းမှုကြောင့် မိမိ၏နိုင်ငံသားများ ပြည်ပသို့ အလုံးအရင်းဖြင့် တရားမဝင်ပြောင်းရွှေ့အခြေစိုက်နေထိုင်ခြင်းမှ တားဆီးကာကွယ်နိုင်ရန် စီးပွားရေးပြန်လည်တိုးတက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း အာဖဂန်သမ္မတ အာရှတ်ဂါနီက စက်တင်ဘာ ၁၉ ရက်တွင် ပြောကြားလိုက်သည်။

အာဖဂန်နိုင်ငံသား အများအပြားသည် စီးပွားရေးကျဆင်းနေသော နိုင်ငံကိုစွန့်ခွာကာ စက်မှုဖွံ့ဖြိုးပြီး ဥရောပ နှင့် အခြားသော ကမ္ဘာ့နိုင်ငံများသို့ ပြောင်းရွှေ့အခြေစိုက်နေထိုင်လျက်ရှိကြသည်။ ဂရိ၊ ဘော်လကန်ဒေသ၊ သြစတြေးလျစသည့် ကမ္ဘာ့နိုင်ငံများသို့ ရောက်ရှိနေကြသည့် တရားမဝင် ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူ အာဖဂန်နိုင်ငံသားများသည် ဘေးဒုက္ခများ ရောက်ရှိနေသည်ဟု မိမိသိရှိရကြောင်း ဂါနီက တိုလိုရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။

ဥရောပ၌ ခိုလှုံခွင့်ရရှိရန် ကြိုးပမ်းနေကြသူများအနက် ဆီးရီးယားနိုင်ငံသားများပြီးလျှင် အာဖဂန်နစ္စတန်နိုင်ငံသားများသည် အရေအတွက် အများဆုံးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ယခုနှစ်စမှစ၍ အာဖဂန်လူမျိုး ၅၀၀၀၀ ကျော်သည် တရားမဝင်အခြေစိုက်နေထိုင်ရန် ရွှေ့ပြောင်းထွက်ခွာ သွားခဲ့ကြကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောကြားသည်။

၂၀၀၁ ခုနှစ်တွင် တာလီဘန်အစိုးရအဖွဲ့ ဖြုတ်ချခံခဲ့ရပြီးချိန်မှစ၍ အာဖဂန်နစ္စတန်နိုင်ငံတွင် စစ်ရေးပဋိပက္ခဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ ပြည်တွင်း မငြိမ်မသက်မှု၊ စီးပွားရေးကျဆင်းမှု စသည့် အကြောင်းတရားများကြောင့် အာဖဂန်နိုင်ငံသားများသည် ပြည်ပ၌ ခိုလှုံနိုင်ရေးအတွက် နိုင်ငံကို စွန့်ခွာလျက်ရှိကြသည်။ **ရိုက်တာ။**

# ဂါဇာဒေသမှ ဟားမားစ် စစ်သွေးကြွစခန်းများကို အစ္စရေးလေတပ် တိုက်ခိုက်

**ဂါဇာ စက်တင်ဘာ ၂၀**

အစ္စရေးနိုင်ငံ တောင်ပိုင်းဒေသသို့ ဂါဇာဒေသမှ ဟားမားစ်စစ်သွေးကြွများက ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုပြုလုပ်ခဲ့ပြီးနောက် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် အစ္စရေးလေတပ်မှ စစ်လေယာဉ်များက ပါလက်စတိုင်းပစ်မှတ်များကို လေကြောင်းမှတိုက်ခိုက်ခဲ့ကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

အစ္စရေးလေတပ် စစ်လေယာဉ်များသည် စက်တင်ဘာ ၂၀ရက် နံနက်အစောပိုင်းတွင် ဂါဇာကမ်းမြောင်ဒေသရှိ ဟားမားစ်အဖွဲ့၏ လေ့ကျင့်ရေးစခန်းနှစ်ခုကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရသူမရှိကြောင်း တာဝန်ရှိသူများနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဂါဇာဒေသမှ ဟားမားစ် စစ်သွေးကြွများသည် စက်တင်ဘာ ၁၈ ရက်က အစ္စရေးနိုင်ငံအတွင်းသို့ ဒုံးကျည်နှစ်စင်းထက်မနည်းပစ်ခတ်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

ဟားမားစ်အဖွဲ့က ပစ်လွှတ်သည့် ဒုံးကျည်တစ်စင်းသည် အစ္စရေးနိုင်ငံ နယ်စပ်မြို့ အက်စ်ဒရော့၌ ခရီးသည်တင် ဘတ်စ်ကားတစ်စင်းကို ထိမှန်ပျက်စီးခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရသူမရှိကြောင်း၊ ဒုတိယဒုံးကျည်တစ်စင်းကိုမူ အစ္စရေး ဒုံးကျည်ကာကွယ်ရေးစနစ်က ကြားဖြတ်ဟန့်တား ဖျက်ဆီးနိုင်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

အစ္စရေးနိုင်ငံသို့ ပစ်ခတ်ခဲ့သည့် ပထမဒုံးကျည်နှင့် ပတ်သက်၍ အိုင်အက်စ်အဖွဲ့အား ထောက်ခံအားပေးသည့် ပါလက်စတိုင်း စစ်သွေးကြွအဖွဲ့က ၎င်းတို့ပစ်ခတ်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားသော်လည်း ဒုတိယမြောက် ဒုံးကျည်နှင့် ပတ်သက်၍ တာဝန်ရှိသည်ဟု ထုတ်ဖော်ပြောကြားသည့် အဖွဲ့အစည်းမရှိကြောင်း သတင်းတွင်ဖော်ပြသည်။

**ရိုက်တာ။**



# စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်ခြင်းသည် စစ်သည်မိသားစုများ၏ စားသောက်ရေး၊ သက်သာချောင်ချိရေးအတွက်ဖြစ်ပြီး ဒေသတွင်းကုန်ဈေးနှုန်းတည်ငြိမ်မှုကိုလည်း အထောက်အကူပြု



**နေပြည်တော်　စက်တင်ဘာ ၂၀**

တပ်များတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆောင်ရွက်ခြင်းသည် စစ်သည်မိသားစုများ၏ စားသောက်ရေး အဆင်ပြေစေရေးနှင့် သက်သာချောင်ချိရေးတို့အတွက် ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း ဒေသတွင်းကုန်ဈေးနှုန်း တည်ငြိမ်မှုကို အထောက်အကူပြုရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်တင်ဘာ ၁၉ ရက် ညနေပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ဧက(၅၀)မွေးမြူရေးဇုန်သို့ တပ်မတော်အရာရှိကြီးများ ရောက်ရှိလေ့လာစဉ် ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်ဝင်းသိန်းက စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဧက(၅၀) မွေးမြူရေးဇုန်အတွင်း ဥစားကြက်၊ အသားတိုးကြက်၊ ဒေသကြက်၊ DYL အသားတိုးဝက်၊ ဒေသဝက်၊ ဥစားဘဲ၊ ဒေသနွား၊ နို့စားနွား၊ ဘရာမင်နွား၊ ထိန်စမ်းဆိတ်နှင့် ငါးမွေးမြူရေးဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများနှင့် အသား၊ ငါးထုတ်လုပ်နိုင်မှု အခြေအနေ၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ၊ မိသားစုများအား ရောင်းချပေးနိုင်မှုအခြေအနေနှင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်မှုအခြေအနေများအား Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာ၌ တပ်မတော်တစ်ရပ်လုံးတွင်တိုင်း၊ တပ်မအလိုက်၊ တပ်အလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ ယင်းစိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များအား အမြတ်ယူရောင်းချခြင်း မဟုတ်သည့်အတွက် ပြင်ပထက်ဈေးနှုန်းပိုမိုသက်သာကြောင်း၊ ၂၀၁၅ ခုနှစ် မေလမှ ဩဂုတ်လအတွင်း တပ်ရင်း/တပ်ဖွဲ့များမှ ကြက်ဥအလုံးပေါင်း ၁၇ သန်းကျော်ထုတ်လုပ်၍ မိသားစုများအား ရောင်းချပေးနိုင်ခဲ့ကြောင်း၊ ပြင်ပမှ ဒေသခံပြည်သူများအနေဖြင့် ကြက်ဥ ၁၇ သန်းကျော်ကို ဈေးကွက်တွင် ယှဉ်ဝယ်ရန်မလိုဘဲ အတိုင်းအတာတစ်ခုအနေဖြင့် ဝယ်လိုအားကို လျှော့ချနိုင်ကြောင်း၊ ယင်းကြက်ဥ ၁၇ သန်းကို ပြင်ပမှ ဝယ်ယူရမည်ဆိုပါက ဝယ်လိုအားပိုများလာမည်ဖြစ်ပြီး အတိုင်းအတာတစ်ခုအထိ ဈေးနှုန်းကြီးမြင့်လာမည်ဖြစ်ကြောင်း၊ ဈေးကွက်၏သဘောသည် Demand များပြီး Supply နည်းပါက ကုန်ဈေးနှုန်းကြီးရန်ဖြစ်ပေါ်စေသည့် အကြောင်းတစ်ရပ်ဖြစ်၍ တပ်မတော်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသည် ဒေသတွင်းကုန်ဈေးနှုန်း တည်ငြိမ်မှုကို အထောက်အပံ့ဖြစ်စေကြောင်း၊ တပ်များတွင် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်မှုကို အမှန်တကယ် အကျိုးရှိအောင် မိသားစုများ စားသောက်ရေးတွင် အထောက်အကူဖြစ်အောင် ဆောင်ရွက်ရန်၊ မိသားစုများ၏ စားရေးကို ဂရုစိုက်ပြီး အဆင်ပြေအောင် ဆောင်ရွက်ပေးရန်၊ မိမိတို့၏ ရဲဘော်များ၊ မိသားစုများအဆင့်နှင့် လျော်ညီစွာ၊ သင့်တင့်လျောက်ပတ်စွာ စားသောက်နိုင်ရန် လုပ်ဆောင်ပေးရန် လိုကြောင်း။

မွေးမြူရေးတွင် လှောင်မွေးခြင်း၊ လှန်ကျောင်းမွေးခြင်းနှင့် လွှတ်မွေးခြင်းဟူ၍ ရှိရာ စနစ်တကျ လှောင်မွေးသည့်စနစ်ဖြင့် အောင်မြင်အောင် မွေးမြူရန်၊ ထိုသို့ မတတ်နိုင်ပါက လှန်ကျောင်းမွေးသည့်စနစ်ဖြင့် မွေးရန်လိုကြောင်း၊ တပ်များတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် အောင်မြင်အောင် စေတနာထားလုပ်ဆောင်ကြရန်၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ပိုလျှံသည်ကို ဒေသတွင်းရှိ ပြည်သူများအတွက် ရောင်းချနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧက(၅၀) မွေးမြူရေးဇုန်အတွင်းရှိ ဥစားကြက်မွေးမြူထားရှိမှု**(အပေါ်ပုံ)**နှင့် နို့စားနွားမွေးမြူထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုလေ့လာကြသည်။

၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ရေဆင်းနယ်မြေအတွင်းရှိ ဒေသခံပြည်သူလူထုအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ရာ စုစုပေါင်း ငွေကျပ် ၄၆၉၄၂၉၄၁ သက်သာမှုရှိခဲ့ကြောင်း သိရသည်။

တပ်မတော်မိသားစုများကို ရောင်းချသည့်ဈေးနှုန်းများအတိုင်း အခြေခံစားကုန် ၁၂ မျိုး၊ လူသုံးကုန်၊ စားသောက်ကုန်များ၊ ဟင်းသီးဟင်းရွက်၊ နို့ထွက်ပစ္စည်းနှင့် အသားငါးများအား တပ်မတော်ဈေးကားဖြင့် ဇေယျာသီရိမြို့နယ် ရေဆင်းနယ်မြေအတွင်းရှိ စိုက်ပျိုးရေးတက္ကသိုလ်၊ သစ်တောတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်များ အပါအဝင် ဒေသခံပြည်သူလူထုအား နေ့စဉ် ငွေကျပ်သိန်း ၂၀ တန်ဖိုးခန့် ရောင်းချပေးလျက်ရှိသည်။

တိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် စနစ်တကျဆောင်ရွက်လျက်ရှိရာ တပ်မတော်တစ်ရပ်လုံးအနေဖြင့် ၂၀၁၅ ခုနှစ် မေလမှ ဩဂုတ်လအထိ စစ်သည် မိသားစုများအား သက်သာသောဈေးနှုန်းဖြင့် အသားထုတ်လုပ်ရောင်းချပေးနိုင်မှုမှာ ကြက်သား ၃၆၄၄၅၇ ပိဿာ၊ ဝက်သား ၁၈၁၂၉၄ ပိဿာ၊ အမဲသား ၄၃၈၀၆ ပိဿာ၊ ဆိတ်သား ၁၆၃၇၄ ပိဿာ၊ ငါး ၂၁၁၉၈၂ ပိဿာ၊ ကြက်ဥအလုံး ၁၇၇၄၀၆၈၀ နှင့် ဘဲဥ ၃၃၇၁၃၆ လုံးဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



**အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အခမ်းအနား ကျင်းပစဉ်။** (Photo-MPC facebook)

# အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အခမ်းအနား ကျင်းပ

**ရန်ကုန်　စက်တင်ဘာ ၂၀**

အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)၌ ကျင်းပသည်။

အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) နှင့်အတူ ကုလသမဂ္ဂအဖွဲ့ချုပ် (UN) တို့ ပူးပေါင်းကျင်းပခြင်း ဖြစ်သည်။

အဆိုပါ အခမ်းအနား၌ အဖွင့်နှုတ်ခွန်းဆက်စကားကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် တိုင်းရင်းသားလက်နက်ကိုင် အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ဝင် ဒေါ်စောမြရာဇာလင်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြသည်။

MPC တွင်ပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အခမ်းအနားသို့ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း ပေးပို့သောသဝဏ်လွှာကို Ms. Renata Dessallien (UN Resident & Humanitarian Coordinator,Myanmar) က ဖတ်ကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) ၊ရန်ကုန်မြို့အခြေစိုက် နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

**❒ အပစ်ရပ်စာချုပ်မှ**

ပုံစံမျိုးစုံဖြင့် မကြာခဏ တွေ့ဆုံ၊ ရှင်းပြ ဆွေးနွေးခဲ့ပါကြောင်း၊ ယခုလည်းCSO များကို အလေးထားပြီး ရှင်းပြလိုသည့်အတွက် ဖိတ်ကြားရခြင်းဖြစ်ပါကြောင်း၊ NCA စာချုပ်အရ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ကို စာချုပ်လက်မှတ်ထိုးအပြီး ရက်ပေါင်း ၆၀ အတွင်း ရေးဆွဲရမည်ဖြစ်ပြီး ရက်ပေါင်း ၉၀ အတွင်း နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ရမည်ဖြစ်ပါကြောင်း။

မူဘောင်ရေးဆွဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် အစိုးရပိုင်း မဟုတ်ဘဲ အားလုံးနှင့်သက်ဆိုင်သည့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည့်ဖြစ်စဉ် အဖြစ် CSOများကို တင်ပြလိုပါကြောင်း၊ NCA ထိုးပြီး နောက် ၁၄ ရက်အတွင်း JICM ခေါ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ခေါ်ယူရမည်ဖြစ်ပြီး နောက်ထပ် ၁၅ ရက်အတွင်း UPDJC ဟုခေါ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုပူးတွဲကော်မတီကို ဖွဲ့စည်းရမည် ဖြစ်ပါကြောင်း၊ မိမိတို့ အနေဖြင့် NCA သဘောတူညီချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံကြီးကို ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲကြီးက ညှိနှိုင်းဆွေးနွေးဆုံးဖြတ်နိုင်ရန် NCA ကို လက်မှတ်ရေးထိုးရန် လိုအပ်ပြီး CSOများဘက်ကလည်း ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးတွင် ဝိုင်းဝန်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အရေးပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးကို အကောင်အထည်ဖော်ရာတွင် အစိုးရတစ်ရပ်တည်းဖြင့် ဆောင်ရွက်၍ မရဘဲ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းမှုသည် အရေးပါကြောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏တည်ရှိမှုကို အသိအမှတ်ပြုပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန (MPC)မှ NCAစာချုပ် လက်မှတ်ရေးထိုးပြီးနောက် ဆက်လက် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို စက်တင်ဘာ ၁၁ ရက်တွင် သတင်းမီဒီယာများနှင့် စက်တင်ဘာ ၁၄ ရက်တွင် နိုင်ငံရေးပါတီများအား ရှင်းလင်းအသိပေးခဲ့သည်။ **သတင်း - မြတ်သန္တာမောင်၊ ဓာတ်ပုံ - MNA**

# ဖိုရမ်တက်ရောက်ရန် ထွက်ခွာ

**ရန်ကုန်　စက်တင်ဘာ ၂၀**

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ တောင်အာရှအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ်၏ဖိတ်ကြားမှုဖြင့် စက်တင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် “Advancing Women’s Enterpreneurship in South Asia ” ဖိုရမ်သို့ တက်ရောက်ရန် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ ဥက္ကဋ္ဌ ဒေါ်လှဝတီနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်နှင်းဝေတို့သည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှလေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။ **(စွမ်းဆောင်ရှင်များအသင်း)**



မိတ္ထီလာမြောက်ကန် ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးခြင်းနှင့် မိတ္ထီလာမြို့ ဓမ္မသုခကန်ဦးရွှေစည်းခုံစေတီတော်ထီးတော်တင်မင်္ဂလာအခမ်းအနားမြင်ကွင်း။

**❐ မိတ္ထီလာမှ**

ထို့ကြောင့် မြို့နေလူထု သောက်သုံးရေ၊ စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်ရေးအတွက် ဆည်မြောင်းဦးစီးဌာနက မိတ္ထီလာမြောက်ကန်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် ပြန်လည်တူးဖော်ပြုပြင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

မိတ္ထီလာ မြောက်ကန် ပြန်လည်တူးဖော်ခြင်းလုပ်ငန်း လုပ်ငန်းစတင်ခြင်းအခမ်းအနားကို ၂၃-၅-၂၀၁၅ ရက်နေ့က မိတ္ထီလာမြောက်ကန်အနီး ရှင်းလင်းဆောင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ တက်ရောက်ချီးမြှင့်အမှာစကားပြောကြားခဲ့ရာတွင် မိမိတို့လက်ထက်တွင် နိုင်ငံတစ်ဝန်းကျေးလက်ဒေသနှင့် မြို့ပြများတွင် ရေရရှိရေးကို အဓိကထား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ မိတ္ထီလာခရိုင်အတွင်း ဝမ်းတွင်းမြို့နယ်မှ ထီးလှိုင်ကန်၊ မြင်းခြံခရိုင် တောင်သာမြို့နယ်မှ ကန်မြဲကန်၊ ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်မှ ကျီးနီကန်များကိုလည်းဆည်ဖို့ပြုပြင်ခဲ့ပြီး အလားတူဆည်မြောင်းမြစ်ချောင်းများမှ ရေအရင်းအမြစ်များ နည်းလမ်းပေါင်းဖြင့် ရယူသုံးစွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ မိတ္ထီလာမြောက်ကန် ပြန်လည်တူးဖော်ပြုပြင်ပြီးပါက မြို့နေလူထု၏ သောက်သုံးရေလိုအပ်ချက်၊ ဒေသခံတောင်သူများ၏ စိုက်ပျိုးရေလိုအပ်ချက်များအပြင် မိုးအဆက်မပြတ်ရွာသွန်းသည့်နှစ်များတွင် ချောင်းရေနစ်မြုပ်တတ်သည့် ကျေးရွာများလည်း ရေနစ်မြုပ်မှုမှ ကင်းဝေးနိုင်မည်ဖြစ်ကြောင်း၊ မိတ္ထီလာမြောက်ကန်ကို မိမိတို့အစိုးရတာဝန်ရှိသူများက တူးဖော်ပြုပြင်ပေးသကဲ့သို့ မိတ္ထီလာမြောက်ကန် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မြို့နေပြည်သူလူထုက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မိတ္ထီလာမြောက်ကန် လုပ်ငန်းစတင်ခြင်းအခမ်းအနားပြီးနောက် နှစ်လခန့်အချိန်ဖြင့် မိတ္ထီလာမြောက်ကန် ပြန်လည်တူးဖော်ပြုပြင်ခြင်းလုပ်ငန်းများကို စက်ယန္တရားကြီးများ အသုံးပြု၍ ဆောင်ရွက်ခဲ့သည်။ မိတ္ထီလာမြောက်ကန် ပြန်လည်တူးဖော်ပြုပြင်ခြင်းမပြုမီက မိတ္ထီလာကန်သည် ကန်ပေါင်အလျား ပေ ၂၅၆၀၀၊ ကန်ပေါင်အမြင့် ၄၆ ပေ၊ ကန်ပေါင်ထိပ် အကျယ်ပေ ၃၀၊ ပျမ်းမျှရေအနက် ၄ပေ ၆ လက်မ၊ ရေလှောင်ပမာဏ ဧကပေ ၃၀၀၀ ရှိပြီး မိုးစပါး ၂၆၃၄ ဧကနှင့် နွေစပါး ၄၄၅ ဧကသာ စိုက်ပျိုးနိုင်ခဲ့သည်။ မိတ္ထီလာမြောက်ကန် ပြန်လည်တူးဖော်ပြုပြင်ပြီးနောက် ကန်ပေါင်အလျား ပေ ၂၅၆၀၀ ပေ၊ ကန်ပေါင်အမြင့် ၄၆ ပေ၊ ကန်ပေါင်ထိပ်အကျယ် ၅၅ ပေ၊ ပျမ်းမျှရေအနက် ရှစ်ပေ၊ ရေလှောင်ပမာဏ ဧကပေ ၇၂၀၀ ရှိပြီး မိုးစပါး ၆၆၅၅ ဧကနှင့် နွေစပါး ၆၉၅ ဧကအတွက် စိုက်ပျိုးရေပေးဝေနိုင်တော့မည်ဖြစ်သည်။

မိတ္ထီလာမြောက်ကန် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းအောင်မြင်သည့် အထိမ်းအမှတ်အခမ်းအနားကို မိတ္ထီလာမြောက်ကန် ကန်ဦးကန်ထိပ်တွင် စက်တင်ဘာ ၁၉ ရက်က ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတနှင့် အများပြည်သူကောင်းမှုဖြင့် ဓမ္မသုခရွှေစည်းခုံစေတီတော်ထီးတော်နှင့် စိန်ဖူးတော်ကို တင်လှူပူဇော်ခဲ့သည်။ ယင်းအခမ်းအနားသို့ ဒေသခံပြည်သူများလည်း တက်ရောက်ကုသိုလ်ယူကြသည်။ မိတ္ထီလာဒေသခံပြည်သူများသည် ယခင်ကမိတ္ထီလာမြောက်ကန် တူးဖော်ပြုပြင်ခြင်းကိုသာ လိုလားတောင့်တခဲ့ကြသော်လည်း နိုင်ငံတော်က မိတ္ထီလာမြောက်ကန် ပြန်လည်တူးဖော်ပြုပြင်ခြင်းသာမက မိတ္ထီလာမြို့ရှောင်လမ်း အမြန်ဆုံးဖောက်လုပ်ပြီးစီးရေး၊ မိတ္ထီလာကန်ကူးတံတားအသစ်တစ်စင်း ထပ်မံတည်ဆောက်ရေးတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ယခင်တံတားဟောင်းကိုလည်း ဆက်လက်၍ တံတားအသစ်အဖြစ် ထပ်မံတည်ဆောက်ပေးရန် ဆောင်ရွက်နေခြင်းတို့နှင့်အတူ မိတ္ထီလာမြောက်ကန် ကန်ဦးကန်ထိပ်မင်္ဂလာကုန်းတော်အထက် အနော်ရထာ မင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့၏ ကောင်းမှုတော် ပုဂံညောင်ဦးဒေသရှိ ရွှေစည်းခုံစေတီတော်ပုံတူ ဓမ္မသုခရွှေစည်းခုံစေတီတော်တည်ထားကိုးကွယ်နိုင်ရေးအတွက် ကောင်းမှုကုသိုလ်ပြုပေးခဲ့သည်။

မိတ္ထီလာမြောက်ကန် ပြန်လည်ပြုပြင်တူးဖော်ပြီးစီး၍ မြို့နေလူထုအား သောက်သုံးရေ ယခင်ကထက် ပိုမိုဖြန့်ဝေပေးနိုင်တော့မည်ဖြစ်ပြီး ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေများကို ပိုမိုပို့လွှတ်ပေးနိုင်မည်ဖြစ်သည်။ ယခင်က မိုးများသည့်နှစ်များတွင် ချောင်းရေလျှံသည့်ဘေးဒဏ်များကို ခံစားခဲ့ရသည့် ရှင်မြို့၊ခါးကော့၊သဲတောလေး၊ ရွာမကျေးရွာများနှင့် နန်းတော်ကုန်းရပ်ကွက် တို့သည်လည်း ချောင်းရေ၊ ကန်ရေလျှံတက်သည့် ရေဝင်နစ်မြုပ်သည့်ဘေးတို့မှ ကင်းဝေးနိုင်တော့မည်ဖြစ်သည်။ ထို့ကြောင့် မိတ္ထီလာမြောက်ကန်ကြီးအား နိုင်ငံတော်မှ ပြန်လည်တူးဖော်ပြုပြင်ပေးသကဲ့သို့ ဒေသခံပြည်သူများအတွက် များစွာအကျိုးပြုလျက်ရှိသည့် ယင်းကန်ကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မိတ္ထီလာမြို့သူ မြို့သားနှင့် ဒေသခံတောင်သူများက ဘက်ပေါင်းစုံမှ တတ်စွမ်းသရွေ့ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ကြောင်း တင်ပြလိုက်ပါသည်။

❐❐

## အပစ်ရပ်စာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားပြင်ဆင်နိုင်ရေး အကြိုညှိနှိုင်းဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၀**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် (NCA) လက်မှတ်ရေးထိုးပွဲ အခမ်းအနားပြင်ဆင်ရေး အကြိုညှိနှိုင်းမှုကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) တွင် ကျင်းပသည်။

ယင်းအခမ်းအနား ပြင်ဆင်ရေး အကြိုညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီး ဦးအောင်မင်း၊ အဖွဲ့ဝင် ဦးခင်ဇော်ဦး၊ MPC မှ တာဝန်ရှိသူများနှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO)၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP)၊ ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော် (DKBA)၊ ကရင်အမျိုးသား အစည်းအရုံး (KNU)၊ NDAA၊ KNU/KNLA-PC နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း MPC မှ ထုတ်ပြန်သည်။

ချင်းအမျိုးသားတပ်ဦး (CNF) နှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့မှာမူ အစည်းအဝေး မတက်ရောက်နိုင်ခဲ့သော်လည်း ကျင်းပရေး ကော်မတီတွင် ပါဝင်မည် ဖြစ်သည်။

ဆွေးနွေးပွဲတွင် တိုင်းရင်းသားများဘက်မှ ညှိနှိုင်းအစည်းအဝေးကို ထိုင်းနိုင်ငံ ချင်းမိုင်တွင် စက်တင်ဘာ ၂၈၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကျင်းပရန်စီစဉ်ထားကြောင်း၊ ယင်းညှိနှိုင်းအစည်းအဝေးတွင် လက်မှတ်ရေးထိုးမည့်ရက်ကို အကြိုညှိနှိုင်းမည်ဖြစ်ကြောင်း၊ ယင်းနောက် လက်မှတ်ရေးထိုးမည့် ရက်အတိအကျကို UPWC နှင့် လာရောက်ဆွေးနွေးမည်ဟု ဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ကြီးမားသည့်လက်မှတ်ရေးထိုးပွဲဖြစ်၍ ယခုအချိန်မှစတင်ကာ လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရန်၊ တက်ရောက်မည့်သူ ရာချီရှိမည်ဖြစ်၍ အချိန်ကိုထည့်သွင်း စဉ်းစားရန်လိုအပ်ကြောင်း၊ အစည်းဝေးကျင်းပရန်လျာထားသည့်နေရာ၊ တက်ရောက်မည့် သူများနှင့် အစိုးရဘက်မှ ကြိုတင်ပြင်ဆင်ထားသည်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း MPC မှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

နှစ်ဖက်ညှိနှိုင်းပြီးနောက် လက်မှတ်ရေးထိုးပွဲကျင်းပမည့်ရက် အတိအကျသတ်မှတ်ပြီးပါက လက်မှတ်ရေးထိုးပွဲပူးတွဲကျင်းပရေး ကော်မတီတစ်ရပ်ကို ဖွဲ့စည်းရန်နှင့် လက်မှတ်မထိုးဘဲ ကျန်ရှိမည့် အဖွဲ့များရှိပါကလည်း လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်လိုပါက တက်ရောက်ခွင့်ပြုရန် ကိစ္စရပ်များကို မူအားဖြင့် သဘောတူခဲ့ကြကြောင်း သိရသည်။

**(မြတ်သန္တာမောင်)**

## မုံရွာမြို့နယ် ခတ္တာကန်တောင်ရွာအနီး မုံပင်ကွင်းတွင် ပင်ထောင် နိုရာခရမ်းချဉ်ပင်များ အောင်မြင်ဖြစ်ထွန်း

**မုံရွာ စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံ၏ ဒေသအတော်တော်များများတွင် ခရမ်းချဉ်ပင်များစိုက်ပျိုးကြရာ ပင်ထောင် ခရမ်းချဉ်သီး နိုရာ(၉၀၉)မျိုးလည်း အပါအဝင်ဖြစ်သည်။

ပင်ထောင်ခရမ်းချဉ်စိုက်ပျိုးထားမှု အခြေအနေနှင့် ပတ်သက်ပြီး တောင်သူတစ်ဦးက "ကျွန်တော်တို့ဒေသအခေါ် ခတ္တာကန်တောင်မုံပင်ကွင်းက လယ်မြေဧကဒသမ ၅ဧကမှာ နိုရာ၉၀၉မျိုး ခရမ်းချဉ်သီးပင် စိုက်ပျိုးထားတာပါ။ ဒီနိုရာ ၉၀၉ မျိုးက အသီးထွက်လည်းကောင်းတယ် ရာသီဥတုဒဏ်လည်း အတော်ခံနိုင်တယ်။ ဒါကြောင့် ရွေးချယ်စိုက်ပျိုးတာပါ။ အခု ခရမ်းချဉ်ပင် စိုက်ပျိုးထားတာ အပင် ၆၀၀၀ ခန့်ရှိပါတယ်။ မနှစ်ကဆို ဒီအချိန်အသီးပေါ်နေပြီ။ ဒီနှစ် မိုးနောက်ကျပြီး သုံးလလောက် မိုးလိုသွားတော့ အခုမှ အပွင့်အဖူး ဆင်ကာစပဲရှိသေးတယ်။ ခရမ်းချဉ်စိုက်ပျိုးတဲ့လုပ်ငန်းက ဆောင်းပိုင်းဆို အသီးထွက်နှုန်းလည်းကောင်းတယ်။ ဈေးကောင်းလည်းရတယ်။ နွေပိုင်းဆို တွက်ခြေမကိုက်ချင်ဘူး။ လုပ်သားခကလည်း တစ်မနက်ကို ငွေကျပ် ၂၅၀၀ ပေးရတယ်။ မနှစ်ကဆို ခရမ်းချဉ်သမားတွေ အတော်များများ အရှုံးပေါ်ကြတယ်။ ကျွန်တော်တို့ စိုက်ခင်းက နောက်ရက် ၂၀ လောက်ဆို ရောင်းတန်းဝင် ခရမ်းချဉ်သီးတွေ ခူးလို့ရပြီဖြစ်လို့ ဈေးကောင်းရဖို့ မျှော်လင့်ပါတယ်"ဟု ပြောကြားသည်။

အဆိုပါ တောင်သူများက ခရမ်းချဉ်ခင်းအတွင်း ငရုတ်ပင် ကြားညှပ် စိုက်ပျိုးထားကြကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

❐❐

## အစိုးရနှင့်နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ကဏ္ဍအသီးသီးကို ဖော်ဆောင်ရာတွင် မသန်စွမ်းသူများအတွက်ပါ ထည့်သွင်းစဉ်းစားရန်လို

**ရန်ကုန် စက်တင်ဘာ ၂၀**

အစိုးရနှင့်နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့်ကဏ္ဍအသီးသီးကို ဖော်ဆောင်ရာတွင် မသန်စွမ်းသူများအတွက်ပါ ထည့်သွင်းစဉ်းစားရန်လိုအပ်ကြောင်း ဧဒင်မသန်စွမ်းသက်ငယ်ပြုစုရာရိပ်မြုံမှ မန်နေဂျင်းဒါရိုက်တာ ဦးထာအုပ်က ပြောသည်။

"ဘယ်သူမဆို အစိုးရပဲဖြစ်ဖြစ်၊ နိုင်ငံတကာအဖွဲ့တွေပဲဖြစ်ဖြစ်၊ အဖွဲ့လိုက်ဒါမှမဟုတ် တစ်ဦးချင်းဖြစ်ဖြစ်၊ ဘယ်နေရာမှာ ဘာပဲလုပ်လုပ် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဖွံ့ဖြိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုစသည်ဖြင့် မသန်စွမ်းသူတွေအတွက် ထည့်သွင်းစဉ်းစားမှ ပြည့်စုံပါ့မယ်" ဟု ဦးထာအုပ်က ပြောကြားသည်။

မသန်စွမ်းသူများ၏ လူနေမှုအဆင့်အတန်းသည် အားလုံးပါဝင်သော လူမှုအသိုက်အဝန်း၏ ကဏ္ဍအသီးသီးအတွက် အညွှန်းကိန်းများဖြစ်ကြောင်း၊ လက်ရှိတွင် မသန်စွမ်းသူများ၏ အခွင့်အရေးကို ဟန့်တားနေသည့် အတားအဆီးများ ရင်ဆိုင်ကြုံတွေ့နေရကြောင်း မသန်စွမ်းသူများနှင့် ၎င်းတို့၏အခွင့်အရေးကိုတောင်းဆိုနေသည့် လူမှုအဖွဲ့အစည်းများထံမှ သိရသည်။

"မသန်စွမ်းသူတွေရဲ့ လူနေမှုအဆင့်အတန်းက ကျွန်တော်တို့အားလုံးပါဝင်တဲ့ လူမှုအသိုက်အဝန်းရဲ့ လူ့အခွင့်အရေး၊ ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးတရားမျှတမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ စိတ်နေသဘောထားစသည်ဖြင့် အခြားသောကဏ္ဍအသီးသီးအတွက် အညွှန်းကိန်းတွေဖြစ်ပါတယ်"ဟု ဦးထာအုပ်က ဆက်လက်ပြောကြားသည်။

မသန်စွမ်းသူများ၏အခွင့်အရေးများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၁၅ ခုနှစ် ဇွန် ၅ ရက်က နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေသည် စာရွက်ပေါ်တွင်ရှိသော ဥပဒေမဖြစ်စေရန်နှင့် နည်းဥပဒေအမြန်ရေးဆွဲရန်လိုကြောင်း လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(ငြိမ်း) အတိုင်ပင်ခံအရာရှိ (MILI) ဦးမောင်မြင့်ကဆိုသည်။ **(၀၀၄)**

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

ပြည်တွင်းရေးရာ

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော်  စက်တင်ဘာ  ၂၀

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၅ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၆. ၂၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၇. ၂၀' |
| ၃။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၁၅' |
| ၄။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၇၀' |
| ၅။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၈၀' |
| ၆။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၀. ၆၅' |
| ၇။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၀. ၄၀' |
| ၈။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၁. ၂၀' |
| ၉။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၈၀' |
| ၁၀။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၃၀' |
| ၁၁။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၁. ၀၀' |
| ၁၂။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၀. ၁၀' |
| ၁၃။ | ရေသိုးရေလှောင်တမံ | ၁၅၅၀၀ | ၁. ၁၀' |
| ၁၄။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၇၀' |
| ၁၅။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၆၀' |
| ၁၆။ | အလိုင်နီရေလှောင်တမံ | ၃၉၀၀၀ | ၁. ၂၅' |
| ၁၇။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၅၀' |
| ၁၈။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၈၀' |
| ၁၉။ | စဥ့်ကူးချောင်းဝေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၃၀' |
| ၂၀။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၁. ၉၀' |
| ၂၁။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၇၀' |
| ၂၂။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၁. ၇၀' |
| ၂၃။ | ရွှေတောင်ဆည် | ၅၃၆၀ | ၁. ၁၀' |
| ၂၄။ | ဝဲကြီးရေလှောင်တမံ | ၂၅၂၀၀၀ | ၀. ၈၀' |
| ၂၅။ | ပဒဲရေလှောင်တမံ | ၃၂၈၉၀ | ၀. ၅၀' |
| ၂၆။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၁. ၃၀' |
| ၂၇။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁. ၀၀' |
| ၂၈။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၁. ၃၀' |
| ၂၉။ | လဂွမ်းပြင်ရေလှောင်တမံ | ၁၄၈၈၀၀ | ၀. ၇၀' |
| ၃၀။ | မဟူရာ(ငမိုးရိပ်)ရေကူ ရေလှောင်တမံ | ၅၃၉၉၂ | ၁. ၂၀' |
| ၃၁။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၇၀' |
| ၃၂။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၂၁၇၅ | ၀. ၁၅' |
| ၃၃။ | မုံးရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၄၅' |
| ၃၄။ | နန်ကသူရေလှောင်တမံ | ၄၀၄၈၇ | ၁. ၇၀' |
| ၃၅။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၂. ၁၀' |

(သတင်းစဉ်)


## သဘာဝဘေးသင့်ပြည်သူများ နေထိုင်နိုင်ရန် ယာယီနေအိမ်နှင့် မိုးကာရွက်ဖျင်တဲများဆောက်လုပ်မှု နယ်မြေခံတပ်မတော်သားများ ကူညီဆောင်ရွက်

ဟားခါး  စက်တင်ဘာ  ၂၀

ဟားခါးမြို့ ကယ်ဆယ်ရေးစခန်းများရှိ သဘာဝဘေးသင့်ပြည်သူများ နေထိုင်ခိုလှုံနိုင်ရန်အတွက် ယာယီနေအိမ်နှင့် မိုးကာရွက်ဖျင်တဲများဆောက်လုပ်နေမှုကို စက်တင်ဘာ ၁၉ ရက်က ဟားခါးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကယ်ဆယ်ရေးစခန်းရှိ ရာလ်မှုန်အားကစားကွင်း၌ တည်ဆောက်လျက်ရှိရာ နယ်မြေခံတပ်မတော်သားများက ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းကူညီ တည်ဆောက်ပေးလျက်ရှိသည်။

ထိုသို့ ဝိုင်းဝန်းကူညီတည်ဆောက်ပေးရာ၌ စစ်ဗျူဟာအခြေချ(ဟားခါး)မှ ခေတ္တဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီးဇော်မြင့် ဦးဆောင်သော နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည် တပ်မတော်သားများက ရေမြောင်းများဖောက်လုပ်ပေးခြင်း၊ ယာယီသွပ်မိုးနေအိမ်နှင့် မိုးကာရွက်ဖျင်တဲများ ဆောက်လုပ်ပေးခြင်းတို့ကို ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိပြီး ယာယီသွပ်မိုးနေအိမ် အလုံး ၄၀၊ မိုးကာရွက်ဖျင်တဲ ၃၅ လုံး စုစုပေါင်း ၇၅ လုံး ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



○မြန်မာ ယူ-၁၉ မှ

ဈာနေရသူ၊ ဇင်ဖြိုးအောင်၊ ရွှေကို၊ သူရိန်စိုး၊ စိုးမိုးထွန်း၊ အောင်ဇင်ဖြိုး၊ စစ်မင်း၊ ကောင်းချစ်နိုင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းမှာ ပထမဆုံး နိုင်ငံတကာပြိုင်ပွဲဖြစ်သောကြောင့် အမှားများနေခဲ့ပြီး ပထမပိုင်းတွင် အကောင်းဆုံးပုံစံမရခဲ့ပေ။ အထူးသဖြင့် ကွင်းလယ်နှင့် တိုက်စစ်ပိုင်း ချိတ်ဆက်ရာတွင် အားနည်းချက်များ ရှိနေခဲ့သည်။ ထိုင်းအသင်းမှာပထမပိုင်းတွင် ဂိုးရနိုင်သည့် အပိုင်အခွင့် အရေးနှစ်ကြိမ် ရရှိခဲ့သော်လည်း မြန်မာဂိုးသမား ဘုန်းသစ္စာမင်းကာကွယ်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ထိုင်းအသင်းက ကစားသမားအများအပြား ပြောင်းလဲခဲ့ပြီး မြန်မာအသင်းမှာ ခြေစွမ်းမပြနိုင်သည့် ကစားသမားအချို့ကိုသာ လဲလှယ်ခဲ့သည်။ ဒုတိယပိုင်းအစတွင် ထိုင်းအသင်းကသာပွဲကို ဆက်လက်စိုးမိုးနိုင်ခဲ့သည်။ မိနစ် ၇၀ နောက်ပိုင်းတွင် မြန်မာအသင်းကစားပုံ ပြန်ကောင်းလာပြီး ပွဲပြီးခါနီးတွင် တိုက်စစ်မှူး အောင်ဇင်ဖြိုး အပိုင်ကန်ခွင့် ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ ဂိုးမရှိသရေ ရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။

## အိုလံပစ်အမျိုးသမီးခြေစစ်ပွဲ ဆက်လက်ယှဉ်ပြိုင်

မန္တလေး  စက်တင်ဘာ  ၂၀

၂၀၁၆ အိုလံပစ်ပြိုင်ပွဲအမျိုးသမီးဘောလုံးအာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲစတုတ္ထနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားသည်။

ပထမပွဲစဉ်တွင် ဗီယက်နမ်အသင်းက ဂျော်ဒန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဗီယက်နမ်အသင်းမှာ နှစ်ပွဲဆက်အနိုင်ရခဲ့၍ နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိလာခဲ့ပြီး ဂျော်ဒန်အသင်းမှာ ယခုခြေစစ်ပွဲ၏ ပထမဆုံးသွင်းဂိုးရခဲ့သော်လည်း လေးပွဲစလုံးရှုံးနိမ့်ခဲ့သည်။ ဒုတိယပွဲစဉ်တွင် ထိုင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။ စတုတ္ထပွဲစဉ်များအပြီးတွင် တရုတ်(တိုင်ပေ)နှင့်ထိုင်းအသင်းတို့က ခုနစ်မှတ်စီရရှိထားပြီး ဂိုးကွာခြားချက်ဖြင့် ထိပ်ဆုံး၌ ဦးဆောင်နေသည်။ ဗီယက်နမ်အသင်းမှာ ခြောက်မှတ် ရရှိထားပြီး ထိုင်းနှင့်နောက်ဆုံးပွဲကစားရမည်ဖြစ်ကာ တရုတ်(တိုင်ပေ)အသင်းမှာ မြန်မာအသင်းနှင့် ကစားရမည်ဖြစ်သည်။

ဖိုးသော်ဇင်

**❂ ရှေ့ဖုံးမှ**

အနောက်မြောက်ပိုင်းတို့တွင် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြု ရှောင်ရှားကြပါရန် အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

(ကြေးမုံ)

## ကန့်ဘလူမြို့နယ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သည့် မိုးစပါးများ ပြန်လည်စိုက်ပျိုးပြီး

ကန့်ဘလူ  စက်တင်ဘာ  ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သည့် မိုးစပါးများ ပြန်လည်စိုက်ပျိုးခဲ့ရာ စက်တင်ဘာ ၁၅ ရက်အထိ ၉၃ ဒသမ ၂၂ ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်သည်။

ထိုသို့စိုက်ပျိုးနိုင်ရန် ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ခင်းနှင့် ပျိုးခင်းများအတွက် နိုင်ငံတော်မှ ငွေကျပ် ၁၀၁ ဒသမ ၅၁၄ သန်းကို ဩဂုတ် ၁၅ ရက်က ထောက်ပံ့ပေးအပ်ခဲ့ပြီး အလှူရှင်များကလည်း မျိုးစပါးများ လှူဒါန်းခဲ့ခြင်းကြောင့် မိုးစပါး ၁၃၆၉၄၆ ဧက ပြန်လည်စိုက်ပျိုးနိုင်ခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

ကန့်ဘလူမြို့နယ်တွင် ဇူလိုင် ၁၅ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် စိုက်ပျိုးမြေ ၁၀၈၃၂ ဧကပျက်စီးဆုံးရှုံးခဲ့ရာ မိုးစပါးစိုက်ပျိုးရန် လျာထား ၁၄၆၉၀၅ ဧကဖြစ်၍ စက်တင်ဘာလကုန်၌ လျာထားဧကထက် ပြည့်မီကျော်လွန်နိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

❑

## မုန်းချောင်းအနီး ငှက်ပျောခြံများ ရေစိမ်နာ၍ ပျက်စီး

ပွင့်ဖြူ  စက်တင်ဘာ  ၂၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မုန်းချောင်းဝန်းကျင်ရှိ ငှက်ပျောစိုက်ခင်းများမှာ မုန်းချောင်းရေကြီးခဲ့မှုကြောင့် ရေစိမ်နာ ခေါင်းပုပ်ရောဂါနှင့် အူချောင်ပိုးများ ဝင်ရောက်ကာ ပျက်စီးဆုံးရှုံးခဲ့သည်။

ပွင့်ဖြူမြို့နယ်တွင် ဖီးကြမ်း၊ ရခိုင်နှင့် ငှက်ပျောချဉ်မျိုးများကို အဓိကစိုက်ပျိုးကြပြီး သီးမွှေး၊ ဝက်မလွတ်၊ ဂရင်းနှင့် ရွှေနီငှက်ပျောမျိုးများလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြကာ မင်းဘူး၊ မကွေး၊ စလင်းမြို့များမှ တစ်ဆင့် ရန်ကုန်၊ မန္တလေးမြို့ကြီးများအထိ တင်ပို့ရောင်းချလျက်ရှိရာ မုန်းချောင်းရေ ဝင်ရောက်ခဲ့သောကြောင့် ငှက်ပျောခြံများတွင် ပိုးကျပျက်စီးဆုံးရှုံးခဲ့ခြင်းဖြစ်သည်။

ဒေးဒရဲကျေးရွာ ငှက်ပျောစိုက်တောင်သူတစ်ဦးက“ငှက်ပျောပင်က ရေစိမ်နာရင် ရောဂါဝင်သေတာပဲ။ အခု ရေကြီးတာက ရေတက်မြန်ပြီး ကျတာနှေးတော့ ရေစိမ်တာကြာတာပေါ့။ ငှက်ပျောအချဉ်မျိုးတစ်ပင်ကို ကျပ် ၁၀၀၀ ပေးဝယ်ရတယ်။ တစ်ဧကကို မျိုးပင် ၆၀၀ မှ ၈၀၀ ထိ စိုက်ကြတယ်။ ဆုံးရှုံးတာ အရင်းအနှီးများတော့ ပြန်စိုက်ဖို့မလွယ်ဘူး။ အရင်းအနှီး လိုအပ်နေတာရယ်၊ မျိုးပင် ဝယ်မရတာရယ်ကြောင့် ပြန်စိုက်ဖို့ အခက်အခဲတွေ့နေရတယ်” ဟု ပြောသည်။ ငှက်ပျောထွက်နှုန်း ကျဆင်းနေသဖြင့် ငှက်ပျောသီးဈေးနှုန်းများ တက်လာကြောင်း သိရသည်။

တင်ထွန်းဦး(မင်းဘူး)

# သီလဝါအထူးစီးပွားရေးဇုန်မှ ကာယ ဉာဏ လုပ်သားများ၏ မျှော်လင့်ချက်

အင်တာဗျူး
ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ – ဖိုးထောင်

**မြန်မာပြည်၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့် ကီလိုမီတာ ၂၀ သာဝေးကွာသော သီလဝါဆိပ်ကမ်းအနီး၌ မြန်မာနိုင်ငံ၏ ပထမဆုံးအထူးစီးပွားရေးဇုန် သီလဝါသည် စက်တင်ဘာလနှောင်းပိုင်းတွင် လုပ်ငန်းများ စတင်လည်ပတ်တော့မည် ဖြစ်သည်။**

သီလဝါ အထူးစီးပွားရေးဇုန်ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် စတင် အကောင်အထည်ဖော်ခဲ့သည်။ လက်ရှိအချိန်အထိ မြန်မာနိုင်ငံ အပါအဝင် ဂျပန်၊ ထိုင်း၊ တရုတ်၊ တရုတ် (တိုင်ပေ)၊ စင်ကာပူ၊ မလေးရှား၊ သြစတြေးလျ၊ ဟောင်ကောင်၊ ဆွီဒင်၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်နေပြီ ဖြစ်သည်။

သီလဝါ အထူးစီးပွားရေးဇုန် စီမံကိန်း၏ အောင်မြင်မှုသည် ဆက်လက် အကောင်အထည်ဖော်မည့် အထူးစီးပွားရေးဇုန်များအပေါ် အကျိုးသက်ရောက်စေမည်ဖြစ်သည်။ လက်ရှိ သီလဝါ အထူးစီးပွားရေးဇုန်တွင် လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိသည့် ပြည်တွင်း ပြည်ပ ကျွမ်းကျင်သူများနှင့် အလုပ်သမားတို့၏ မျှော်လင့်ချက်များနှင့် လက်ရှိလုပ်ငန်းခွင် အခြေအနေများအပေါ် မြန်မာ့သတင်းစဉ် (ပြည်တွင်း)မှ သွားရောက်မေးမြန်းခဲ့သည်။

**မဇာဖြူလင်း (ကရပ်သီတာမြိုင်၊ ကျောက်တန်းမြို့နယ်)**
**လုထိုင်းအထည်ချုပ်စက်ရုံ**

အထည်ချုပ်အတွေ့အကြုံ သုံးနှစ်လောက်ရှိတယ်။ လုထိုင်းဖွင့်ဖွင့်ချင်းမှာပဲအလုပ်လျှောက်ဖြစ်တာ။ အလုပ်မှာ စက်ချုပ်တတ်တဲ့ သူတွေကော၊ မတတ်တဲ့သူတွေကော ရောနေတော့ သင်တန်းကာလသတ်မှတ်ပြီး ပြန်သင်ပေးတယ်။ သင်တန်းကာလမှာ တစ်ရက်ကို ကျပ် ၁၅၀၀ အားလုံးကို ပေးတယ်။ အခု စာမေးပွဲအောင်သွားပြီ။ စမ်းသပ်ကာလဆိုတော့တစ်ရက် ကျပ် ၂၇၀၀ ရတယ်။

အလုပ်ဆင်းရတာ အဆင်ပြေတယ်။ အရင်လို မနက်အစောကြီးထပြီး ကားစီးစရာမလိုတော့ဘူး။ အိပ်ရေးဝတယ်။ အိမ်အလုပ်တွေ ပိုလုပ်လို့ရတယ်။ အရင်ကဆို မနက် ၅ နာရီလောက် အိပ်ရာကနေထပြီးတော့ ၆ နာရီဆို ကားစီးရတယ်။ ဒီမှာတော့ မနက် ၇ နာရီလောက်မှ အလုပ်သွားလည်း အဆင်ပြေတယ်။ ဖယ်ရီလည်းရှိတယ်။ အလုပ်ကိုမနက် ၈ နာရီကနေ ညနေ ၄ နာရီခွဲအထိ လုပ်ရတယ်။ နေ့လယ်မှာ အချိန်တစ်နာရီ ထမင်းစားနားရတယ်။ စောစောပြန်ရတော့ အိမ်မှာနားချိန်လည်း ပိုရတယ်။ အခု စက်ရုံကနေ ဘက်စုံကျွမ်းကျင်အောင် ကော်လံ၊ လက်၊ ကိုယ်ထည်စသဖြင့် အလှည့်ကျ ချုပ်ခိုင်းတယ်။

**မယုယုလှိုင်**
**(သန်လျင်၊ ဖို့မြေ၊ ဗိုလ်ချုပ်ရွာသစ်)**

တောင်ဒဂုံစက်မှုဇုန်မှာ တစ်နှစ်လောက် လုပ်ဖူးတယ်။ အထည်ချုပ် တစ်နှစ်ခွဲလောက် အတွေ့အကြုံရှိတယ်။ ဒီမှာ ကိုးလပိုင်း ၇ ရက်နေ့က စဝင်တာ။ အလုပ်ခေါ်စာကိုတွေ့တာနဲ့ အလုပ်ဝင်ပြီး သင်တန်းပေးတာကို သဘောကျတာရယ်၊ အိမ်နဲ့နီးပြီး ဖယ်ရီစီစဉ်ပေးတာရယ်ကြောင့် လုပ်ဖြစ်တာ။ စမ်းသပ်ကာလဆိုတော့ ကျပ် ၂၇၀၀ ပဲရသေးတယ်။ ပြီးတော့မှ ထပ်တိုးသွားမယ်။

ဒီအလုပ်မှာ ထူးခြားတာက ၁၀ မိနစ်နားတဲ့အချိန်မှာ လေ့ကျင့်ခန်းလုပ်ရတယ်။ ဒီလို နီးနီးနားနားမှာ အလုပ်တွေပေါ်လာတော့ နယ်ခံတွေအတွက် အဆင်ပြေတယ်။

**Tong Sun စက်ရုံမှူး**
**(လုထိုင်းအထည်ချုပ်စက်ရုံ)**

စက်ချုပ်တတ်တဲ့သူနဲ့ အထည်ချုပ်နဲ့ နီးစပ်သူတွေကို အလုပ်ခန့်တယ်။ စမ်းသပ်ကာလနဲ့ ပညာသင်ကာလ ဆိုပြီးခွဲထားတယ်။ စမ်းသပ်ကာလဆိုတော့ သီလဝါအနီးဝန်းကျင်က လူတွေကိုဦးစားပေးခန့်တယ်။ အခု လက်ရှိ ဝန်ထမ်း ၉၀ ကျော်ရှိတယ်။ တရုတ်နိုင်ငံကဝန်ထမ်း ၂၇ ယောက်နဲ့ စကားပြန် ငါးယောက်ရှိတယ်။ အခု အော်ဒါတီရှပ်တွေထုတ်တယ်။ ပြီးရင် ဂျပန်ကို တင်ပို့မယ်။ သီလဝါစက်မှုဇုန်ကို ဂျပန်စနစ်နဲ့ ထိန်းသိမ်းတာဆိုတော့ နှစ်သက်တယ်။ စိန်ခေါ်မှုကတော့ နောက်ပိုင်း ဒီမှာစက်ရုံတွေကများလာရင်တော့ သင်ကြားပေးပြီးတဲ့ဝန်ထမ်းတွေ ပြောင်းရွှေ့မှုဖြစ်လာမှာစိုးရိမ်တယ်။

**ကြီးကြပ်ရေးမှူး**
**(လုထိုင်းအထည်ချုပ်စက်ရုံ)**

ဘာသာစကားကတော့ အခက်အခဲဖြစ်တယ်။ မြန်မာစကားမတတ်တော့ စကားပြန်လိုတယ်။ စကားပြန်မရှိတဲ့ အချိန်မှာ လက်ဟန်ခြေဟန်နဲ့ ညှိနှိုင်းပြီးပြရတယ်။ နောက်လုံးဝမတတ်သေးတဲ့ ဝန်ထမ်းတွေဆိုရင် အစစ သင်ပေးရတယ်။ မြန်မာအလုပ်သမားတွေက သွက်လက်တယ်။ ကြိုးစားတယ်။ ကျွမ်းကျင်မှုအခြေခံရှိတယ်။ တစ်ခါပြောပြရင် နားလည်တယ်။

**ဦးမျိုးမြင့်သိန်း (လက်ထောက်မန်နေဂျာ၊ Koyorad Myanmar Corporation Co.,Ltd)**

အလုပ်ရှာဖွေရေးအေဂျင်စီတစ်ခုကနေပြီး ဒီမှာလျှောက်ထားဖြစ်တယ်။ အလုပ်ဝင်ဝင်ချင်းမှာ သူတို့ရဲ့ အင်ဒိုနီးရှားမှာရှိတဲ့ ကုမ္ပဏီမှာသင်တန်းပေးတယ်။ ပြီးတော့ စီမံခန့်ခွဲမှုတွေ၊ ခေါင်းဆောင်မှုတွေပါ အခုအလုပ်မှာ လုပ်ရတယ်။ ဒါတွေကိုသင်ယူခွင့်ရတယ်။ ကိုယ့်နိုင်ငံအတွက် ပညာတွေ ကျန်ခဲ့မယ်လို့တော့ ထင်တယ်။ လက်ထောက်မန်နေဂျာအားလုံးက မြန်မာတွေပါ။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေကို ကြိုဆိုရမယ်။ အခု သီလဝါစီးပွားရေးဇုန်မှာ ရင်းနှီးမြှုပ်နှံကြသူတွေက ကနဦး ဝင်လာကြသူတွေပါ။ နည်းပညာတွေကျန်ခဲ့မယ်။ ဒါကြောင့် သူတို့ စိတ်ပျက်လက်ပျက်နဲ့ ကိုယ့်နိုင်ငံကနေ ပြန်ထွက်မသွားရအောင် ဆွဲဆောင်ထားနိုင်ရမယ်။ ကျွန်တော်တို့နိုင်ငံက အလုပ်အကိုင်ရှားပါးတော့ နိုင်ငံခြားကို အခြေခံအလုပ်သမားရော၊ ပညာရှင်တွေရောထွက်နေကြတာများတယ်လေ။ ဒါကြောင့် ရင်းနှီးမြှုပ်နှံမှုတွေကို ကျွန်တော်တို့ ကြိုဆိုရမယ်။

**မငြိမ်းသီရိ (သီလဝါ ရွှေပြည်သာယာအမှတ် -၂)**

အရင်က အထည်ချုပ်စက်ရုံသုံးခုလောက်မှာလုပ်ဖူးတယ်။ စုစုပေါင်း လုပ်သက် ၁၀ နှစ်လောက်တော့ ရှိတယ်။ ဒီမှာအထည်ချုပ်ရတာစေ့စပ်သေချာတယ်။ စင်တီမီတာကအစ လွဲလို့မရဘူး။ နောက် အလုပ်မစခင် လေ့ကျင့်ခန်းလုပ်ရတယ်။ တစ်နေ့လုံး ဆက်တိုက်စက်ချုပ်နေရင် ခြေထောက်တွေ၊ ခါးတွေမှာ ဒဏ်ဖြစ်နိုင်တယ်တဲ့။ ဒါကြောင့် မနက်ဆိုရင် ၁၀ မိနစ်နားပြီး လေ့ကျင့်ခန်းလုပ်ရတယ်။ အခုကဖယ်ရီစီးချိန်က ခဏပဲ။ အရင်က ရန်ကုန်မှာသွားလုပ်ရတော့ ဖယ်ရီအကြာကြီးစီးရတယ်။ အခုတော့ အိမ်နဲ့နီးတော့ မိဘတွေလည်း စိတ်ချရတယ်လေ။

**မမြမြစန်း (အလွမ်းဆွတ်ကျေးရွာ၊ အေးမေတ္တာရပ်ကွက်၊ ကျောက်တန်း)**

ဂျပန် လက်အိတ်စက်ရုံကနေ အလုပ်ခေါ်လို့ အလုပ်လာလျှောက်တာ။ အခု ဗီယက်နမ်မှာ သင်တန်းသုံးလသွားတက်ရမယ်။ အမျိုးသမီး ၁၃ ယောက်ပါ။ ၁၁ လပိုင်းမှာ သွားရမယ်။ လက်အိတ်ချုပ်နည်းတွေ သင်ရမှာပါ။ အထူးစီးပွားရေးဇုန်ဖြစ်လာတော့ အလုပ်တွေပေါ်လာတယ်။ စက်ရုံတွေကလည်း အများကြီးပဲ။ သန်လျင်၊ ကျောက်တန်းက လူတွေ အကုန်လုံး အလုပ်ရမယ်ထင်တယ်။ နိုင်ငံခြားပညာသင် သွားရတော့ ဝမ်းသာတယ်။ ကိုယ့်ဘာသာကိုယ်ဆို ဒီလိုသွားဖို့ မလွယ်ဘူးလေ။ အခွင့်အရေးတစ်ခုလို့ထင်တယ်။ ဗီယက်နမ်သွားနေတဲ့ သုံးလမှာလည်း လစာတစ်သိန်းလောက်တော့ရမှာပါ။ ပြန်လာရင်တော့ တစ်သိန်းလေးသောင်းလောက်ရမယ်ထင်ပါတယ်။ လုပ်ငန်းကျွမ်းကျင်မှုတိုးတက်လာရင် လစာတိုးလာမယ်လို့တော့ ထင်ပါတယ်။

**မဝတ်ရည်ဖြိုး (အလွမ်းဆွတ်ကျေးရွာ၊ အေးမေတ္တာရပ်ကွက်၊ ကျောက်တန်း)**

ရပ်ကွက် အုပ်ချုပ်ရေးမှူးက သီလဝါမှာ အလုပ်သမားတွေခေါ်တယ်ဆိုလို့ အလုပ်လျှောက်လိုက်တယ်။ အင်တာဗျူးဖြေပြီး အောင်တော့ ဗီယက်နမ်မှာသင်တန်းတက်ဖို့ အရွေးခံရတယ်။ ပြန်လာရင်တော့ ဘယ်နေရာမှာ တာဝန်ယူရမယ်မသိသေးဘူး။ စက်ရုံလည်ပတ်ရင် လူ ၉၀၀ လောက် အလုပ်ခန့်ပြီး ကျွန်မတို့က ပြန်သင်ပေးရမယ်လို့တော့ ပြောတယ်။ ဆယ်တန်း မအောင်တော့ စိုးရိမ်ပေမယ့် ပညာအရည်အချင်းမကန့်သတ်ဘဲ ပညာသင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ အရင်ကဆို ဒီနားမှာ အိမ်အလုပ်လုပ်ရင်လုပ်၊ မဟုတ်ရင် အဝေးကြီးက စက်ရုံတွေမှာ သွားလုပ်ကြရတယ်။ အခုနိုင်ငံတကာ စက်ရုံတွေလာတော့ အခွင့်အလမ်းတွေနဲ့ အတွေ့အကြုံတွေရပါတယ်။ ဒီလိုသွားရလို့ စာချုပ်ချုပ်ခိုင်းတာမျိုးတော့ မရှိသေးဘူး။ ။


မဇာဖြူလင်း


မယုယုလှိုင်


Tong Sun စက်ရုံမှူး


ဦးမျိုးမြင့်သိန်း


မငြိမ်းသီရိ


မမြမြစန်း


မဝတ်ရည်ဖြိုး

# အခြေခံပညာသင်ထောက်ကူနှင့် တွဲဖက်သင်ရိုးဝင်(ဂီတ)ပြိုင်ပွဲ ကျင်းပ

**ပဲခူး စက်တင်ဘာ ၂၀**

ပဲခူးမြို့နယ် အခြေခံပညာဦးစီးဌာနမှ စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီက ပဲခူးမြို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် အခြေခံပညာသင်ထောက်ကူနှင့် တွဲဖက်သင်ရိုးဝင်ဘာသာရပ်(ဂီတ)ပြိုင်ပွဲကျင်းပသည်။

ရှေးဦးစွာ ပဲခူးမြို့ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ကြီး ဦးကျော်မြင့် (အက)နှင့် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက မြန်မာမှုသီချင်းသီဆို၍ ဖျော်ဖြေတင်ဆက်ကြပြီး မြို့နယ်ပညာရေးမှူး ဦးဝင်းသိန်းက အမှာစကားပြောကြားကာ အမှတ်ပေးဒိုင်ချုပ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ခင်သူဇာစိန်က အမှတ်ပေးစနစ်အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက်ပြိုင်ပွဲဝင်များက နိုင်ငံတော်သီချင်း၊ သွေးချင်းများပီပီ ငြိမ်းချမ်းရေးပန်းခင်း၊ မြန်မာ့ကြွေးကြော်သံ၊ ပင်ချင်းယှက်၍ နွယ်ချင်းခက်သော် မြန်မာပြည်သား၊ စည်းကမ်း၊ မေတ္တာဂုဏ်၊ မြန်မာ့မူဟန်ရသွားပုံသီချင်းများဖြင့် ပြိုင်ပွဲဝင်သီဆိုကြသည်။

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် မူလတန်းအဆင့်ပြိုင်ပွဲဝင် ၇၀၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် အထက်တန်း၊ အလယ်တန်းအဆင့်ပြိုင်ပွဲဝင် ၈၀၊ အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းတွင် မူလတန်းအထက်ဆင့်(မြန်မာ့ယဉ်ကျေးမယ်)ပြိုင်ပွဲတွင် ၅၀ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာကျောင်းသား ကျောင်းသူများအနေဖြင့် မြန်မာဂီတသံစဉ်များနှင့် ရင်းနှီးကျွမ်းကျင်မှုရှိရန်၊ အခြေခံစည်းဝါးနှင့် သီဆိုမှုသံစဉ်သံကျများကို သိရှိရန်၊ မြန်မာ့ရိုးရာသီချင်းများ၏ ရသကိုခံစားတတ်ပြီး ကိုယ်တိုင်သီဆိုကခုန်တီးမှုတ်လာတတ်ရန်၊ လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရန်၊ မြန်မာ့ရိုးရာဂီတ အနုပညာများကို မြတ်နိုးတန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊ တိုင်းရင်းသားများစည်းလုံးညီညွတ်ပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုတိုးတက် ခိုင်မာလာစေရန်ရည်ရွယ်၍တွဲဖက်သင်ရိုးဝင်ဘာသာရပ်ပြိုင်ပွဲ ကျင်းပခြင်း ဖြစ်သည်။

ယင်းအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သိန်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စိုးစိုးနွဲ့၊ မြို့နယ်ပညာရေးမှူး ဦးဝင်းသိန်းနှင့် ဒုတိယမြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများတက်ရောက်ကြကြောင်း သိရသည်။




**ရွှေဘုန်းအောင်(ပဲခူး)**

# မျိုးဆက်တစ်ဆက်နှင့်တစ်ဆက် တိုးတက်ပြောင်းလဲပါမှ

**ခင်မောင်ထွေး**

အတိတ်ဘဝက ကုသိုလ်ကံ နည်းခဲ့၍လေလားမသိ၊ ပစ္စုပ္ပန်ဘဝတွင် မောင်ချစ်ဖေထံတွင် ရွှေ ငွေ ရတနာ မပြောနှင့် သားသမီးရတနာပင် မရှိရှာခဲ့။

သို့တစေ မောင်ချစ်ဖေကတော့ ယောနိသောမနသိကာရစိတ်ဖြင့် ဖြေသိမ့်နိုင်ပါသည်။

မြန်ပြည်တစ်ဝန်းရှိ မျိုးဆက်သစ်လူငယ်မောင်မယ်များသည် မိမိ၏ သားသမီးများဖြစ်ကြပါသည်ဟု သို့ကလို နှလုံးသွင်းထား၍ဖြစ်ပေသည်။

သူတို့လေးတွေ၏ အနာဂတ်သည် နိုင်ငံ၏ အနာဂတ်ဟုလည်း မောင်ချစ်ဖေ ခံယူထားသည်။

ရှေ့မျိုးဆက်ထက် ယခုမျိုးဆက်က တော်မှ၊ ယခု မျိုးဆက်ထက် လာမည့် မျိုးဆက်က ပိုတော်မှသာ မျိုးဆက် တစ်ဆက်နှင့်တစ်ဆက်ကြား ဆင့်ကဲတိုးတက်ပြောင်းလဲလာခြင်းဖြစ်ပေလိမ့်မယ်။

ထိုသို့ တိုးတက်ပြောင်းလဲနိုင်ရေးအတွက်မူ သူတို့လေးတွေ၏ ပညာရေးစနစ်က အဓိကသော့ချက်ဖြစ်နေပြန်သည်။

ယခု ရေးလက်စ ဆောင်းပါးစာစုသည် ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ဂျာမနီတွင် သွားရောက် အလုပ်လုပ်ကိုင်နေသူ မောင်ချစ်ဖေ၏ငယ်ပေါင်းမိတ်ဆွေတစ်ဦးနှင့် ရုပ်ကွက် လက်ဖက်ရည်ဆိုင်တွင် အလာပသလ္လာပ ပြောဆိုရင်းဖြစ်တည်လာခဲ့ခြင်းဖြစ်သည်။

“ဂျာမနီမှာ ဘာအလုပ်လုပ်နေသလဲ”

“မူကြိုကလေးထိန်းဌာနမှာပါဗျာ” မောင်ချစ်ဖေ၏ အမေးကို သူက လိုရင်းတိုရှင်းသာ ဖြေသည်။

သို့သော်နေရာတကာ ဟိုစပ်စပ် ဒီစပ်စပ် အစဆွဲထုတ်လေ့ရှိသူ မောင်ချစ်ဖေ၏ ဗီဇကြောင့် “ဂျာမနီက နေ့ကလေးထိန်းဌာနက ၁၁ လ အရွယ်ကနေ ခြောက်နှစ်သားအထိ လက်ခံတယ်ဗျ”

“စာလုံး၀ မသင်ဘူး၊ သူတို့ကို ပတ်ဝန်းကျင် အပေါင်းအသင်းနဲ့ ဘယ်လိုနေထိုင်ရမယ်၊ ကိုယ့်ဘာသာကိုယ် ဝတ်တတ်၊ စားတတ်၊ နေတတ်၊ ထိုင်တတ်၊ ကိုယ့်အားကိုယ်ကိုးတတ်အောင် အဓိကထား သင်တယ်ဗျ။ ထူးခြားတာက သဘာဝပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်အောင် နေထိုင်ရမယ့် သင်ခန်းစာဆိုရင် မိုးကာအင်္ကျီဝတ်ပြီး အခန်းအပြင်မှာ နေရတယ်၊ ဗဟုသုတရဖို့ လေ့လာရေးအစီအစဉ်တွေလည်းပါတယ်”

သူ၏ ရေခြားမြေခြား အတွေ့အကြုံများက မောင်ချစ်ဖေ ဟိုတစ်စ ဒီတစ်စ ဖတ်ရှုလေ့လာခဲ့ဖူးသော အင်္ဂလိပ်ခေတ် မူလတန်းပညာရေးစနစ်ကို ပြန်ပြောင်းသတိရစေ၏။

အင်္ဂလိပ်ခေတ် သုံးတန်း၊ လေးတန်း ပညာသင်ကြားရေး စနစ်တွင် ကွန်ဆက်နှင့် ပလေးဟူသည့် သင်ခန်းစာများပါရှိသည်။ အင်္ဂလိပ်လိုပင်သင်၊ အင်္ဂလိပ်စကားချည်း ပြောရသည်။ မုန့်ဖုတ်တမ်းကစားမည်ဆိုလျှင် မုန့်မျိုးစုံအမည်၊ ပေါင်မုန့်ဖုတ်သူ၊ ဈေးနှုန်း၊ ဈေးဆစ်နည်းသာမက သကြား၊ ထောပတ်၊ ချိစ်၊ ဂျုံ၊ စပျစ်သီးခြောက်၊ ဗာဒံသီး၊ စတော်ဘယ်ရီယို၊ ပေါင်မုန့်၊ ကိတ်မုန့်၊ ဆိတ်သားမုန့်၊ အသားညှပ်မုန့်၊ ငါးညှပ်မုန့် စသည်ဖြင့် ဦးနှောက်ထဲစွဲသွားအောင် ပျော်ပျော်ရွှင်ရွှင် သင်ကြားပေး၍ ထိုခေတ် မုန့်တိုက်ဆိုင်တစ်ခုထဲ ဝင်ပါက အင်္ဂလိပ်လို ရေရေလည်လည် ပြောနိုင်သွားသည်အထိ လက်တွေ့အသုံးဝင်လှသည်။ အလားတူ အိမ်ဆောက်တမ်း၊ ဈေးရောင်းတမ်း၊ အင်္ကျီချုပ်တမ်း၊ ရတနာသေတ္တာပစ္စည်းထည့်တမ်း စသည်ဖြင့် ပလေးကွန်ဆက် သင်ခန်းစာများကိုလည်း ထည့်သွင်းသင်ကြားပေး၍ ဆိုင်ရာဆိုင်ရာ အင်္ဂလိပ်စာဝေါဟာရများကို ငယ်စဉ်ကတည်းက ရင်းနှီးကျွမ်းဝင်မှု ရှိသွားကြသည်။

သို့မို့ကြောင့် အင်္ဂလိပ်ခေတ်တွင် လေး၊ ငါးတန်းရောက်သည်နှင့် အင်္ဂလိပ်ကာတွန်းများ၊ စာအုပ်များကို ဖတ်ရှုနိုင်ပြီဖြစ်သည်။

မောင်ချစ်ဖေတို့ ခေတ်ပြိုင်မျိုးဆက်တို့၏ ခေတ်တွင်မူ ငါးတန်းရောက်မှ အေ၊ ဘီ၊ စီ၊ ဒီ စသင်ခဲ့ရသည်။

ယခုလာမည့် မျိုးဆက် သားသားမီးမီးများကမူ ကံကောင်းပေတော့မည်။ လာမည့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် သူငယ်တန်းကို အခြေခံပညာမူလတန်းအဆင့်အဖြစ် ဖွင့်လှစ်ပြီး သူငယ်တန်း+၁၂ တန်း (KG +12)သင်ရိုးအသစ်ဖြင့် သင်ကြားရန် ပညာရေးဌာနက စီစဉ်လျက်ရှိကြောင်း သိရသည်။

လာမည့် ပညာသင်နှစ်တွင် အသက်ငါးနှစ်ပြည့်ပြီး သူငယ်တန်းကလေးများသာ မိနိုင်မည်ဖြစ်ပြီး ယခု ကျောင်းတက်ဆဲ ကျောင်းသားကျောင်းသူများမှာမူ သူငယ်တန်း+၁၂ တန်း သင်ရိုးအသစ်ကို မမီကြောင်း၊ သူငယ်တန်းပြီးမှ ပထမတန်း စသည်ဖြင့် အဆင့်လိုက် အဆင့်လိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပြန်သည်။

ဆိုခဲ့ပါ သင်ရိုးသစ်တွင် ကလေးများ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု အကျင့်စာရိတ္တအပိုင်းသာမက မိတ္တဗလခေါ်သည့် ပေါင်းသင်းဆက်ဆံမှု၊ ယဉ်ကျေးမှု စသည်တို့ကို အာရုံစိုက် လေ့ကျင့်ပျိုးထောင်ပေးသည့် အပိုင်းများ ပါဝင်မည်ဖြစ်သည်။

အထူးသဖြင့် စာသင်ပေးသည့် သဘောမဟုတ်မူဘဲ ဘက်စုံဖွံ့ဖြိုးမှုကို အုတ်မြစ်ချ ပျိုးထောင်ပေးသည့် သဘောသဘာဝဖြစ်သည်။

ဆိုခဲ့ပါ သင်ရိုးညွှန်းတမ်းကို ပြည်တွင်းပြည်ပ ပညာရှင်များ ပါဝင်သော ဆွေးနွေးပွဲများမှတစ်ဆင့် မျိုးဆက်သစ်ကလေးများနှင့် နိုင်ငံ၏ လိုအပ်ချက်ကို နိုင်ငံတကာစံနှုန်းများနှင့်ချိတ်ဆက်၍ ချင့်ချင့်ချိန်ချိန် စဉ်းစားရေးဆွဲခဲ့ခြင်း ဖြစ်ကြောင်း ပညာရှင်တစ်ဦးက ဆိုသည်။

“မင်းတို့ကြက်တူရွေးလို စာအုပ်ကို နှုတ်တိုက်ကျက်နေလို့ကတော့ ဘယ်တော့မှ မရဘူး”

“နားလည်သဘောပေါက်အောင် သင်မှတတ်မှာ”

“မင်းတို့ Grammar မသင်ဘဲ၊ မသိဘဲ အင်္ဂလိပ်စာဘယ်တော့မှ တတ်မှာမဟုတ်ဘူး”

“အင်္ဂလန်က ကလေးတွေတောင် Grammar အရင်သင်ပြီးမှ အခြားသင်ခန်းစာတွေ တက်ရတာကွ”

အင်္ဂလိပ်ခေတ် ပညာရေးစနစ်တွင် ဘွဲ့ရရှိခဲ့သူ ဖခင်ကြီးက မောင်ချစ်ဖေတို့ အလယ်တန်းကျောင်းသားဘဝ အင်္ဂလိပ်စာမေးတိုင်း အားမလိုအားမရ စိတ်တိုပြီး ပြောသည့်စကားများ ဖြစ်ပါသည်။ ယခုတိုင် ပြန်လည်ကြားယောင်မိပါသည်။





## ဖက်ရင်းကျေးရွာတွင် ဂန္ဓမာပန်းများစိုက်ပျိုးအောင်မြင်

**မြင်းခြံ စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဖက်ရင်းကျေးရွာတွင် ဂန္ဓမာပန်းများ စိုက်ပျိုးအောင်မြင်လျက်ရှိပြီး ဒေသခံတောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

“ဂန္ဓမာပန်းပျိုးပင်ကို ပြင်ဦးလွင်မြို့တက်ဝယ်ရတာ။ တစ်ပင်ကို ရှစ်ကျပ်ခွဲပေးရတယ်။ တစ်ဧကကို အပင်တစ်သောင်းလောက်စိုက်တာ။ အစိပ်စိုက်မို့ အကျဲစိုက်ဆို ခုနစ်ထောင်၊ ရှစ်ထောင်လောက်ပဲ။ ဒီဒေသမှာ ဂန္ဓာပန်းမျိုးကတော့ ကီလိုမျိုးနဲ့ လပ်ကီးမျိုးကိုသာစိုက်ပျိုးတယ်။ ကီလိုမျိုးက အဖူးမခွဲရဘူး။ လပ်ကီးမျိုးကတော့အဖူးခွဲရတယ်။ အပင်တစ်ထွာလောက်ရရင် ခေါင်ညွှန့်ဆိတ်ပစ်ရတယ်။ အပင်ခွအောင်လို့လေ။ အဖူးများချိန်မှာလည်း သေးတဲ့အဖူးနဲ့ ကြီးတဲ့အဖူးဆိတ်ပစ်ရတယ်။ ဒါမှအပွင့်ညီတယ်။ တစ်ဧကကို စိုက်ပျိုးစရိတ်သုံးသိန်းခန့်ကုန်ကျတယ်။ ကဆုန်လမှစစိုက်။ ရှေ့လဆို စရောင်းတော့မယ်။ စက်ရေတွင်းနဲ့ ရေသွင်းစိုက်ထားတာ၊ စက်ရေတွင်းရှိတော့ အဆင်ပြေတာပေါ့။ စက်ရေတွင်းကလည်း ကျွန်တော်တို့ဒေသမှာ တစ်တွင်းတူးရင် ၁၅ သိန်း၊ ၁၆ သိန်းလောက်ကုန်ကျတယ်” ဟု ဖက်ရင်းကျေးရွာမှ ဒေသခံတောင်သူကိုဟိန်းကိုက ပြောသည်။

အဆိုပါဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းတွင်တည်ရှိသောကြောင့် စက်ရေတွင်းများ တူးဖော်စိုက်ပျိုးနိုင်သူများ ပိုမိုအဆင်ပြေလျက်ရှိပြီး ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ပဲစင်းငုံ၊ မြေပဲ ၊ ကုလားပဲများ အဓိကအားထား စိုက်ပျိုးကြောင်း သိရသည်။ **သန်းဇော်မင်း(မြန်/ဆက်)**

## ကျေးလက်ဒေသအောက်ခြေအထိ တီဘီရောဂါရှာဖွေစစ်ဆေးကုသမှုများ ပြုလုပ်

**မကွေး စက်တင်ဘာ ၂၀**

တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်အရ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ ကျေးလက်ဒေသ အောက်ခြေအထိ ရောဂါရှာဖွေစစ်ဆေးကုသမှုများပြုလုပ်နေကြောင်း တီဘီဆရာဝန်ကြီး ဒေါက်တာဦးတင်မောင်ဆွေထံမှ သိရသည်။

မကွေးမြို့နယ်တွင် တီဘီရောဂါတိုက်ဖျက်ရေးအတွက် စက်တင်ဘာ ၈ ရက်မှ ယနေ့အထိ ကျေးရွာငါးရွာတွင် ဒေါက်တာ ဦးတင်မောင်ဆွေ ဦးဆောင်၍ ဒေါက်တာဒေါ်သဥ္ဇာမင်း တီဘီဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန ဒေသန္တရ(၂) စုစုပေါင်း ကျန်းမာရေးဝန်ထမ်း ၁၁ ဦးတို့ဖြင့် ကွင်းဆင်းလိုက်လံဆေးကုသမှုများ ပြုလုပ်နေကြောင်း ဒေသန္တရ(၂)မှ ဒေါ်ကြီးမြင့်က ပြောကြားသည်။

ကျေးလက်ဒေသအောက်ခြေအထိ တီဘီရောဂါရှာဖွေ ဆေးကုသရာ၌ ခေတ်မီဒစ်ဂျစ်တယ်ဓာတ်မှန်စက်ကြီးဖြင့် ရောဂါရှာဖွေဆေးကုသမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိပြီး တီဘီရောဂါတွေ့ရှိပါက ချက်ချင်းဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်ဟု ကျန်းမာရေးဝန်ထမ်းများက ပြောသည်။

ယနေ့အချိန်အထိ ကွင်းဆင်းဆေးကုသပြီးသော ကျေးရွာများမှာ ကြာကန်၊ လက်ဆည်ကန်၊ ညောင်ကန်၊ ဒေါင်းနေ၊ ကံပြားတို့ဖြစ်ပြီး ၎င်းကျေးရွာများမှရောဂါတွေ့ရှိသည့် လူနာ ၁၄ ဦးရှိကြောင်း ဒေါက်တာ ဦးတင်မောင်ဆွေက ပြောကြားသည်။ရောဂါတွေ့ရှိသူလူနာများကို တီဘီဆေးခြောက်လ မပျက်မကွက် စားသုံးနိုင်ရန် အသိပညာပေးခြင်းများဖြင့် ဆောင်ရွက်သွားမည်ဟု သိရသည်။ **(လွှမ်း)**

## လယ်ယာသုံးစက်ကိရိယာများ လက်တွေ့မောင်းနှင်သရုပ်ပြ

**ချောင်းဦး စက်တင်ဘာ ၂၀**

သမဝါယမဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ Daedong Industrial Co. Ltd တို့ပူးပေါင်း၍ လယ်ယာသုံးစက်ကိရိယာများ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်ခြင်းနှင့် စက်စွမ်းရည်များအကြောင်း လက်တွေ့မောင်းနှင်သရုပ်ပြခြင်း အခမ်းအနားကို စက်တင်ဘာ ၁၈ ရက်က ချောင်းဦးမြို့၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

သရုပ်ပြသပွဲတွင် ကိုရီးယားနိုင်ငံ Daedong တာဝန်ခံကိုယ်စားလှယ်က ကိုရီးယားသမ္မတနိုင်ငံမှ ထုတ်လုပ်သည့် လယ်ယာသုံးစက်ကိရိယာများ ထိန်းသိမ်းပြုပြင်ခြင်း၊ အာမခံခြင်းနှင့် ဝယ်ယူခြင်းဆိုင်ရာ လုပ်ငန်းများအကြောင်း ရှင်းလင်းပြောပြသည်။

ထူးနီကျေးရွာမှ အသင်းသားတောင်သူ ဦးဖိုးပြေ့က “လက်မှုလယ်ယာစနစ်နဲ့ပဲ လုပ်နေတဲ့အခါကျတော့ အချိန်ကုန်နှောင့်နှေးနေတဲ့ဘဝကနေပြီး အခုလို စက်စွမ်းအားနဲ့ဆိုရင် အမြန်ပြီးသွားတာပေါ့၊ ဒီလယ်ယာသုံး စက်ကိရိယာတွေ ဝယ်ယူလိုက်တဲ့အခါ ကျွန်တော်တို့ အရင်က ခက်ခဲခဲ့တဲ့ ထယ်ထိုးခြင်းလုပ်ငန်းတွေကို စက်နဲ့ လုပ်ကိုင်နိုင်တော့ အချိန်မီစိုက်ပျိုးနိုင်တဲ့ ကိစ္စတွေ၊ အကျိုးအမြတ်တွေ ပိုမိုရရှိလာပါတယ်။ စက်ဝယ်ယူနိုင်ဖို့ ကိုယ့်မှာရှိတဲ့ငွေထက် ကာလကြာရှည်စွာ အရစ်ကျစနစ်နဲ့ ရောင်းချပေးတဲ့အတွက် ကျွန်တော်တို့တွေ တဖြည်းဖြည်းနဲ့ စက်ပိုင်လယ်သမားအဆင့်ကိုရောက်သွားတော့မှာ ဖြစ်ပါတယ်”ဟု ပြောပြသည်။ **(အိအိစိုး)**



## တန်ဖိုးနည်းအိမ်ရာနှင့် ကျေးလက်ရေပေးရေးလုပ်ငန်းစစ်ဆေး

**ချောင်းဆုံ စက်တင်ဘာ ၂၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ချောင်းဆုံမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တန်ဖိုးနည်းလုံးချင်းအိမ်ရာ တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် ကျေးလက်ရေပေးရေးလုပ်ငန်းများကို မြို့နယ်ဦးစီးမှူးနှင့် အရည်အသွေးစစ်ဆေးရေးအဖွဲ့က စက်တင်ဘာလပထမပတ်က ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။ **မောင်သိန်း(ကျေးလက်)**



# CL ရဲ့ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မည့်ရက် ထပ်မံရွှေ့ဆိုင်း

တောင်ကိုရီးယား အမျိုးသမီးပေါ့ပ်ဂီအဖွဲ့ 2NE1မှ အဖွဲ့ဝင်စီအယ်လ်သည် အမေရိကန်နိုင်ငံတွင် သွားရောက်အသံသွင်းခဲ့သည့် သူ၏တေးအယ်လ်ဘမ်သစ်အတွက် ထုတ်လွှင့်မည့်ရက်ကို စီစဉ်ထားသည့်ရက်မှ ထပ်မံရွှေ့ဆိုင်းလိုက်ကြောင်း စက်တင်ဘာ ၁၈ ရက်က ထုတ်ပြန်ပြောကြားခဲ့သည်။

ယခင်က စက်တင်ဘာလအတွင်း ထုတ်လွှင့်သွားမည်ဟု အတည်ပြုပြောကြားထားသော တေးအယ်လ်ဘမ်သစ်ကို ယခုအခါ အောက်တိုဘာလနောက်ပိုင်းတွင်မှ ထုတ်လွှင့်သွားနိုင်ဖွယ်ရှိကြောင်းနှင့် ယခုနှစ်မကုန်မီ အပြီးသတ်ထုတ်လုပ်သွားနိုင်ရန်စီစဉ်နေကြောင်း သူက ဆိုသည်။

စီအယ်လ်၏ ကိုယ်စားလှယ်က "ကျွန်တော်တို့ ဒီအယ်လ်ဘမ်ကိုပိုကောင်းအောင်၊ ပြည့်စုံသည်ထက်ပြည့်စုံအောင် ဖန်တီးနေတဲ့အတွက် ရက်ရွှေ့လိုက်ရတာပါ။ လတ်တလောမှာတော့ ထုတ်လုပ်မှုရဲ့ နောက်ဆုံးအပိုင်းကို ရောက်နေပါပြီ။ စောင့်မျှော်နေတဲ့ပရိသတ်ကြီးအတွက် ဒီနှစ်မကုန်ခင် အပြီးသတ်ထုတ်လုပ်သွားနိုင်အောင် ကြိုးစားနေပါတယ်"ဟု စတားနယူးစ်သို့ပြောသည်။

ယခုတေးအယ်လ်ဘမ်ကို စီအယ်လ်သည် တောင်ကိုရီးယား၌သာမက အမေရိကန်နိုင်ငံတွင်ပါ ဖြန့်ချိရောင်းချသွားရန်ရည်ရွယ်ထားသည့်အတွက် တောင်ကိုရီးယားနိုင်ငံနှင့်မတူညီသည့် အမေရိကန်၏ဂီတဈေးကွက်လိုအပ်ချက်များနှင့် ပြည့်စုံကာမိအောင် ဆောင်ရွက်ပြင်ဆင်နေသည့်အတွက် ယခုကဲ့သို့ ထုတ်လွှင့်မည့်ရက်ကို ထပ်မံရွှေ့ဆိုင်းလိုက်ရခြင်းဖြစ်ကြောင်းလည်း အောကေပေါ့ပ်ဒေ့ါကွန်းက ဖော်ပြခဲ့သည်။

## နောက်တစ်ကြိမ်အသည်းကွဲမှာ စိုးရိမ်နေတဲ့ ရီဟားနား

ပေါ့ပ်ဂီတလောကရဲ့ဘုရင်မလို့တင်စားခံရတဲ့ အမေရိကန်အဆိုတော် ရီဟားနားဟာ လတ်တလောမှာ ရက်ပ်အဆိုတော်တစ်ဦးဖြစ်တဲ့ ထရားဗစ်စကော့ထ်နဲ့ ချစ်ကြိုးသွယ်နေပါတယ်။ ဒါပေမယ့် သူဟာ တစ်သက်မှာဘယ်တော့မှမမေ့နိုင်အောင်ခံစားရပြီး အသည်းကွဲခဲ့ဖူးပါတယ်။ အဲ့ဒါကတော့ ချစ်သူဟောင်း ခရစ်ဘရောင်းနဲ့ လမ်းခွဲခဲ့တုန်းက ခံစားခဲ့ရတာပါ။

ခရစ်ဘရောင်းနဲ့လမ်းခွဲခဲ့ပြီး ချစ်သူသစ်တွေရှိခဲ့ပေမယ့် ခံစားချက်တွေသိပ်မနက်နဲခဲ့ပါဘူး။ အခုတစ်ခါ ထရားဗစ်နဲ့ လက်တွဲခဲ့တဲ့အချိန်မှာတော့ သူနဲ့လမ်းခွဲရမှာကို ဝမ်းနည်းတဲ့စိတ်၊ နောက်ထပ်အသည်းကွဲရမှာကို စိုးရိမ်တဲ့စိတ်တွေ ဖြစ်ပေါ်ခံစားနေရကြောင်း ရီဟားနားက ဆိုပါတယ်။

တေးဂီတလောကမှာ လျှမ်းလျှမ်းတောက်အောင်မြင်နေတဲ့ ရီဟားနားနဲ့ လက်တွဲခွင့်ရခဲ့တာဟာ ထရားဗစ်အတွက် ထီပေါက်သလို ခံစားခဲ့ရပေမယ့် ရီဟားနားကတော့ ကြာလာတဲ့အခါ သူတို့ရဲ့ အချစ်ခရီးလမ်းဟာ မဖြောင့်ဖြူးတော့ဘဲ လမ်းခွဲရမယ့်အခြေအနေနဲ့ ကြုံလာရင် သူနောက်တစ်ကြိမ် အသည်းကွဲရမှာကို စိုးရိမ်စိတ်ဝင်နေမိကြောင်း ဖွင့်ဟခဲ့ပါတယ်။

မကြာသေးမီက သူဟာ ချစ်သူဟောင်း ခရစ်ဘရောင်းတစ်ဦးတည်းကိုသာ ရင်ထဲမှာထာဝရ ချစ်ခင်နေမိကြောင်း၊ ထရားဗစ်နဲ့ အချစ်ရေးမှာလည်း ခရစ်ဘရောင်းရဲ့ကောင်းချီးပေးမှုကို လိုချင်မိကြောင်းဆိုခဲ့တဲ့ ရီဟားနားဟာ တစ်ချိန်တည်းမှာပဲ သူနဲ့ထရားဗစ်တို့နှစ်ဦးဟာ ဘီယွန်းစေးနဲ့ ဂျေဇီးတို့ဇနီးမောင်နှံကဲ့သို့ အနုပညာလောကမှာ ကျော်ကြားတဲ့စုံတွဲတစ်တွဲအဖြစ် ရပ်တည်နေလိုကြောင်းလည်း ပြောကြားခဲ့ပြန်ပါတယ်။






## ရုပ်ရှင်သရုပ်ဆောင်အဖြစ်မြင်တွေ့ရမယ့် ဒေးဗစ်ဘက်ခမ်း

ကမ္ဘာကျော်ဘောလုံးကစားသမား ဒေးဗစ်ဘက်ခမ်းသည် နာမည်ကြီးအမှတ်တံဆိပ်အချို့၏ ပင်တိုင်မော်ဒယ်အဖြစ်ဆောင်ရွက်ကာ အောင်မြင်ခဲ့သည့်မော်ဒယ်တစ်ဦးလည်းဖြစ်သည်။ သို့သော် သူသည် မော်ဒယ်လောကမှခြေဆန့်ကာ ရုပ်ရှင်ဇာတ်လမ်းတိုတစ်ခုတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့်အတွက် သူ့ကို မကြာမီ ရုပ်ရှင်သရုပ်ဆောင်တစ်ဦးအဖြစ်မြင်တွေ့ရတော့မည် ဖြစ်သည်။

အသက် (၄၀)အရွယ်ကစားသမားဟောင်းဒေးဗစ်ဘက်ခမ်းသည် သားရေဖြင့်ပြုလုပ်ထားသော အသုံးအဆောင်များကို ထုတ်လုပ်သည့် Belstaff အမှတ်တံဆိပ် အဝတ်အစားအသုံးအဆောင်များအတွက် ကြော်ငြာအဖြစ်ရည်ရွယ်ရိုက်ကူးသည့် စွန့်စားခန်းရုပ်ရှင်ဇာတ်လမ်းတို "Outlaws for lifestyle brand Belstaff"တွင် ပါဝင်သရုပ်ဆောင်ထားသည်။

ထိုသို့ ရုပ်ရှင်သရုပ်ဆောင်ဖြစ်လာခဲ့ရသည့် ခံစားချက်နှင့်ပတ်သက်၍ ဘက်ခမ်းက "အခုလို မက္ကဆီကို ကန္တာရထဲမှာ သွားရောက်ရိုက်ကူးခဲ့ရတဲ့အတွက် ရိုက်ကူးရေးနေ့ရက်တွေဟာ ကျွန်တော့်အတွက် ဘဝမှာမမေ့နိုင်တဲ့နေ့ရက်တွေပါပဲ"ဟု ဆိုခဲ့သည်။

ယခုရိုက်ကူးလျက်ရှိသည့်ရုပ်ရှင်တွင် ဘက်ခမ်းကို ဆိုင်ကယ်အလုပြမောင်းသမားတစ်ဦးအဖြစ် မြင်တွေ့ရမည်ဖြစ်ကာ ယခုနှစ်အတွင်း သူသည် ဒါရိုက်တာဂိုင်းရစ်ချီ တာဝန်ယူရိုက်ကူးမည့် ရုပ်ရှင်ကားသစ် "Knights of the Roundtable: Arthur"တွင်လည်း ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်သည်။

သူ၏ဇနီးသည်ဗစ်တိုးရီးယားဘက်ခမ်းသည်လည်း ယခုတစ်ပတ်တွင် ကျင်းပပြုလုပ်ခဲ့သည့် နယူးယော့ခ်ဖက်ရှင်သီတင်းပတ်တွင် နောက်ဆုံးပေါ် ကိုယ်ပိုင်ဖက်ရှင်ဒီဇိုင်းများကို ဝင်ရောက်ပြသခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။ ထို့ကြောင့် လတ်တလောတွင် ဘက်ခမ်းမောင်နှံ အောင်မြင်မှုအပေါင်း ဆင်မြန်းနိုင်လျက်ရှိနေကြောင်း မစ်ရာဒေ့ါကွန်းက ဖော်ပြခဲ့သည်။

အေးပြည့် - စုစည်းသည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

၂၁ - ၉ - ၂၀၁၅ (တနင်္လာနေ့)

### MRTV - 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ ရတနသုတ် |
| ၅း၄၀ | "တရားပွဲမှ ရရှိသော အကျိုးအမြတ်" တရားတော်(ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ) |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၅၉) |
| ၉း၀၅ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၉၁) |
| ၁၀း၁၀ | ခေတ်သစ်ပျိုမေ |
| ၁၀း၅၅ | ရန်ကုန်မြင်ကွင်းကျယ် |
| ၁၁း၀၅ | သွားမယ်စားမယ် (Frozee Gelto Creamery) |
| ၁၁း၃၀ | Forever Music Tribute မာရဇ္ဇ (အပိုင်း-၃) (ပထမပိုင်း) |
| ၁၁း၅၀ | ကျားခင်စိန်နှင့်တွေ့ဆုံခြင်း |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၅၄) |
| ၁၂း၃၀ | သာသနာ့အာဇာနည်ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိ "သာသနာ့အကျော် မန်းဗန်းမော်" (အပိုင်း-၁) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၄၂) |
| ၃း၀၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၅၉) |
| ၃း၅၅ | Cartoon Series (Welcome To Sky Ville) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ"(အပိုင်း-၆၀) |
| ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၄၃) |
| ၈း၂၀ | Drive It |
| ၇း၄၅ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း"(အပိုင်း-၉၂) |
| ၉း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၅၅) |
| ၁၀း၂၀ | Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ) |
| ၁၀း၅၅ | MRTV-4 Stage |
| ၁၁း၂၅ | World Of Knowledge (Seconds from Disadter Norway Massacre) |
| ၄း၄၅ | တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ (ခနုဖြူမြို့ သမိုင်းဝင် ကျိုက္ကလွန်ပွန်း စေတီတော်မြတ်ကြီး) |

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၆ | မေတ္တာပို့ |
| ၆း၂၀ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှား အားကစား |
| ၆း၃၅ | မျိုးချစ်တပ်မတော် |
| ၆း၅၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၇း၂၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၅ | ရှေးဟောင်းသုတ |
| ၈း၂၀ | DVD Hits |
| ၈း၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၉း၁၀ | သူနှင့်သူ၏သီချင်းများ |
| ၄း၂၀ | စိုက်ပျိုးသုတ |
| ၄း၃၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၃၅ | ဇာတ်လမ်းတို |
| ၅း၀၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၁၅ | ရင်ခုန်စရာအမှောင်ကမ္ဘာ |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဂန္ထဝင်မြောက်အမုန်း (အပိုင်း-၅၆) |
| ၆း၂၀ | သံစဉ်လမ်းကလင်းလက်ကြယ် |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဂျောင်းဒို့ဂွန်း (အပိုင်း-၃၀) -ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် -မေးမြန်းစူးစမ်း -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ခနတံတိုင်းရဲ့ တစ်ဖက်တစ်ချက် (အပိုင်း-၁၅) |

### mitv

| | |
|---|---|
| 07:26 | "Myanmar Traditional Identity (EP- 2) Myanmar Chinthe (Myanmar Lion) |
| 07:40 | "SHWE SETTAW (Minbu) |
| 08:26 | "Philanthropist: Daw Than Myint Aung (Part-I) |
| 08:53 | "Dengue Fever |
| 09:26 | "Myanmar Toys for your eye-catching |
| 09:35 | "Those Who Never Give Up (Ep-1) Aung Thamar Di Gold Shop |
| 10:25 | "Continuation In Rural Tradition |
| 10:56 | "Hip-Hop and Design |
| 07:26 | "Food Trip (Ep-5) (Part-2) |
| 07:54 | "Human Right Human Dignity International Film Festival |
| 08:26 | "The Stories Of The Great Souls (U Pyae Son |



## ဂျူဗင်တပ်မှာ စီးရီးအေ၏ ရေပန်းအစားဆုံးအသင်းအဖြစ် ရှိနေဆဲဟုဆို

အီတလီစီးရီးအေလက်ရှိချန်ပီယံ ဂျူဗင်တပ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ၏ အစပိုင်းသုံးပွဲကစားအပြီးတွင် ရမှတ်တစ်မှတ်သာလျှင် ရရှိထားသေးသော်လည်း စီးရီးအေတွင် ရေပန်းအစားဆုံးအသင်းအဖြစ်ရှိနေဆဲပင်ဖြစ်ကြောင်း ရိုးမားအသင်းနည်းပြ ဂါစီယာက ပြောကြားခဲ့သည်။

ဂျူဗင်တပ်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီများက စီးရီးအေကို အလွှမ်းမိုးနိုင်ဆုံးအသင်းအဖြစ် ရှိနေခဲ့သည့်အပြင် လက်ရှိတွင်လည်း လေးနှစ်ဆက်တိုက်စီးရီးအေချန်ပီယံဖြစ်ထားသည့်အသင်းဖြစ်သည်။ သို့သော် ယခု ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွင် သုံးပွဲကစားအပြီးတွင် ရမှတ်တစ်မှတ်သာလျှင် ရရှိထားတာကြောင့် အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်လျက်ရှိသည့် အင်တာမီလန်အသင်းနှင့် ရှစ်မှတ်ကွာနေပြီး ရိုးမားအသင်းနှင့် ခြောက်မှတ်ကွာ အမှတ်ပေးဇယား၏ အဆင့်(၁၇)နေရာတွင် ရပ်တည်လျက်ရှိသည်။


ထိုသို့ရလဒ်များဆိုးရွားနေသော်လည်း ဂျူဗင်တပ်အသင်းသည် အီတလီစီးရီးအေသမိုင်းတွင် ချန်ပီယံဖြစ်ရန် ရေပန်းအစားဆုံးအသင်းအဖြစ် ဆက်ရှိနေဆဲဖြစ်ကြောင်း ဂါစီယာက မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။ [ငွေကြယ်]

# ကော်စတာအား အနီကတ်ပြစ်ဒဏ်မပေးခဲ့ခြင်းအပေါ် အက်ဖ်အေက စုံစမ်းစစ်ဆေးသင့်ဟု ဝင်းဂါးပြောကြား



ချယ်လ်ဆီးအသင်း၏ အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၆)၏ ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သော ချယ်လ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့၏ ပွဲစဉ်တွင် ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာအား အနီကတ်ပြစ်ဒဏ်မပေးခဲ့ခြင်းအပေါ် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)အနေဖြင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သင့်ကြောင်း အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ပြောကြားခဲ့သည်။

သို့ရာတွင် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုကမူ အဆိုပါပွဲစဉ်တွင် အာဆင်နယ်အသင်းမှ ကစားသမား နှစ်ဦး အနီကတ်ပြထုတ်ပယ်ခံခဲ့ရခြင်းနှင့် ချယ်လ်ဆီးအသင်း၏ အိမ်ကွင်းတွင် အာဆင်နယ်အသင်း နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းတို့ကြောင့် အာစင်ဝင်းဂါးမှာ ညည်းတွား ပြောဆိုခဲ့ခြင်းသာဖြစ်ကြောင်း ခွန်းတုံ့ပြန်စွပ်စွဲ ပြောဆိုခဲ့သည်။



ယင်းပွဲစဉ်တွင် အာဆင်နယ် နောက်တန်းကစားသမား ဂတ်ဘရီးလ်ပေါ်လစ္စတာသည် ပထမပိုင်းပွဲကစားချိန် ပြီးဆုံးချိန်တွင် အနီကတ်ပြထုတ်ပယ်ခံခဲ့ရပြီး တိုက်စစ်မှူး ဒီယေဂိုကော်စတာအား အဝါကတ်ပြားသာပြသသတိပေးခဲ့သည်။ ထို့ကြောင့် အာဆင်နယ်အသင်းသည် တစ်ယောက်လျော့ဖြင့် ကစားခဲ့ရပြီး ဒုတိယပိုင်းပွဲကစားချိန် ၅၃ မိနစ်တွင် ချယ်လ်ဆီးအသင်း၏ ဦးဆောင်ဂိုးသွင်းယူမှုကိုခံခဲ့ရသည်။ ယင်းသွင်းဂိုးမှာ ချယ်လ်ဆီးကစားသမား ဇူးမားက သွင်းယူခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပွဲကစားချိန် ၇၉ မိနစ်တွင် အာဆင်နယ်အသင်း၏ အဓိကကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် ဆန်တီကာဇိုလာကိုလည်း ကွင်းလယ်ဒိုင်မိုက်ဒန်းက နှစ်ဝါတစ်နီဖြင့် ထပ်မံထုတ်ပယ်ခဲ့သည်။

ထို့ကြောင့် အဝေးကွင်းတွင် သွားရောက်ကစားခဲ့ရသည့် အာဆင်နယ်အသင်းသည် မိနစ် ၈၀ နောက်ပိုင်း ကစားသမားနှစ်ယောက်လျော့ဖြင့် ကစားခဲ့ရပြီး ပွဲကစားချိန် မိနစ် ၉၀ တွင် ချယ်လ်ဆီးတိုက်စစ်မှူး ဟာဇက်၏ ချယ်လ်ဆီးအသင်းအတွက် ဒုတိယဦးဆောင်ဂိုး သွင်းယူမှုကို ခွင့်ပြုပေးလိုက်ရသည်။

ယင်းပွဲစဉ်တွင် ကြမ်းတမ်းစွာကစားခဲ့ပြီး လက်မခံနိုင်စရာအပြုအမူကိုပြုမူခဲ့သည့် ချယ်လ်ဆီးတိုက်စစ်မှူး ကော်စတာကိုလည်း အနီကတ်ပြထုတ်ပယ်သင့်ကြောင်းနှင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)အနေဖြင့်လည်း သုံးပွဲပယ် ပြစ်ဒဏ်ချမှတ်သင့်ကြောင်း အာဆင်နယ်အသင်း နည်းပြ အာစင်ဝင်းဂါးက ပြောကြားခဲ့ခြင်းဖြစ်သည်။ [နိုင်လင်းကြည်]



## နည်းပြဗန်ဟားလ် ထွက်ခွာသွားပါက နည်းပြသစ်အဖြစ်ခန့်အပ်ရန် ဂွါဒီယိုလာအား မန်ယူမျက်စိကျနေ

မန်ယူအသင်းနည်းပြ ဗန်ဟားလ်သည် ၂၀၁၇ ခုနှစ်တွင် မန်ယူအသင်းနည်းပြတာဝန်ကို ယူတော့မည်မဟုတ်ကြောင်း အတိအလင်းထုတ်ဖော်ပြောကြားခဲ့ပြီးနောက် မန်ယူအသင်းသည် နည်းပြသစ်အဖြစ်ခန့်အပ်ရန် ဂွါဒီယိုလာအား မျက်စိကျနေကြောင်းသိရသည်။

အသက်(၆၄)နှစ်အရွယ်ရှိ နယ်သာလန်နိုင်ငံသား နည်းပြ ဗန်ဟားလ်သည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလက အိုးထရက်ဖို့ဒ်သို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး မန်ယူအသင်းနှင့် သုံးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် နည်းပြဗန်ဟားလ်သည် မန်ယူအသင်းတွင် ရေရှည်တာဝန်ယူမည်မဟုတ်သောကြောင့် မန်ယူအသင်း၏ နည်းပြရာပုံတော်သစ်ဖွင့်မည့်အချိန်တွင် ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွါဒီယိုလာကို ပစ်မှတ်တစ်ခုအဖြစ် ရည်ရွယ်လာခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာနည်းပြဟောင်းဖြစ်သူ ဂွါဒီယိုလာသည်လည်း လက်ရှိကလပ် ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်သစ်ထပ်တိုးချုပ်ဆိုရန် ငြင်းဆိုထားခဲ့ပြီး ယခုနှစ်ဘောလုံးရာသီကုန်ပါက ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖြစ်မှ နုတ်ထွက်သွားရန် စီစဉ်နေသူဖြစ်သည်။

[ငွေကြယ်]

## မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် မစဉ်းစားခဲ့ဟု နားဗက်ဆို



စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ ဂိုးသမား ကေလာနားဗက်သည်ပြီးခဲ့သည့် အပြောင်းအရွှေ့ ဈေးကွက်ပိတ်သိမ်းခါနီးအချိန်တွင် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန်အတွက် ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာလိမ့်မည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ၎င်းအနေဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် စဉ်းစားခဲ့ခြင်းမရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

နွေရာသီဈေးကွက်ပိတ်သိမ်းမည့် မိနစ်ပိုင်းအလိုတွင် ကေလာနားဗက်သည် ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းကလည်း မန်ယူဂိုးသမားဒီဂီယာအား စာချုပ်ချုပ်ဆိုရန်နီးစပ်နေပြီဖြစ်ကြောင်း သတင်းများထွက်ပေါ်ခဲ့သော်လည်း ထွက်ပေါ်ခဲ့သည့် သတင်းများ အတိုင်း စာချုပ်ချုပ်ဆိုခဲ့ကြခြင်းမရှိခဲ့ပေ။

ထို့ပြင် ရီးယဲလ်မက်ဒရစ်ဂိုးသမား နားဗက်ကလည်း စပိန်နိုင်ငံ၏ မြို့တော်မက်ဒရစ်တွင် ဆက်ကစားရန် ဆန္ဒရှိနေကြောင်းနှင့် မန်ယူအသင်းကို ပြောင်းရွှေ့ကစားဖို့လည်း စိတ်ကူးမရှိကြောင်း ရီးယဲလ်မက်ဒရစ်အသင်းက ဂရန်နာဒါအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် လာလီဂါပွဲစဉ်အပြီးတွင် ဂိုးသမား ကေလာနားဗက်က ပြောကြားခဲ့သည်။ [ငွေကြယ်]

### စက်တင်ဘာ ၁၉/၂၀ ရက်မှ အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ်**

| | | |
|---|---|---|
| မန်စီးတီး | ၁ - ၂ | ဝက်စ်ဟမ်း |
| စပါး | ၁- ၀ | ခရစ္စတယ်ပဲလေ့စ် |

**စပိန်လာလီဂါ**

| | | |
|---|---|---|
| ဗလင်စီယာ | ၀ - ၀ | ဘက်တစ် |
| အီဘား | ၀ - ၂ | အက်သလက် |
| ဆိုစီဒက် | ၂ - ၃ | အက်စ်ပန်ညို |
| ဆီဗီလာ | ၁ - ၂ | ဆယ်တာဗီဂို |
| ဒီပို့တီဗို | ၂ - ၃ | ဂီဂွန် |

**စီးရီးအေ**

| | | |
|---|---|---|
| အူဒီးနိုးစ် | ၁ - ၂ | အမ်ပိုလီ |
| မီလန် | ၃ - ၂ | ပါလာမို |
| ချီယေဗို | ၀ - ၁ | အင်တာမီလန် |
| အတ္တလန္တာ | ၁ - ၁ | ဗီရိုနာ |
| ဘိုလော့နာ | ၁ - ၀ | ဖရိုစီနိုနီ |
| ဂျီနိုအာ | ၀ - ၂ | ဂျူဗင်တပ် |
| တိုရီနို | ၂ - ၀ | ဆမ်ဒိုးရီးယား |

**ဘွန်ဒက်စ်လီဂါ**

| | | |
|---|---|---|
| စတုဂတ် | ၀ - ၁ | ရှော်လ်ကေး |

မောင်မောင်ဇော်

# ရွှေထည်အတုများနှင့်အတူ မသင်္ကာဖွယ်လူငါးဦးအား မကွေးမြို့တွင်ဖမ်းဆီး

**မကွေး စက်တင်ဘာ ၂၀**

မကွေးမြို့ မြသလွန်ဘုရားရင်ပြင်ရှိ ဧည့်သည်တည်းခိုဆောင်တွင် စက်တင်ဘာ ၁၉ ရက် ညပိုင်းက ရွှေထည်အတုများဖြင့် လိမ်လည်သူများအား ဖမ်းဆီးခဲ့ကြောင်း မကွေးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၉ ရက်ည ၁၂ နာရီခွဲခန့်က မကွေးမြို့ မြသလွန်ဘုရားရင်ပြင် "မြမဥ္ဇူ" ဧည့်သည်တည်းခိုဆောင်တွင် ရွှေထည်အတုများဖြင့် လိမ်လည်သူများရောက်ရှိနေကြောင်း သတင်းအရ မကွေးခရိုင် မှုခင်းအကူရဲအုပ် သက်အောင်စိုးနှင့်အဖွဲ့၊ မကွေးမြို့မရဲစခန်းမှူး ရဲအုပ်ဇော်နိုင်ဝင်း၊ ရဲမေရဲတပ်သားအိမ့်မွန်ခိုင်၊ ရဲတပ်သားလှဝတ်ရည်သောင်းအဖွဲ့က ရွှေပန်းထိမ်ကျွမ်းကျင်သူ ဦးခင်မောင်သန်းတို့နှင့်အတူ "မြမဥ္ဇူ" တည်းခိုဆောင်အား ဝင်ရောက်ရှာဖွေခဲ့ရာတွင် ဒေါ်အေးချမ်း(၅၁)နှစ် ဒဂုံမြို့နယ်၊ မစန္ဒာ(၃၉)နှစ် (ဈေးရောင်း)မြောက်ဥက္ကလာပမြို့နယ်၊ မသော်သော်ဟန်(၂၈)နှစ် သာကေတမြို့နယ်၊ နေဝင်းထွန်း(၃၀)နှစ် သာကေတမြို့နယ်နှင့် ကျော်ကျော်လင်း(၃၄)နှစ်(ယာဉ်မောင်း)ရွှေပေါက်ကံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူ ငါးဦးတို့ထံမှ သက်သေခံပစ္စည်းများဖြစ်သည့် ရွှေရည်စိမ်လက်ကောက်၊ ဆွဲကြိုး၊ ဟန်းချိန်း၊ လက်စွပ်၊ နားကပ်များပါဝင်သောပစ္စည်း ၁၃ မျိုး၊ အနယ်နယ်အရပ်ရပ်ရှိ ရွှေဆိုင်များမှ ရွှေရောင်း၊ ဝယ်၊ ပေါင်ဘောက်ချာစာရွက်စာတမ်းမျိုးစုံ၊ ၁၅ ပဲ၊ ၁၆ ပဲရွှေရည် အာမခံစာတန်းပါ ရော်ဘာတံဆိပ်တုံး နှစ်ခု၊ ကမ္ဘောဇဘဏ်ငွေစုစာအုပ် တစ်အုပ်၊ ဟန်းဆက် ခုနစ်လုံး၊ ငွေကျပ် ၁၈၆၃၄၀၀ တို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

အဆိုပါပစ္စည်းများအား ဒေါ်အေးချမ်းပါ ငါးဦးတို့က ၎င်းတို့ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိခဲ့သောကြောင့် ရဲအုပ်သက်အောင်စိုးက ရှာဖွေပုံစံဖြင့် ပြုလုပ်သိမ်းဆည်းခဲ့သည်။ ဒေါ်အေးချမ်းပါ ငါးဦးအား မကွေးမြို့နယ်၊ မြို့မရဲစခန်းက (ပ) ၃၆၈/၂၀၁၅ ပုဒ်မ-၃၈၀/၅၄ဖြင့်အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ(မကွေး)**

# မြောက်ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနမှ ဆိုင်ကယ် ၁၁ စီး ခိုးမှုဖော်ထုတ်

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနမှ တပ်ဖွဲ့ဝင်များသည် မှော်ဘီမြို့မရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ခိုးမှုကျော်စောသတင်းရရှိသူ ကော့မှူးမြို့နယ်နေ ငွေစိုးအောင်(ဘ)ဦးသာကျော်အား စက်တင်ဘာ ၁၈ ရက်က စစ်ဆေးခဲ့ရာ မြို့နယ်အသီးသီးမှဆိုင်ကယ် ၁၁ စီးခိုးမှုပေါ်ပေါက်ပြီး သက်သေခံပစ္စည်းများပြန်လည်သိမ်းဆည်း၍ အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သန်းထွန်း(လှိုင်သာယာ)**

ooo

# လေပြင်းတိုက်ခတ်နေစဉ် သစ်ပင်လဲကျ ဆိုင်ကယ်နောက်မှ ထိုင်စီးသူ ပြုတ်ကျသေဆုံး

**ငဖဲ စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပဒါန်းရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၈ ရက်နေ့ ညနေ ၄ နာရီခွဲခန့်တွင် မင်းဘူး-အမ်းကားလမ်း မိုင်တိုင်အမှတ်(၃၃/၃)နှင့် (၃၃/၄)အကြား ဆုံကုန်းကျေးရွာအနီးတွင် သစ်ပင်လဲကျပြီး အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိသေဆုံးကြောင်းသတင်းအရ အခင်းဖြစ်အရပ်သို့ သွားရောက်စစ်ဆေးခဲ့သည်။

ပဒါန်းကျေးရွာဘက်မှ ဂုတ်ကြီးကျေးရွာဘက်သို့ ငဖဲမြို့နယ်၊ ဂုတ်ကြီးကျေးရွာနေသူ ဦးသိန်းငွေ(၅၂)နှစ် မောင်းနှင်ပြီး နောက်မှ ဇနီးဖြစ်သူ ဒေါ်ခင်ဝင်းရွှေ(၃၂) လိုက်ပါလာသော မက/----- KENBO-110 အနက်ရောင်ဆိုင်ကယ်ပေါ်သို့ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကားလမ်းဘေးရှိ ဘောစကိုင်းပင်လဲကျခဲ့သည်။ ထို့ကြောင့် ဒေါ်ခင်ဝင်းရွှေမှာ သစ်ပင်ကိုင်းဖျားရိုက်မိပြီး ဆိုင်ကယ်ပေါ်မှ ပြုတ်ကျကာ ပေါက်ပြဲဒဏ်ရာများရရှိခဲ့၍ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ငဖဲမြို့နယ် မြို့မရဲစခန်း သေမှုသေခင်းအမှတ်စဉ်(၁၀/၂၀၁၅)ဖြင့် အမှုရေးဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



**လီစွပ်သိုင်းနှင့် မနန်းအေးရွှေတို့ နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။**

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၀**

လောက်ကိုင်ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည် လောက်ကိုင်မြို့တွင်း၌ စက်တင်ဘာ ၁၈ ရက်က ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆောင်ရွက်စဉ် ကျူဖန်ကျေးရွာဘက်မှ ကျင်ဟိုင်လမ်းဘက်သို့ လီစွပ်သိုင်းမောင်းနှင်ပြီး မနန်းအေးရွှေလိုက်ပါလာသည့် မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးမှုန့် ၆ ဒသမ ၈ ကီလို၊ တရုတ်ယွမ် ၂၆၀ ယွမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ စက်တင်ဘာ ၁၈ ရက်က မှော်ဘီ တံတားဘက်မှ ပင်လောင်းဘက်သွားကားလမ်း မိုင်တိုင်(၄၂/၃)အနီးတွင် စောအောင်(ခ)သားငယ်မောင်းနှင်ပြီး တီးရယ်လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကို လည်းကောင်း၊ အလားတူ စက်တင်ဘာ ၁၆ ရက်က မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၄၉×၅၀ လမ်းကြား မနော်ဟရီလမ်း မြစည်းစိမ်ကုန်စုံဆိုင်ရှေ့တွင် နိုင်ဌေးမောင်းနှင်ပြီး ကျော်ဇင်(ခ)ဖိုးသားလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ကျော်ဇင်ထံမှ လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ စက်တင်ဘာ ၁၅ ရက်က မောက်မယ်မြို့နယ် ဝမ်မကာကျေးရွာအနီး မောက်မယ်-မိုးနဲသွား ကားလမ်းပေါ်တွင် မိုးနဲဘက်မှ ကြူဝင်းမောင်းနှင်ပြီး မတင်အေးလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀ ကို လည်းကောင်း၊ စက်တင်ဘာ ၁၄ ရက်က ကျောက်မဲဘက်မှ မိုင်းငေါ့ဘက်သို့ အိုက်ကျော်မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ ကိုလည်းကောင်း၊ စက်တင်ဘာ ၁၅ ရက်က တောင်ကြီးမြို့ သစ်တောရပ်ကွက် နယ်မြေ(၁) ကျောက်တလုံးလမ်း အမှတ်(၃၅)နေ ကျော်စိုးလှိုင်၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ မူးယစ်ဆေးဝါးသုံးစွဲရန် ရောက်ရှိနေသူ ချစ်သန်းကို တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာန

(ယခင် မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းလက်ထက်)အကြွေးပေးသွင်းရန်ပျက်ကွက်သည့် လုပ်ငန်းရှင်များသို့ အသိပေးကြေညာခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာနသည် နိုင်ငံတော်သို့ အကြွေးပေးဆပ်ရန် ပျက်ကွက်သည့် လုပ်ငန်းရှင်များအား သက်ဆိုင်ရာရဲစခန်းများတွင် ရာဇဝတ်ကြောင်းဖြင့်တရားစွဲဆိုရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိရာ (ပ)နံပါတ်မကျမီ ကြွေးပေးဆပ်သော ဦးမြင့်ကျော်နှင့် ဦးစောသိန်းတို့အား အမှုရုပ်သိမ်းပေးပြီးဖြစ်ပါသည်။ (ပ)နံပါတ်ကျပြီးမှ ကြွေးပေးဆပ်သော ဦးစန်းဝင်း၊ ဦးမင်းဇော်ဦး၊ ဦးမင်းသိမ်း(အိမ်မဲ)၊ ဦးတင်နွယ်၊ ဦးလွင်ရှိန်၊ ဦးဝင်းမြင့်၊ ဦးဘိုဝင်း(ဦးဗိုလ်ဝင်း)၊ ဦးလှဝင်း(ပန်းတနော်)၊ ဦးအောင်ဖုန်းမြင့်၊ ဦးခင်မောင်သန်း၊ ဦးခင်စိုး၊ ဦးစိုးတင့်၊ ဦးတင်ကို၊ ဦးရဲကိုကိုအောင်၊ ဦးလှအောင်၊ ဦးမင်းဆွေ၊ ဒေါ်လေးလေးခိုင်(အာရှသား)တို့လုပ်ငန်းရှင် (၁၇)ဦးအား ဌာနအနေဖြင့် အမှုရုပ်သိမ်းပေးရန် ဆောင်ရွက်လျက်ရှိပါသည်။ စုစုပေါင်း ကြွေးကျေလုပ်ငန်းရှင် (၁၉)ဦးရှိပြီဖြစ်ပါသည်။

၂။ အောက်ပါလုပ်ငန်းရှင် (၃၇)ဦးသည် ၁၈-၉-၂၀၁၅ရက်အထိ ဖော်ပြပါအတိုင်း အကြွေးပေးသွင်းရန် ကျန်ရှိနေသည့်အတွက် အမြန်ဆုံးပေးသွင်းနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | လိပ်စာ | ကုမ္ပဏီအမည် | ကြွေးကျန်ငွေ(ကျပ်သန်း) |
|---|---|---|---|---|---|---|
| ၁။ | ဦးထွန်းထွန်းလင်း | ဦးကျော်ညိမ်း | [၁၂/တတန(နိုင်)၀၅၈၅၅၀] | တူးချောင်းကြီးကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၉. ၃၂၀ |
| ၂။ | ဦးနိုင်နိုင် | ဦးစိုးဝင်း | [၁၂/တတန(နိုင်)၁၃၄၄၁၇] | ကွန်းတော ၃လမ်း၊ တွံတေး | လုပ်ငန်းရှင် | ၄၅. ၀၅၀ |
| ၃။ | ဦးစိုးသန်း | ဦးသန်းစိန် | [၁၂/တတန(နိုင်)၀၅၆၂၈၇] | ခတ္တိယကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၃၄. ၆၁၅ |
| ၄။ | ဦးကြည်ဌေး | ဦးဘီဘူဂါဒင် | [၁၂/တတန(နိုင်)၀၅၆၁၅၆] | မြောင်းတလုပ်ကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၄၆. ၆၃၅ |
| ၅။ | ဦးတင်စိုး | ဦးအောင်စိန် | [၁၂/ထတပ(နိုင်)၀၄၃၈၀၈] | ပန်းတိုင်ကျေးရွာ၊ ထန်းတပင် | လုပ်ငန်းရှင် | ၃၉၁. ၃၉၆ |
| ၆။ | ဦးသိန်းဌေး | ဦးကျော်မြင့် | [၁၂/ဒဂတ(နိုင်)၀၂၂၃၇၉ ] | ၈၅၊ သရက်တော ၅လမ်း၊ ကြည့်မြင်တိုင် | လုပ်ငန်းရှင် | ၁၀၃. ၈၈၇ |
| ၇။ | ဦးတင်မောင်စိုး | ဦးတင်အေး | [၁၄/ပတန(နိုင်)၁၀၇၉၄၉] | သရက်ငူကျေးရွာ၊ ပန်းတနော် | လုပ်ငန်းရှင် | ၁၆၆. ၃၉၂ |
| ၈။ | ဦးသိန်းဝင်း | ဦးကနော်စန်း | [၁၂/သဃက(နိုင်)၁၃၈၀၂၄] | ၁၀၆၁၊ အောင်သီရိလမ်း၊ ဒဂုံမြောက် | "ကိုလေး"အစာ | ၃၇. ၅၆၇ |
| ၉။ | ဒေါ်သဇင်အေး | ဦးတင်ဝင်း | [၇/နတလ(နိုင်)၀၀၀၁၅၅] | ပီ-၁၇၊ ငုဝါ ၅လမ်း၊ လှိုင် | လုပ်ငန်းရှင် | ၃၅၇. ၈၅၄ |
| ၁၀။ | ဦးကျော်မြင့်ဦး | ဦးဇော်ဝင်း | [၁၂/ဗဟန(နိုင်)၁၀၀၅၈၄] | ၂၄၁၊ ၃၉လမ်း၊ ကျောက်တံတား | PPA Co.,Ltd | ၄၂. ၅၉၀ |
| ၁၁။ | ဦးမြင့်စိုး | ဦးစံညိမ်း | [၁၂/ထတပ(နိုင်)၀၁၆၆၄၈] | တိုက် ၉၊ အခန်း ၀၀၄၊ အောင်ဇေယျ | ဇာတိမာန် | ၁၃၇. ၄၈၂ |
| ၁၂။ | ဦးကျော်စွာဝင်း | ဦးလှဆောင် | [၁၂/တတန(နိုင်)၀၁၆၅၄၆] | ခတ္တိယကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၂၈. ၅၁၆ |
| ၁၃။ | ဦးရဲထွန်းနိုင် | ဦးသန်းမောင် | [၅/စကန(နိုင်)၁၄၆၇၆၃ ] | အမှတ် ၆၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာ | ရွှေလမင်းဆန်ထွက်ပစ္စည်း | ၃၃၂. ၉၈၆ |
| ၁၄။ | ဦးကျော်စိန် | ဦးသန်းတင် | [၁၄/ပတန(နိုင်)၀၁၅၉၇၁] | ဂရက်တာကျေးရွာ၊ ပန်းတနော် | လုပ်ငန်းရှင် | ၁၅၃. ၁၇၁ |
| ၁၅။ | ဦးကျော်ဝင်း | ဦးစံထွန်း | (KYN-၁၀၈၀၈၂) | စက်စုပိုင်း၊ ၉ ရပ်ကွက်၊ ခရမ်း | လုပ်ငန်းရှင် | ၁၃၀. ၀၇၄ |
| ၁၆။ | ဦးနေမင်းထက် | ဦးဝင်းမောင် | [၁၂/အစန(နိုင်)၀၄၈၆၁၈] | ခြံ၁၃၊ ၁၀ရပ်ကွက်၊ ဒဂုံအရှေ့ | လုပ်ငန်းရှင် | ၉၉. ၆၀၀ |
| ၁၇။ | ဦးစံငြိမ်း | ဦးမြိုင် | [၁၂/တတန(နိုင်)၀၁၁၄၇၂] | ၁၃၂၊ မြင်သာရပ်ကွက်၊ တွံတေး | လုပ်ငန်းရှင် | ၂၀. ၅၂၆ |
| ၁၈။ | ဦးမြင့်ဇော်အေး | ဦးချစ်အေး | [၁၂/တတန(နိုင်)၀၀၆၁၉၃] | ၆၊ ဘုရားလမ်း၊ ကွန်းတောရပ်၊ တွံတေး | လုပ်ငန်းရှင် | ၂၅. ၇၇၅ |
| ၁၉။ | ဒေါ်စန်းသီရိချို | ဦးသိန်းနိုင် | [၆/မမန(နိုင်)၀၁၇၂၅၈] | ၁၃၁၊ အေးချမ်းသာယာရပ်၊ မြိတ်၊ | ကြက်စာရောင်းဝယ်ရေး | ၅၆. ၃၆၂ |
| ၂၀။ | ဒေါ်သီတာအေး | ဦးဇော်ဝင်း | [၁၂/လမန(နိုင်)၅၀၁၇၉၁] | ၄၄-ခ၊ အုန်းတောဘုရားလမ်း၊ ကမာရွတ် | PPA Co.,Ltd | ၁၇. ၂၆၅ |
| ၂၁။ | ဦးအောင်နိုင်ထွန်း | ဦးထွန်းရီ | [၁၂/လသန(နိုင်)၀၀၉၃၇၄] | ၉၂၊ ဗိုလ်ရွဲလမ်း၊ လသာ၊ | လုပ်ငန်းရှင် | ၁၇. ၉၉၃ |
| ၂၂။ | ဦးစိုးမင်းထွန်း | ဦးတင်ထွန်း | [၁၂/တတန(နိုင်)၁၁၈၄၅၂] | တူးချောင်းကြီးကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၀၁. ၉၄၃ |
| ၂၃။ | ဦးစိန်သောင်းဦး | ဦးထွေးအောင် | [၁၂/တတန(နိုင်)၀၅၆၃၂၈] | ခတ္တိယကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၁၀. ၂၉၉ |
| ၂၄။ | ဦးဝင်းလှိုင် | ဦးလှကြည် | [၁၂/တတန(နိုင်)၀၇၄၈၉၃] | ခတ္တိယကျေးရွာ၊ တွံတေး၊ | လုပ်ငန်းရှင် | ၁၅၂. ၀၀၆ |
| ၂၅။ | ဦးကျော်ကျော်နိုင် | ဦးညိမ်းဟံ | [၁၂/တတန(နိုင်)၀၁၀၆၇၈] | တူးချောင်းကြီးကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၇၃. ၉၈၁ |
| ၂၆။ | ဦးစန်းလှ | ဦးတင်ဝင်း | [၁၂/တတန(နိုင်)၀၃၈၁၁၃] | မြောင်းတလုပ်ကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၀၅. ၈၄၂ |
| ၂၇။ | ဦးလှဝင်း(တွံတေး) | ဦးတလုပ် | [၁၂/တတန(နိုင်)၀၅၆၅၈၇] | ခတ္တိယကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၆၂. ၂၁၁ |
| ၂၈။ | ဦးမင်းသိမ်း | ဦးမောင်မောင်သိမ်း | [၁၃/ကမန(နိုင်)၀၀၁၅၉၃] | ၈၉/၉၀၊ ၃ဘီ၊ ဗဟိုစည်အိမ်ရာ | လုပ်ငန်းရှင် | ၆၆၈၀. ၈၇၇ |
| ၂၉။ | ဦးမင်းသိမ်း(သုံးပွင့်ဆိုင်) | ဦးမောင်မောင်သိမ်း | [၁၃/ကမန(နိုင်)၀၀၁၅၉၃] | ၈၉/၉၀၊ ၃ ဘီ၊ ဗဟိုစည်အိမ်ရာ | လုပ်ငန်းရှင် | ၄၄၇၄. ၆၉၅ |
| ၃၀။ | ဦးသုတရွှေဦးလှမြင့်အောင် | ဦးရွှေဝိုင်း | [၁၃/မပတ(နိုင်)၀၀၃၂၆၄] | အစာစပ်စက်ရုံ၊ ညောင်တုန်း၊ | "ဖြိုးရော"ကုမ္ပဏီ | ၅၅၁၆. ၆၇၇ |
| ၃၁။ | ဦးဇော်ဇော်တိုး | ဦးလှတိုး | [၁၄/ဒဒရ(နိုင်)၀၀၀၀၃၁] | ၄၀၂၊ ၉ လမ်း၊ သမိုင်း၁ရပ်ကွက်၊ မရမ်းကုန်း | "ရွှေဘုံစံ"ပွဲရုံ | ၂၀၅၇. ၅၆၆ |
| ၃၂။ | ဦးကြည်ဝင်း | ဦးပု | [၁၂/တကန(နိုင်)၁၁၅၀၃၂] | ၃၈၊ဘုရင့်နောင်ကျော်ထင်နော်ရထာလမ်း၊ တွံတေး | လုပ်ငန်းရှင် | ၁၄၆၉. ၃၂၉ |
| ၃၃။ | ဦးဟိန်းဇော်စစ် | ဦးစစ်လှိုင် | [၁၄/ဟသတ(နိုင်)၀၀၀၁၄၇] | ၃၀၅၊ တိုက်၇၊ ၄ရပ်ကွက်၊ ရွှေထီးအိမ်ရာ၊ မရမ်းကုန်း | လုပ်ငန်းရှင် | ၁၄၁၀. ၇၄၅ |
| ၃၄။ | ဦးမျိုးအောင် | ဦးမောင်ဟန် | [၁၂/တကန(နိုင်)၀၉၉၀၆၇] | ၄၁၊ မြို့လယ်လမ်း၊ ဈေးရပ်ကွက်၊ တိုက်ကြီး | လုပ်ငန်းရှင် | ၁၂၇၉. ၇၁၉ |
| ၃၅။ | ဦးမိုး | ဦးဘမောင် | [၅/စကန(နိုင်)၁၃၀၈၈၀] | စက်မှုဇုန်-၂၊ ပြည်ကြီးတံခွန်၊ မန္တလေး | စိန်စိန်တိုးဆီစက် | ၆၇၁. ၂၄၆ |
| ၃၆။ | ဦးမျိုးမင်းသိမ်း | ဦးဘွန်သိန်း | [၁၂/မရက(နိုင်)၀၀၄၇၄၃] | ၂၃၄၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်း၊ | "မြပန်းခေတ်"ကုမ္ပဏီ | ၄၈၃. ၈၄၄ |

၃။ အကြွေးပေးသွင်းရန်ကျန်ရှိသူများအား တရားဥပဒေနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) ကြွေးကျန်လုပ်ငန်းရှင်များအား ၁၉၆၃ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ-၃(အပက-၃)အရ "မည်သူမဆို အများနှင့်သက်ဆိုင်သော ပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ ခိုးမှု၊ အလွဲသုံးစားပြုမှု၊ သို့တည်းမဟုတ် လိမ်လည်မှုကျူးလွန်လျှင် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ (၁၀)နှစ်အောက်မနည်းသည့်ထောင်ဒဏ်ဖြစ်စေ၊ စီရင်ခြင်းခံရမည့်အပြင် ငွေဒဏ်လည်းစီရင်ခြင်းခံရမည်"ဖြစ်ပါသည်။

(ခ) ၁၉၅၁ခုနှစ်၊ ရာဇဝတ်ပြင်ဆင်ချက် အက်ဥပဒေအရ ကြွေးကျန်လုပ်ငန်းရှင်များ၏ ပိုင်ဆိုင်မှုများအား လုပ်ထုံးလုပ်နည်းနှင့်အညီ သိမ်းဆည်းသွားမည်ဖြစ်ပါသည်။

(ဂ) ဌာနအနေဖြင့် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူ့ဘဏ္ဍာငွေများ၊ ပစ္စည်းများဆုံးရှုံးခြင်းကို ကာကွယ်သွားမည်ဖြစ်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## ကန့်ကွက်ရန်ကြော်ငြာ

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး(၂)၊ မြေတိုင်း(၈)၊ ဗန္ဓုလလမ်း၊ မြေကွက်အမှတ်(၂၈)အား ဗိုလ်ကြီးခင်မောင်မြင့်(ငြိမ်း)မှ ငွေပေးသွင်းခဲ့ပြီး မြေချပါမစ်ထုတ်ယူခဲ့ခြင်းမရှိသည့်အတွက် မြေချပါမစ်လျှောက်ထားခဲ့ပါသည်။ ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားမူရင်းများ တင်ပြကန့်ကွက်လွှာတင်သွင်းနိုင်ပါသည်။

**ဗိုလ်ကြီးခင်မောင်မြင့်(ငြိမ်း)**
**၁၄/ခနဖ(နိုင်)၀၀၃၅၆၁**

ဦးအောင်ဟိန်းကျော်
ရေး၊ပြော၊ဘာသာပြန် စာအုပ်(လုံးဝ)မကိုင်ဘဲသင်တဲ့ဆရာ
အင်္ဂလိပ်စာရေးနည်း
အင်္ဂလိပ်စကားပြော သင်တန်း
■ နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
● အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ● ရေးနည်း(Pre.,Vol:1,2,3)
ဆရာဖြစ်အင်္ဂလိပ်စာ(Ceritificate/Diploma)
●392468 09517184l
၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်

## မိုးပွင့်အထူးစီမံချက် ဆောင်ရွက်နေမှုကြည့်ရှု

**နွားထိုးကြီး စက်တင်ဘာ ၂၀**

မြင်းခြံခရိုင် လ.ဝ.က ဦးစီးမှူး ဦးဆန်းအောင်၊ နွားထိုးကြီး လ.ဝ.က ဦးစီးမှူး ဦးစိုးမိုးနှင့် ဝန်ထမ်းများသည် ယမန်နေ့က ဒေါင့်ဘိုးရွာသို့ ကွင်းဆင်း၍ မိုးပွင့်အထူးစီမံချက်အပိုင်း ၂ ဆောင်ရွက်နေမှုကို ကြည့်ရှုခဲ့ကြသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား၏ အသုံးဝင်မှု၊ အရေးပါအရာရောက်မှု၊ ကတ်ပြား လက်ဝယ်ကိုင်ဆောင်ထားမှု၏ အကျိုးသက်ရောက်မှုကိုခရိုင် လ.ဝ.ကဦးစီးမှူးက အကျယ်တဝင့် ပညာပေးရှင်းလင်းပြောကြားခဲ့ပြီး ဒေါင့်ဘိုးရွာ နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးမှုကို ကြည့်ရှု၍ နိုင်ငံသားစိစစ်ရေးကတ်ပြားအား စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းရန် မှာကြားခဲ့သည်။ **ဇွေးမြင့်မောင်**

# တရားမဝင်အလုပ်သမားများနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်

**ထိုင်း စက်တင်ဘာ ၂၀**

ထိုင်းတပ်မတော်နှင့် တရားမဝင်အလုပ်သမားနှိမ်နှင်းရေးရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ အင်းအား ၅၀၀ ကျော်ဖြင့် ထိုင်းနိုင်ငံ ပထွန်ဌာနီခရိုင်ရှိ တလတ်ထိုင်းဈေးကြီးအတွင်း စက်တင်ဘာ ၁၇ ရက် ညသန်းခေါင်ယံအချိန်က တရားမဝင်အလုပ်သမားများကို ဝင်ရောက်စစ်ဆေး ဖမ်းဆီးအရေးယူမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဈေးသည် ရွှေ့ပြောင်းမြန်မာလုပ်သမားအမြောက်အများ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများတည်းခိုနေထိုင်သည့် အလုပ်သမားအဆောင် Apartment များသို့လည်း ဝင်ရောက်ဖမ်းဆီးမှုများပြုလုပ်ကြောင်း၊ အထောက်အထားမပြည့်စုံသည့် ရွှေ့ပြောင်းအလုပ်သမားများအား ဖမ်းဆီးခြင်း၊ အထောက်အထားပြည့်စုံသည့် ရွှေ့ပြောင်းအလုပ်သမားများအား မူးယစ်ဆေးဝါးသုံးစွဲမှုရှိ-မရှိ ဆီးစစ်၍ မူးယစ်ဆေးဝါးသုံးစွဲထားသည်ကို တွေ့ရှိပါက ဥပဒေအရ ဖမ်းဆီးအရေးယူခဲ့ကြောင်း၊ အထောက်အထားပြည့်စုံသူများအား ပြန်လွှတ်ပေးခဲ့ကြောင်း သိရှိရသည်။

အဆိုပါဈေးအတွင်း အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားအများစုသည် အထောက်အထားပြည့်စုံသူများပြားကြောင်း၊ အဆိုပါနေ့ စစ်ဆေးအရေးယူမှုတွင် အထောက်အထားမပြည့်စုံသည့် ရွှေ့ပြောင်းမြန်မာအလုပ်သမား ၂၅ ဦးနှင့် မူးယစ်ဆေးဝါးသုံးစွဲသူ ၁၅ ဦး စုစုပေါင်း ၄၀ ဦး ဖမ်းဆီးအရေးယူခံရကြောင်း စက်တင်ဘာ ၁၈ ရက်ထုတ် ထိုင်း Comchadluek သတင်းစာတွင် ဖော်ပြပါရှိကြောင်း လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် သိရသည်။

**ကျော်စိုး (ကော့သောင်း-ပြန်/ဆက်)**



ထိုင်းနိုင်ငံ ပထွန်ဌာနီခရိုင်ရှိ တလတ်ထိုင်းဈေးကြီးအတွင်း ခင်းကျင်းရောင်းဝယ်နေမှုအား တွေ့ရစဉ်။

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**မင်းဘူး စက်တင်ဘာ ၂၀**

မင်းဘူးခရိုင် မင်းဘူးမြို့တွင် စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီခန့်တွင် အ.ထ.ကခွဲ (မြို့မကျောင်း) ရှိ ဆရာ၊ ဆရာမများနှင့် ၇ တန်း၊ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းတို့မှ ကျောင်းသား၊ ကျောင်းသူ ၃၀၀ ကျော်အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား မကွေးတိုင်းဒေသကြီး အမှတ်(၄) ယာဉ်ထိန်းရဲ ဒုတပ်ခွဲရုံး ဒုရဲမှူးအောင်နိုင်မိုးက အသက်မပြည့်သေးသောသူများ ဆိုင်ကယ်စီးနင်းပါက ဖြစ်ပေါ်လာမည့်အန္တရာယ်များ၊ ဥပဒေများနှင့် ဆိုင်ကယ်စီးနင်းရာတွင် ဆိုင်ကယ်စီးဦးထုပ်၊ နောက်ကြည့်မှန်၊ နံပါတ်ပြား၊ ဆိုင်ကယ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင် ပြည့်စုံမှုရှိမှ စီးနင်းခွင့်ရှိကြောင်း၊ ယာဉ်စည်းကမ်းနှင့် ယာဉ်ဥပဒေများ၊ လမ်းစည်းကမ်းနှင့် လမ်းဥပဒေများကို ရှင်းလင်းဟောပြောကာ ယာဉ်ထိန်းရဲတပ်ကြပ်ကြီး ဌေးစိန်မက အခြေခံလက်အချက်ပြ (၁၄) မျိုးကို သရုပ်ဖော်ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲများကို မင်းဘူးမြို့ပေါ်ရှိ အ.ထ.က (၁)၊ အ.ထ.က (၂) နှင့် အ.ထ.က ခွဲ (မြို့မကျောင်း) တို့တွင် စက်တင်ဘာ ၁၄ ရက်၊ ၁၅ ရက်နှင့် ၁၈ ရက်တို့တွင် ပညာပေးဟောပြောပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။ **ကိုကျော်(မင်းဘူး)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေမှ ကျေးရွာ (၁၀) ရွာအတွက် တစ်ရွာလျှင် ငွေကျပ်သန်း ၃၀ နှုန်းဖြင့် ကျပ်သန်း ၃၀၀ လွှဲပြောင်းပေးအပ်

**ပုလဲ စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားစေရန်၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်နှင့် အာဟာရပြည့်ဝစေရန်၊ ကျေးလက်လူထု၏ စွမ်းဆောင်ရည်တိုးတက်လာစေရန်နှင့် တုံ့ပြန်နိုင်စွမ်းအားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေမှ တစ်ရွာလျှင် ငွေကျပ် သန်း ၃၀ နှုန်းဖြင့် ကျေးရွာ ၁၀ ရွာအတွက် ငွေကျပ်သန်း ၃၀၀ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ပုလဲမြို့ ပုလဲရတနာခန်းမ၌ စက်တင်ဘာ ၁၈ ရက် နံနက် ၁၁ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ယင်းမာပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်က ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ သင်တန်းပို့ချသွားမည့်ကိစ္စရပ်များအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ယင်းမာပင်ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်တို့က ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေမှ တစ်ရွာလျှင် ငွေကျပ်သန်း ၃၀ နှုန်းဖြင့် ဖလံပင်ကျေးရွာ၊ မိုးကောင်းကျေးရွာ၊ နွယ်အင်းကျေးရွာ၊ ကြောင်သန်းကျေးရွာ၊ ဇီးဖြူကုန်းကျေးရွာ၊ အင်းကန်ကျေးရွာ၊ ဝမ်းဘဲချိုင့်ကျေးရွာ၊ ရွာနောင်ကျေးရွာ၊ စေတီယျုံကျေးရွာနှင့် သပြေရေကျေးရွာများအတွက် စုစုပေါင်းငွေကျပ် သန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်ရာ ကျေးရွာများမှ ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက လက်ခံရယူခဲ့သည်။ **မင်းခန့်စိုး(ဧယျာမြေ)**

# ပျဉ်းမနားမြို့နယ် သ/မအသင်းစု အရပ်ရပ်ဆိုင်ရာစည်းဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၀**



ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို စက်တင်ဘာ ၈ ရက် နံနက်က မြို့နယ်အသင်းစုရုံးခန်းတွင် ကျင်းပရာ နေပြည်တော် သမဝါယမဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးချစ်နှင့် တာဝန်ရှိသူများ မြို့နယ်အသင်းစုဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ အခြေခံသမဝါယမအသင်းဒါရိုက်တာ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

သဘာဝတိ မြို့နယ်အသင်းစုဥက္ကဋ္ဌနှင့် နေပြည်တော် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးတို့က အသီးသီးအမှာ စကားပြောကြားသည်။ ထို့နောက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့်စာရင်းစစ်အစီရင်ခံစာများ ဖတ်ကြားတင်ပြအတည်ပြုချက်ရယူကြောင်း Exim Bank ချေးငွေနှင့် သက်တံရောင်ချေးငွေများအား သတ်မှတ်ရက်အတွင်း အကျေပေးဆပ်ခဲ့သည် အသင်းများအား ဆုများချီးမြှင့်ခဲ့ကြောင်းသိရသည်။

**မြင့်သန်း**

## ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်ရုံးများတွင် မဲစာရင်းပုံစံ (၁) ကြေညာထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး

**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ဒုတိယအကြိမ် စိစစ်ပြီးဖြစ်သော မဲစာရင်းပုံစံ (၁) များကို မဲဆန္ဒပေးပိုင်ခွင့်ရှိသူများ လာရောက်ကြည့်ရှုစစ်ဆေး၊ ပြင်ဆင်ဖြည့်စွက်ခြင်းများ ပူးပေါင်းဆောင်ရွက်နိုင်စေရန် ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်ရုံးများနှင့် ကျေးရွာခွဲများတွင် အသိပေးကြေညာထားရာ အဆိုပါမဲစာရင်းကြေညာထားရှိမှုအခြေအနေများအား မြို့နယ်ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မိမိတို့နယ်မြေခွဲအလိုက် လှည့်လည်စစ်ဆေးလျက်ရှိရာ စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက မြို့နယ်ကော်မရှင်အဖွဲ့ဝင် ဦးတိုးနှင့်အဖွဲ့မှ ခပေါင်းကုန်းကျေးရွာအုပ်စုသို့ ရောက်ရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်ကော်မရှင်အဖွဲ့ဝင် ဦးတိုးနှင့်အဖွဲ့သည် ရှေးဦးစွာခပေါင်းကုန်းကျေးရွာအုပ်စု ခပေါင်းကုန်းကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းညွန့်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်များကို အဆိုပြုလာပါက သက်ဆိုင်ရာအထောက်အထားနှင့်တကွ သတ်မှတ်ပုံစံများနှင့်အတူ လက်ခံထားရှိရန်၊ သေဆုံးသူများရှိပါက ချက်ချင်းပယ်ဖျက်ထားရန်နှင့် ရပ်ကွက်၊ ကျေးရွာ အခြေခံစာရင်းများ မှန်ကန်မှ မြို့နယ်စာရင်းမှန်ကန်မှာဖြစ်သဖြင့် မိမိတို့ရပ်/ကျေးများက စာရင်းဇယားမှန်ကန်ရေး အလေးထားကြရမည်ဖြစ်ကြောင်းနှင့် ကော်မရှင်ငွေကြေးကိစ္စနှင့်ပတ်သက်၍လည်း လိုအပ်သည့်နေရာများတွင် စာရင်းဇယားနှင့်တကွ စနစ်တကျသုံးစွဲရန် ဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် ကျေးရွာကော်မရှင်ရုံးတွင် မဲစာရင်းကြေညာထားရှိမှုနှင့် ပညာပေးဗီနိုင်းများဖြင့် ကြေညာထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ ဆက်လက်၍ ကျေးရွာခွဲများဖြစ်သော ဂဲကြီးကုန်းကျေးရွာသို့ နံနက် ၁၁ နာရီခွဲခန့်တွင်လည်းကောင်း၊ တလင်းကုန်းကျေးရွာသို့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင်လည်းကောင်း ရောက်ရှိကြပြီး မဲစာရင်းကြေညာထားရှိမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါအဖွဲ့တွင် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးတိုး (ရပ်မိရပ်ဖ)၊ ဦးမျိုးခိုင် (ဦးစီးမှူး-လ.ဝ.က) နှင့် ဒေါ်အေးအေးစိုး (ဦးစီးမှူး-ပြန်/ဆက်ဦးစီးဌာန) တို့ လိုက်ပါခဲ့ကြကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

## ခရိုင်နှင့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ မဲစာရင်းကွင်းဆင်းကြည့်ရှု

**ခရမ်း စက်တင်ဘာ ၂၀**

ရန်ကုန်တောင်ပိုင်းခရိုင် ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌဦးမြတ်စိုးနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၁၉ ရက်က ခရမ်းမြို့နယ်အတွင်းရှိ ရပ်ကွက် (၁-၃-၅-၇-၁၂နှင့်ကွမ်းမိုးဒိန်းရပ်ကွက်)၊ ညောင်ပင်ကွင်းကျေးရွာနှင့် ဘုရားပျိုကျေးရွာများသို့ ကွင်းဆင်း၍ကော်မရှင်အဖွဲ့ခွဲရုံးများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ မဲစာရင်းများထုတ်ပြန်ကြေညာထားရှိမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ယခုမဲစာရင်းများထုတ်ပြန်ကြေညာမှုနှင့်ပတ်သက်၍ ပြည့်စုံမှန်ကန်တိကျရန်လိုအပ်ကြောင်း၊ ပြင်ဆင်ဖြည့်စွက်စရာရှိပါက မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒအရလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြား၍ ရပ်ကွက်ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များ၏ တင်ပြချက်များအပေါ် ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌဦးမြတ်စိုးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

**ကိုမင်း(ခရမ်း)**

ဖတ်စရာ

# မဲစာရင်းကြည့်ရန်လွယ်ကူစေဖို့ သို့မဟုတ် မိမိ၏မဲစာရင်းကို အလွယ်တကူကြည့်နည်း

à ဦးကျော်ဇော(လှသိပ္ပံ၊ ရွှေဘို)

တစ်နေ့တုန်းက ရပ်ကွက်တစ်ခုရဲ့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတစ်ခုဆီက အမျိုးသမီးကြီးတစ်ယောက် ချွေးသံတစ်ရွဲရွဲနဲ့ ထွက်လာတာတွေ့လို့ မဲစာရင်းလာကြည့်တာပဲလို့သိရပြီး အဆင်ပြေရဲ့လားမေးကြည့်တော့ "လူကိုသာကြည့်ပါ ဆရာရယ်။ သူတို့အဖေက ခရီးထွက်နေလို့ မိသားစုအတွက်လာကြည့်တာ။ မိသားစုကလဲ ခုနစ်ယောက်ဆိုတော့ တစ်နာရီလောက်ကြည့်တာတောင် မိသားစုအားလုံးအတွက် မဲစာရင်း အကုန်မတွေ့ရသေးဘူး။ နက်ဖြန်ခါမှပဲ ကျန်တာတွေအတွက် လာကြည့်တော့မယ်" လို့ ပြောသွားတယ်။

ဒါနဲ့သိရအောင်ဆိုပြီး အဲဒီရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးထဲကို လေ့လာကြည့်ဖို့ ဝင်ခဲ့တယ်။ သိရတာကတော့ အဲ့ဒီရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးမှာ မဲဆန္ဒရှင် ၄၃၁၂ ယောက်ရှိပြီး မဲဆန္ဒရှင်စာရင်းတွေကို ကြေညာဆိုင်းဘုတ်တွေမှာကပ်ပြီး ကြေညာထားတာတွေ့ရတယ်။ ငါးထပ် (သို့မဟုတ်) သုံးထပ်သားပေါ်မှာ သပ်သပ်ရပ်ရပ်ကပ်ပြီး ကြေညာထားကြပါတယ်။ အင်မတန်ကောင်းပါတယ်။ ပလတ်စတစ်တောင် အပေါ်ကကပ်ထားပါသေးတယ်။ ရပ်ကွက်ကော်မရှင်ဥက္ကဋ္ဌရဲ့ စေတနာကို ခန့်မှန်းလို့ရပါတယ်။ အဲ့ဒီရပ်ကွက်မှာ မဲဆန္ဒရှင်လေးထောင်ကျော်ရှိတဲ့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကပေးတဲ့ ငါးထပ်သားသုံးချပ်နဲ့ မလုံလောက်လို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရဲ့အကူအညီနဲ့ လိုတာတွေကို ငှားရမ်းပြီး အသုံးပြုထားတာကိုလဲ တွေ့ရပါတယ်။

အဲ့ဒီမှာ စာရေးသူက စိတ်ထဲမှာရှိတဲ့နာမည်တစ်ခုပေးပြီး ရှာကြည့်တဲ့အခါ သူတို့ကပ်ထားတဲ့ဆိုင်းဘုတ်ထဲမှာ ဘယ်လိုရှာရမှန်းမသိ ဖြစ်သွားပါတယ်။ စောစောကအမျိုးသမီးကြီးပြောခဲ့သလိုပါပဲ ချွေးပြန်ပါတယ်။

ဒါကြောင့် စနစ်တစ်ခုခုလုပ်ရင် အဆင်ပြေမလားလို့ တွေးမိပြီး အောက်မှာဖော်ပြတဲ့စနစ်ကို အကြံပြုလိုတာဖြစ်ပါတယ်-

အကြံပြုလိုတဲ့စနစ်ကတော့ နိုင်ငံတော်က သတ်မှတ်ကြေညာပေးတဲ့ မဲစာရင်းမှာ ပထမအနေနဲ့ အမျိုးသမီးများဖြစ်တဲ့ 'ဒေါ်' ဆိုတာကို ဦးစွာကြေညာပြီး ယောကျာ်းများဖြစ်တဲ့ 'ဦး' ဆိုတာကို ဒုတိယကြေညာပေးတာဖြစ်ပါတယ်။ 'ဒေါ်' ဖြစ်စေ 'ဦး' ဖြစ်စေ ကြေညာတဲ့အခါမှာ မြန်မာအက္ခရာတို့ စီစဉ်သည့်အတိုင်း ကြေညာပေးထားတာဖြစ်ပါတယ်။

ကြေညာတဲ့အခါမှာ လီဂယ်စာရွက်ပေါ်မှာ တစ်ရွက်လျှင် ဆယ်ဦးစီထည့်သွင်းပြီး ကြေညာထားတာဖြစ်ပါတယ်။ 'ဒေါ်' ဖြစ်စေ 'ဦး' ဖြစ်စေ မဲစာရင်းပေါ်မှာ အက္ခရာစီစဉ်ထားတဲ့အတိုင်း က-ခ-ဂ-ဃ-င- အစဉ်နဲ့ ကြေညာထားတာဖြစ်ပါတယ်။ အဲဒီတော့ ကြေညာချက်ထဲမှာ အမျိုးသမီးတွေက တစ်အုပ်စု၊ အမျိုးသားတွေက တစ်အုပ်စုဖြစ်ပါတယ်။ အိမ်ထောင်စုတစ်ခုထဲက လူတွေဟာ မဲစာရင်းမှာ တစ်ပေါင်းတည်း မရှိနိုင်ပါဘူး။ အက္ခရာအတိုင်းဖြစ်ပါမယ်။

ဒါကြောင့်မဲစာရင်းတွေကပ်တဲ့အခါမှာ အမျိုးသမီးအုပ်စုဖြစ်တဲ့ 'ဒေါ်' အုပ်စုမှာ က-ခ-ဂ --- အစီအစဉ်အတိုင်းဖြစ်တဲ့အတွက် မဲစာရင်းအပေါ်မှာ ဖုံးအုပ်ထားတဲ့ ပလတ်စတစ်အပေါ်မှာ တစ်ရွက်စီရဲ့ နောက်ဆုံးအကွက်မှာ သက်ဆိုင်ရာ 'က' သော်လည်းကောင်း၊ 'ခ'သော်လည်းကောင်း၊ 'ဂ' သော်လည်းကောင်း ရေးပေးထားရင် ရှာရတာလွယ်ကူပါတယ်။ အမျိုးသမီးနဲ့ အမျိုးသားအုပ်စုကို ခွဲခြားထားတာဖြစ်တဲ့အတွက် အဲ့ဒီဆိုင်းဘုတ်မှာ အမျိုးသမီးတွေအတွက်ဖြစ်နေရင် 'အမျိုးသမီးများ' ဆိုတာကို ထိပ်စည်းကရေးပေးထားရင် လွယ်လွယ်ကူကူနဲ့ ရှာနိုင်ပါတယ်။

အမျိုးသားတွေအတွက်လည်း ထိုနည်းအတိုင်းပါပဲဖြစ်ပါတယ်။ သူတို့ကတော့ 'ဦး' ဆိုတာနဲ့စမှာ ဖြစ်ပါတယ်။ အထက်ကအတိုင်း ကြေညာစာရွက်တွေမှာ ရေးပြထားရင် မဲဆန္ဒရှင်တွေရဲ့ အမည်စာရင်းကို သုံးမိနစ်အတွင်းမှာ အလွယ်တကူ ရှာနိုင်မှာဖြစ်ပါတယ်။

အခုရေးသားဖော်ပြချက်တွေကို သက်ဆိုင်ရာရွေးကောက်ပွဲမဲကော်မရှင်အဖွဲ့တွေက လေ့လာပြီး မိမိကိုယ်တိုင် ကျွမ်းကျင်ပိုင်နိုင်စွာ သိထားမယ်ဆိုရင် မဲဆန္ဒရှင်တွေအတွက် အခက်အခဲမရှိအောင် ကူညီနိုင်ပါတယ်။

အဓိကကတော့ မဲဆန္ဒရှင်တွေအမည်စာရင်းနဲ့ မဲဆန္ဒရှင်စာရင်းအမှတ်တွေပါတဲ့ ကြေညာစာရွက်ပေါ်မှာ သက်ဆိုင်ရာအက္ခရာကို ဆော့ပင်နဲ့ခပ်ကြီးကြီးရေးထားရင် မိမိရော မဲဆန္ဒရှင်တွေပါ အလွယ်တကူရှာဖွေနိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

# ပျက်စီးယိုယွင်းနေသော ချစ်ကြည်ရေးလမ်းမကြီး ပြုပြင်ပေးရန်လိုလား

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ် (၁၉) ရပ်ကွက်အတွင်းရှိ အဓိကလမ်းမကြီးဖြစ်သော ချစ်ကြည်ရေးလမ်းမကြီး ပျက်စီးယိုယွင်းနေမှုကြောင့် ခရီးသွားလုပ်သားပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူကလေးများ သွားလာရေးအခက်အခဲများ ကြုံတွေ့နေရသဖြင့် သွားလာရေးအဆင်ပြေစေရန် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်အေး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့မှ တာဝန်ရှိသူများက ယာယီခင်းကျင်းဆောင်ရွက်ထားကြောင်း သိရသည်။



အဆိုပါလမ်းမကြီးသည် အရှည်ပေ ၁၄၀၀ ရှိသည့် လမ်းမကြီးတစ်ခုဖြစ်သည်နှင့် အညီ ယခင်က လမ်းသားများ ပြည့်စုံကောင်းမွန်နေခြင်းကြောင့် သွားလာရေးအဆင်ပြေမှုရှိနေခဲ့သော်လည်း အမှတ်(၃၇) အခြေခံပညာမူလတန်းကျောင်းတွင် ၂၀၁၃ ခုနှစ် ဇွန် ၁၃ ရက်က ဂျပန်နိုင်ငံ ဘဏ်သိမ်းကုမ္ပဏီမှ တာဝန်ယူလှူဒါန်းမှုဖြင့် ကျောင်းဆောင်သစ်နှစ်ဆောင် ဆောက်လုပ်နေစဉ်က မြေသယ်၊ အုတ်သယ်၊ ဘိလပ်မြေဖျော်စက် ကားကြီး၊ အားငယ်များ အချိန်ပြည့် ဝင်ထွက်သွားလာမှုကြောင့် အရှည်ပေ ၁၄၀၀ ရှိ ချစ်ကြည်ရေးလမ်းမကြီး ပျက်စီးယိုယွင်းသွားခဲ့ရခြင်းဖြစ်သည်။

ယင်းကြောင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)တာဝန်ခံနှင့် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများထံ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့က စုပေါင်းတင်ပြထားခဲ့ပြီးဖြစ်သော်လည်း ယနေ့တိုင် မွမ်းမံပြင်ဆင် ခင်းကျင်းဆောင်ရွက်ပေးခြင်းမရှိသဖြင့် အမြန်ဆုံးကွင်းဆင်းစိစစ် ခင်းကျင်းဆောင်ရွက်ပေးစေလိုကြောင်း ရပ်ကွက်နေပြည်သူများက ပြောသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**

# Community Policing လုပ်ငန်းစဉ် အခြေခံသင်တန်းဆင်း

**မကွေး စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ရဲအကူတပ်ဖွဲ့ခွဲ အစည်းအဝေးခန်းမတွင် စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီက Community Policing လုပ်ငန်းစဉ်အခြေခံ သင်တန်းအမှတ်စဉ် (၂/၁၅) သင်တန်းဆင်းပွဲ အခမ်းအနား ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလူလူသန်းက သင်တန်းဆင်းအမှာစကားပြောကြား၍ သင်တန်းသား ၁၆ ဦးအား တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့် ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးတို့က သင်တန်းဆင်းလက်မှတ်များ အသီးသီးပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းမှာ စက်တင်ဘာ ၇ ရက်မှ စက်တင်ဘာ ၁၈ ရက်ထိ ၁၂ ရက်ကြာ ဖွင့်လှစ်ခဲ့သော သင်တန်းဖြစ်ကြောင်း သိရသည်။

**ညိုညိုဝင်း(မကွေး)**

# ကျေးရွာပြည်သူများသို့ မြေငှားဂရန် များပထမအကြိမ် ကွင်းဆင်းထုတ်ပေး

**ကော့သောင်း စက်တင်ဘာ ၂၀**

ကော့သောင်းမြို့တွင် ကျေးရွာပြည်သူများသို့ မြေငှားဂရန်များ ပထမအကြိမ် ကွင်းဆင်းထုတ်ပေးခြင်းလုပ်ငန်းများကို ရွှေပြည်စိုးကျေးရွာအုပ်စု သောင်ဖြူကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျေးရွာပြည်သူများသို့ မြေငှားဂရန်ထုတ်ပေးခြင်းလုပ်ငန်းများအား ကော့သောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးစီးအရာရှိ ဦးသက်နိုင်အောင် ဦးဆောင်ပြီး ပြည်တွင်းအခွန်များဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများမှ ကျေးရွာပြည်သူများထံအရောက် ကွင်းဆင်းထုတ်ပေးခြင်းဖြစ်ရာ မြေငှားဂရန်များအား ကျေးရွာပြည်သူ ၂၆ ဦးသို့ လက်ရောက်ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

ယင်းအပြင် ဆောင်ရွက်ရန်ကျန်ရှိသည့် ကျေးရွာပြည်သူများ၏ မြေငှားဂရန်များအား ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း-ပြန်/ဆက်)**

နိုင်ငံခြားကုမ္ပဏီများ ရုံးခန်းဖွင့်ရန်၊ သင့်လျော်သော တိုက်နှစ်လုံးကို နှစ်ရှည်ငှားမည်။

တောင်ဥက္ကလာပမြို့နယ်၊ ဝေဇယန္တာလမ်းမအနီး၊ အဆင့်မြင့်အိမ် ရာ ဝင်းထဲတွင် ပေ(၁၀၀)ပတ်လည်နှစ် (၆၀)ဂရန်မြေပေါ်၌ ဆောက်လုပ်ပြီးစ တိုက်သစ်(၂)လုံးပါဝင်သောခြံကို အမြန်နှစ်ရှည်ငှားပါမည်။ (၃၅ ပေ×၇၀ ပေ)နှစ်ထပ် RC တိုက်သစ်တွင် MB (၅)ခန်း၊ ရိုးရိုးအိပ်ခန်း(၃)ခန်း၊ စုစုပေါင်းအိပ်ခန်း(၈)ခန်း၊ အောက်ထပ်ဧည့်ခန်း၊ အပေါ်ထပ်ဧည့်ခန်း၊ ဘုရားခန်းကျယ်၊ မီးဖိုချောင်၊ ထမင်းစားခန်း၊ အိမ်ဖော်အိပ်ခန်းတို့ပါရှိသည်။ အခန်းတိုင်းတွင် Aircon ၊ ရေပူရေအေး၊ ပါကေးခင်း၊ ကြွေပြားကပ်၊ အလှမီးဆိုင်းနှင့် လိုက်ကာခန်းစီးများ တပ်ဆင်ထားသည်။

(၂၅ ပေ×၈၀ပေ) (၃)ထပ်တိုက်သစ်တွင် ကုမ္ပဏီရုံးခန်းဖွင့်ရန် အတွက် Hall Type ဖွဲ့စည်းထားသည်။ အထပ်တိုင်းတွင် ရေချိုးခန်း၊ အိပ်သာပါသည်။ Reception ကောင်တာပါသည်။ အပေါ်ဆုံး Roof Top တွင် Open Space ဝရန်တာနှင့် ဧည့်ခံပွဲပြုလုပ်ရန်အတွက် တည်ဆောက်ထားသည်။ (၂)ထပ်တိုက်အနောက်ဖက်တွင် ခေတ်မှီအဆင့်မြင့် ရေကူးကန်တစ်ကန်ပါသည်။ ပါဝါမီတာ၊ ရိုးရိုးမီတာနှင့် 25 KVA မီးစက်ပါသည်။ အဝီစိရေ၊ ဂျိုးဖြူရေ ရေ(၂) မျိုးပါသည်။ ခေတ်မီအဆင့်မြင့် လုံးချင်းအိမ်ယာဝင်းဖြစ်၍ ပတ်ဝန်းကျင်အလွန်သန့်သည်။ လူမနေရသေးသော အသစ်စက်စက်တိုက်(၂)လုံးကို ညှိနှိုင်းဈေးဖြင့် အမြန်ငှားပါမည်။

09-781012341, 09-781012342,
09-781012343
ပွဲစားလိုသည်။

ရဟန်းတို့၏ ဘဝကို အခြေခံ၍
ရသပုံစံ ရေးဖွဲ့ထားသော ဝတ္ထုတိုများ...
တက္ကသိုလ်သုဝီရ
ရဟန်းပျိုရဲ့ ရင်ဘတ်တစ်ခြမ်းနှင့်
ရသ ဝတ္ထု တိုများ
ထွက်ပြီ



ဖြန့်ချိရေး-မျိုးဆက်သစ်စာပေ – ၀၉ ၄၂၀ ၂၂၂ ၉၆၂၊ ၀၉ ၄၂၀ ၀၈၃ ၆၈၈

ကွန်ပျူတာပုရောဟိတ်
တြိစက္ကဇာတာအားစစ်ဆေးနိုင်သည့်တခုတည်းသောကွန်ပျူတာ
ကလေးဇာတာ၏အားကြီးသောဂြိုဟ်နံများဖြင့်လှပခေတ်မီနာမည်လေးများ(၁၈၀)ကျော်



နာမည်များနှင့်အတူတသက်တာဇာတာစစ်ဟောစာတမ်း(၃၆)မျက်နှာ အိမ်ထောင်ရေးစီးပွားရေးကျန်းမာရေးပညာရေးစိတ်နေစိတ်ထားအကျင့်စရိုက် ကလေးတသက်တာအချိန်ကာလအပိုင်းအခြားအလိုက်ဟောကိန်းများ အဆောင်ယတြာများ/အမြင့်တန်းသို့ထိုးတင်ပေးထားသောနာမည်များဖြစ်ပြီး ပယောဂသမ္ဗတ္တိကံ/ဉာဏ်/ဝီရိယ/သတိများထူးချွန်ထက်မြက်ပြီးအောင်မြင်စေရမည် ရောင်စုံအလှအခန့်မင်္ဂလာတြိစက္ကဇာတာနှင့်ကင်ပွန်းတပ်ချိန်နှင့်ရက်များ လာရွေး/နိုင်ငံခြားemail၇၀၀၀ိ/မြို့တွင်းVPLနှင့်၈၀၀၀ိ/နယ်အမြန်ချော၉၀၀၀ိ ကလေးပုံကို Viberဖြင့်ပို့လျှင်စာအုပ်ဖုံးဒီဇိုင်းတွင်တင်ပေးမည်/ခွဲမွေးချိန်/လုပ်ငန်းနာမည်ပေး တိုက်၂၂၁/အခန်း၆၀၂/ဗိုလ်တထောင်ဈေးလမ်းမကျယ်(အလယ်)/ပုဇွန်တောင်မြို့နယ်/ရန်ကုန်
ဆရာဦးသိန်းမြင့် A.G.T.I(Mech.Engg) ထံဖုန်းသာဆက်လိုက်ပါ 0931079394
095179128/0931300995/ViberPh:09972122177/09972228316

# အမှောင်လမ်းကို သိမြင်ရှောင်ရှားပါ

**à** မေသကြိန်

အရက်လည်းမူးယစ်ဆေးပါ။ ဘီယာ၊ ဆေးလိပ် လူကို စွဲလမ်းစေတတ်တဲ့အရာတွေ အကုန်လုံး မူးယစ်ဆေးလို့ သတ်မှတ်လို့ရပါသည်။ လူငယ်လူရွယ်တွေအနေနဲ့ ဘယ်အရာကိုမှ မစမ်းသပ်တာကောင်းပါသည်။

မူးယစ်ဆေးဝါးဟူသည် လူတစ်ဦးချင်း တစ်ယောက်ချင်းအတွက်သာမက လူသားမျိုးနွယ်တည်တံ့ရေးအတွက် အဓိကခြိမ်းခြောက်နေသော အန္တရာယ်ဆိုးတစ်ရပ်ဖြစ်နေသည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ဘိန်းကို အဖိုးတန်ဆေးဝါးတစ်ရပ်အနေဖြင့် သုံးစွဲခဲ့ကြသည်။ ခရစ်တော်ပေါ်ပြီး နှစ်ပေါင်းတစ်ထောင်ခန့်အတွင်းမှာပင် မူရင်းဒေသဖြစ်သော မြေထဲပင်လယ်ဝန်းကျင်မှ အရှေ့အိန္ဒိယနှင့် တရုတ်ပြည်သို့ ပျံ့နှံ့ခဲ့ပြီး တရုတ်ပြည် ယူနန်နယ်မှ ရွှေတြိဂံနယ်မြေသို့ ရောက်ရှိခဲ့သည်ဟု ဆိုကြသည်။

သမိုင်းအထောက်အထားများအရ ၁၆ ရာစု ကတည်းက ဒတ်ချ်နှင့် ရောမကုန်သည်များသည် အိန္ဒိယနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့ ဘိန်းတင်သွင်းဖြန့်ဖြူးခဲ့ကြသည်ဟု သိရသည်။ ၁၈၂၄ ခုနှစ်တွင် ကိုလိုနီနယ်ချဲ့တို့သည် မြန်မာတို့ ဆုံးရှုံးခဲ့ရသော ရခိုင်နှင့် တနင်္သာရီဒေသတွင် လိုင်စင်ရ ဘိန်းခန်းများ ဖွင့်လှစ်ခဲ့သည့် အထောက်အထားများ တွေ့ရသည်။


မြန်မာတိုင်းရင်းသားတို့ မူးယစ်ဆေးနှင့် ဆက်နွယ်သော ဆိုးကျိုးများခံစားခဲ့ရသည်မှာ နှစ်ပေါင်းရာနှင့်ချီ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ ဘိန်းမည်း၊ ဘိန်းဖြူမှအစ ယနေ့ခေတ်တွင် သုံးစွဲမှုမြင့်တက်နေသော စိတ်ကြွဆေးသည်လည်း ကြောက်မက်ဖွယ်ရာ အန္တရာယ်တစ်ခုပင်။

နယ်စပ်ဒေသများတွင် ဘိန်းစိုက်ကြသည်။ ဘိန်းမှဘိန်းဖြူချက်လုပ်ကြသည်။ ဘိန်းဖြူ ပျံ့နှံ့မှုများဖြစ်ရသည်။ ဘိန်းစိုက်ရာဒေသနှင့် နီးရာများတွင် ဘိန်းဖြူပျံ့နှံ့သုံးစွဲမှု ပိုများကြသော်လည်း ရန်ကုန်၊ မန္တလေးတို့လို မြို့ကြီးများတွင် စိတ်ကြွဆေးပြားများ သုံးစွဲမှုက ပိုများသည်ဟု သိရသည်။

လူငယ်များအကြားတွင် စိတ်ကြွဆေးပြားများအား မူးယစ်ဆေးဝါးအဖြစ် မှတ်ယူခြင်းမရှိဘဲ လူငယ်များအကြား သုံးလေ့သုံးထရှိသော အရာတစ်ခုအဖြစ် ယူဆလက်ခံထားလျက်ရှိနေကြသည်က အလွန်ပင် ကြောက်ရွံ့စရာ အန္တရာယ်ကို လက်ယပ်ဖိတ်ခေါ်လျက်ရှိနေသည်။

"ကျွန်တော်တို့ သူငယ်ချင်းတွေကြားထဲမှာ ဒီဆေးပြားကို စသုံးကြတော့ မူးယစ်ဆေးတစ်မျိုးဆိုတာလည်း မသိဘူး။ ကိုယ့်ကိုယ်ကို မူးယစ်ဆေးသုံးနေတယ် ဆေးချနေတယ်လို့ကို သဘောမထားမိကြဘူး။ ဒီအတိုင်း ဒါက လူငယ်တွေရဲ့ သဘာဝ၊ ပုံမှန်ဖြစ်လေ့ဖြစ်ထရှိတဲ့အရာတစ်ခုလို့ပဲ ထင်နေခဲ့ကြတာ"ဟု တစ်ချိန်က စိတ်ကြွဆေး၏ သားကောင်းဖြစ်ခဲ့ရဖူးသူ တစ်ဦးက ဆိုသည်။

စိတ်ကြွဆေးခေါ် Amphetamine Type Stimulant (ATS) သည် ဒုတိယကမ္ဘာစစ်အတွင်းက လေယာဉ်မှူးများ၊ စစ်သည်များ



လုပ်ငန်းများ လုပ်ဆောင်ရာတွင် တက်ကြွလန်းဆန်းမှုရှိရန် ဆေးဝါးအဖြစ် စတင်သုံးစွဲခဲ့သည်။ နောက်ပိုင်းတွင် အသုံးတွင်ကျယ်လာပြီး လွဲမှားသော သုံးစွဲမှုများ ဖြစ်လာခဲ့သည်။ စိတ်ကြွဆေးသည် ဆေးအာနိသင် သက်ရောက်နေသည့်အချိန်တွင် လူ၏ခန္ဓာကိုယ်မှ စွမ်းအားများကို အလွန်အကျွံထုတ်ယူအသုံးပြုပြီး လန်းဆန်းတက်ကြွသည်ဟု ခံစားရသော်လည်းဆေးအာနိသင် ကုန်ဆုံးချိန်တွင် ခန္ဓာကိုယ်မှ စွမ်းအင်ကို အလွန်အကျွံညှစ်ထုတ်အသုံးပြုထားခြင်းကြောင့် အားအင်ကုန်ခန်းကာ ဆိုးကျိုးများကို စတင်ခံစားရတော့လေသည်။

ဆေးပြားတွင် W ပုံစံ ရိုက်နှိပ်ထားသောကြောင့် W ဆေးပြား၊ ရာမ၊ ရာဘာ၊ မြင်းဆေး စသည်ဖြင့် နာမည်အမျိုးမျိုးခေါ်ဆိုကြသည်။ နယ်စပ်ဒေသတွင် တရားမဝင် ငါးဖမ်းသင်္ဘောများပေါ်တွင် ရေလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ကြသော ရေလုပ်သားများအား အလုပ်ရှင်မှ လုပ်အားကို အဆမတန်ခိုင်းစေနိုင်ရန်အတွက် စိတ်ကြွဆေးများတိုက်ကျွေးကြောင်း သိရသည်။ အလုပ်သမားများအနေဖြင့် စိတ်ကြွဆေး၏အာနိသင်ကြောင့် နေ့မနားညမနား အလုပ်လုပ်နိုင်ကြသည်။ အလုပ်ရှင်၏ လုပ်အားခေါင်းပုံဖြတ်ခြင်းကို ခံကြရပြီး နောက်ပိုင်းတွင် ဆေးစွဲကာ မူးယစ်ဆေး၏ သားကောင်ဘဝသို့ ကျရောက်ကြရသည်။ ဆေးမသုံးရမနေနိုင်ဖြစ်ကာ မူးယစ်ဆေး၏ ဆိုးကျိုးဒဏ်များကို ခံစားရတော့သည်။

မူးယစ်ဆေးဝါးသည် ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲ၊ မဖွံ့ဖြိုးသေးသော နိုင်ငံများပါမကျန် အဓိကခြိမ်းခြောက်နေသော ပြဿနာတစ်ရပ်ဖြစ်သည်။ လူသားအားလုံးနှင့် ဆိုင်သော ပြဿနာဖြစ်သည်။ မူးယစ်ဆေးဝါးသည် ဦးနှောက်နှင့် အာရုံကြောကို မူးယစ်ထုံထိုင်းစေပြီး လူ၏ ခန္ဓာကိုယ်ကို ထိခိုက်ပျက်စီးစေသည်။ ဆေးမသုံးရမနေနိုင်ဖြစ်ကာ ဆေးဝါးအပေါ် စိတ်ရောကိုယ်ပါ စွဲလမ်းစေသည်။ ဆေးဝါးများ၏ အာနိသင်အရ ဘိန်းနှင့် ဘိန်းထွက်ပစ္စည်းများဖြစ်သော ဘိန်း၊ မော်ဖင်း၊ ဘိန်းဖြူ ကိုကင်းစသည်တို့မှာ အပြင်းစားဆေးဝါးဖြစ်ကာ ဆေးခြောက်၊ စိတ်ကြွရှူးသွပ်ဆေးနှင့် အခြားဓာတုဗေဒနည်းဖြင့် ဖော်စပ်ထားသော ဆေးဝါးများမှာ အပျော့စားဆေးများဖြစ်ကြသည်။

၎င်းတို့၏ အာနိသင်များအရ ခွဲခြားရာတွင် ဗဟိုအာရုံကြောကိုဖိနှိပ်စေသော ဆေးဝါးများ၊ စိတ်ကြွရှူးသွပ်ဆေး၊ စိတ်ကို ချောက်ချားစေသောဆေးဝါးများ၊ ဆေးခြောက်၊ အငွေ့ပြန်နိုင်သော ဓာတုဆေးဝါးများအပြင် အရက်၊ ဆေးလိပ်၊ အဖျော်ယမကာများလည်း ပါဝင်သည်။ ဘိန်းကို အဓိကစိုက်ပျိုးရာဒေသတို့မှာ အီရန်၊ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တို့ပါဝင်သော ရွှေလခြမ်းဒေသနှင့် မြန်မာ၊ လာအိုနှင့် ထိုင်းတို့ပါဝင်သော ရွှေတြိဂံဒေသတို့ဖြစ်ကြသည်။ လမ်းပန်းဆက်သွယ်မှု ခက်ခဲသော ဒေသများတွင် ဘိန်းစိုက်ပျိုးမှု ပိုများပြားသည်။

သုံးစွဲသူများအကြားတွင် တန်ဖိုးသက်သာ၊ သယ်ဆောင်ရလွယ်ကူသော ရှာဖွေရပိုလွယ်ကူသည့် စိတ်ကြွရှူးသွပ်ဆေးကို သုံးစွဲမှု ပိုများသည်ကိုတွေ့ရသည်။ ဈေးနှုန်း သက်သာခြင်း၊ ထုတ်လုပ်မှုစရိတ်သက်သာခြင်း၊ ဈေးကွက်နှင့် နီးသည့်နေရာတွင် အလွယ်တကူ ထုတ်လုပ်နိုင်ပြီး ဈေးကွက်သစ်ရှာရလွယ်ကူခြင်း၊ အမြတ်များများရခြင်းတို့ကြောင့် စိတ်ကြွဆေးပြားများသည် ပိုပျံ့နှံ့နေပြီး ပိုအန္တရာယ်များသည်ကို တွေ့ရသည်။

**ဆက်လက်ဖော်ပြပါမည်။**

**မူးယစ်ဆေးဝါးသည် ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲ၊ မဖွံ့ဖြိုးသေးသော နိုင်ငံများပါမကျန် အဓိကခြိမ်းခြောက်နေသော ပြဿနာတစ်ရပ်ဖြစ်သည်။**







**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၄/စက်မှု)၊ အသံ၊အနံ့စက်မှုဇုန်၊ ဘုရင့်နောင်လမ်း၊မြေကွက်အမှတ် (၅၇၀) ဦးသိန်းဝင်း (၁၂/သဃက(နိုင်)၁၄၃၂၁၅)(ဘ)ဦးဂျမာ။ အမည်ပေါက် ပါမစ်မြေကွက်၊ ဧရိယာခန့်မှန်းခြေ (၀.၀၅၅)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်တို့ကို အရှုပ်အရှင်းမရှိ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူပိုင်ရှင် ဦးသိန်းဝင်း ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စအတွက်ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရုက်စာတမ်းအထောက် အထားမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်သည်။

လွှဲအပ်ညွှန်ကြား ချက်အရ


ဦးအောင်စိုး
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၁၀၂/၈၂)
B.A,R.L,D.B.L,D.M.L,D.I.L
Diploma in International Business Organisation(UK)
Diploma in International Intellectual Property Law(UK)

ဒေါ်သီသီတန်
အထက်တန်းရှေ့နေ (စဉ်-၃၉၂၃၃)
LL.B,Business Management Higher Diploma
DL,101,WIPO(Switzerland)
Aung Soe & Ace Top Lawfirm

အမှတ် (၂၄၅)၊ ပထပ် (၃၇)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၃၂၄၃၄၃၊ ၀၉ ၄၂၀၂၂၃၅

**မူးယစ် ဆန့်ကျင် အောင်ပွဲဆင်**

အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

လမ်းပေါ်သို့ လှမ်းကြည့်လျှင် နံနက်စောစော၌ လက်တွန်းလှည်း ကိုယ်စီတွန်း၍ ကလေးထိန်း ထွက်လာသော အာယားခေါ် နာရီတို့နှင့် ကလေးများကို မြင်ရသည်။

ဗြိတိသျှတို့သည် မြန်မာပြည်တွင် အရှင်သခင်အဖြစ် ကြီးစိုးခဲ့ကြစဉ်က သူတို့ကလေးများကို ထိန်းကျောင်းရန် တိုင်းရင်းသူ မိန်းမများကို ခန့်ထားကြ၏။ ထိုမိန်းမများကို အာယားဟု လည်းကောင်း၊ နာရီဟု လည်းကောင်း ခေါ်ကြသည်။

ယခုအချိန်တွင် မြန်မာ့မြေ၌ ဗြိတိသျှတို့ အရှင်သခင်အဖြစ် မရှိတော့ပြီ။ သို့ရာတွင် ဗြိတိသျှ ကိုလိုနီအရစ္စတိုရေစီ ယဉ်ကျေးမှုသည် မြန်မာဗျူရိုကရက်များကြား၌ ကျန်ရစ်ခဲ့သေးသည်။

ဝင်ဒါမီယာကုဒ်အတွင်း၌ လည်းကောင်း၊ ဝင်ဒါမီယာပါတ်(ခ်)အတွင်း၌ လည်းကောင်း ဝန်ကြီးချုပ်၊ ဝန်ကြီး၊ အတွင်းဝန်တို့မှစ၍ ဝန်ကြီး၊ ဝန်ကလေး၊ မင်းကြီး၊ မင်းကလေးဟူသော ဧကရာဇ်၊ ပဒေသရာဇ်စနစ်နှင့် သင်းသောရာထူးပိုင်သခင် ဘွဲ့ထူးခံအရှင်တို့ စံစားနေကြသည်။

ယခု သက်ခိုင်တို့ မြင်ကြရသော ကလေးတို့ကား ထိုသခင်ကြီး၊ အရှင်ကြီးတို့၏ သားသမီးများချည်း ဖြစ်ကြ၏။ သူကလေးတို့ကို ထိန်းကျောင်းလာသူများကား မြန်မာပြည်ကြီး လွတ်လပ်လာသော်ငြားလည်း သူတို့ဘဝ၌ ဘာမျှအပြောင်းအလဲမရှိ၊ ရှိသမျှမှာ သခင် အရှင် ပြောင်းလဲခြင်းသာမည်သည့်တိုင်းရင်းသူအမျိုးသမီး အာယားနှင့် နာနီတို့ပင်တည်း။ အာယား သို့မဟုတ် နာနီဟူသော အမည်သည်ပင် မပြောင်းလဲ တည်မြဲ ကျန်ရစ်နေသေးသည်။

ဤအတွေးများကြောင့် သက်ခိုင်သည် အုတ်ခုံပေါ်၌ ထိုင်မိ၍ အတန်ကြာသည်အထိ စကားမဆက်မိဘဲ ငြိမ်နေ၏။

"မင်း ဘာငိုင်နေပြန်တာလဲ သက်ခိုင်၊ အာယားတွေကို ကြည့်ပြီး ကဗျာစပ်ဦးမလို့လား"

သက်ခိုင်က အသာအယာ ရယ်သည်။

"အေး. . ဟုတ်တယ်၊ ကဗျာစပ်ချင်တယ်၊ ငယ်ငယ်က နေခဲ့ရတဲ့ ရေနံချောင်းကိုလည်း သွားသတိရမိတယ် သူငယ်ချင်း၊ အဲဒီတုန်းက ရေနံချောင်းမှာ ဒီလိုပဲ အာယားတွေက မျက်နှာဖြူ ကလေးတွေကို ထိန်းကြတယ်၊ အခုဝင်ဒါမီယာမှာလည်း သူတို့ကို ပြန်တွေ့ရတယ်၊ သမိုင်းခေတ်တွေ ဘယ်လောက်ပြောင်းပြောင်း နိုင်း(လ်)မြစ်ကြီးကတော့ စီးမြဲစီးလျက် . . ဆိုတဲ့ စကားလိုပဲ၊ တို့မြန်မာပြည်မှာလည်း အချိန်တွေ ဘယ်လောက်ပြောင်းပြောင်း ဗျူရိုကရေစီမြစ်ကြီးကတော့ စီးမြဲစီးလျက်ပဲလို့ ကဗျာစပ်ရလိမ့်မယ် ထင်တယ် သူငယ်ချင်း"

အေးဝင်းက လှိုင်လှဲစွာ ရယ်သည်။

"သက်ခိုင်. . . မင်းက မောင်ညိုမှိုင်းကိုတော့ ဝေဖန်တယ်၊ ဒါပေမဲ့ တစ်ခါတလေမင်း စကားပြောပုံက မောင်ညိုမှိုင်းနဲ့ တူတယ်"

"ဘယ်သူလဲ. . . မောင်ညိုမှိုင်း ဆိုတာ"

"မောင်ညိုမှိုင်း ဆိုတာ ထွန်းငွေပေါ့၊ သူ့ရုပ်က အမြဲတမ်း ညိုညိုမှိုင်းမှိုင်းနိုင်တယ်၊ ဒီကြားထဲက သွားစရာလာစရာရှိရင် သူ့ဘွားအေက အထက်ဆင် ဖြုတ်ပေးလိုက်တဲ့ ရေနံရောင် ရှေးဗန်ကောက်လုံချည်အဟောင်းကြီးကို ဝတ်သေးတယ်၊ ဒါကြောင့်မို့ ငါတို့. . . မောင်ရှိန်တို့က သူ့ကို မောင်ညိုမှိုင်းလို့ ခေါ်တယ်"

"ထွန်းငွေကို မောင်ညိုမှိုင်းလို့ ဘွဲ့ပေးတာ ငါ သဘောကျတယ် အေးဝင်း၊ ပြီးတော့ တစ်ခါတလေ ငါ စကားပြောပုံက မောင်ညိုမှိုင်းနဲ့ တူတယ်ဆိုလို့လည်း ငါ သဘောကျတာပဲ၊ အစကတော့ ထွန်းငွေကို ငါ သိပ်ကြည့်လို့ မရဘူး၊ နီးစပ်ခင်မင်လာတော့လည်း ဒီကောင်ကြီးက မင်း တစ်ခါက ပြောသလိုပဲ ချစ်စရာကောင်းကြီးပါ"

"ဘာ. . မင်း ထွန်းငွေကို ချစ်သွားပြန်ပြီလား"

"ဟုတ်တယ်၊ ထွန်းငွေရဲ့ အသည်းနှလုံးမှာ အခြေခံအားဖြင့် မှန်ကန်တဲ့ ဆိုရှယ်လစ် စိတ်စေတနာရှိတယ်၊ သူ့ပါးစပ်က တောထဲကလူတွေ ပြောခိုင်းတဲ့ စကားတွေကိုသာ ပြောနေတာတစ်ခုပဲ ခက်တယ်"

အေးဝင်းက သဘောတူဟန် ခေါင်းညိတ်သည်။

"အေး. . . ဟုတ်တယ်၊ သူ့ပါးစပ်က တောထဲက လူတွေ ပြောခိုင်းတဲ့ စကားတွေပဲ လျှောက်ပြောနေတာပဲ၊ တောထဲက လူတွေ ပြောခိုင်းတဲ့ စကားကလည်း နိုင်ငံခြားပါတီက ပြောခိုင်းတဲ့ စကားတွေပဲဖြစ်နေလို့ ပိုခက်တယ်၊ အေးကွာ. . ထားပါတော့၊ တို့မနက်စောစောစီးစီး နိုင်ငံရေး စကားတွေပြောမိနေပြန်ပါပြီ၊ စောစောက မင်းစကား ပြန်ဆက်ပါဦး"

"နေပါဦး. . . စောစောက ငါဘာပြောနေပါလိမ့်"

"လုပ်ပြီ . . မင်းက၊ နေဦး . . ငါလည်း ပြန်စဉ်းစားရဦးမယ်၊ ဘာတဲ့ . . . ဩော် . . အင်း . . . ဒီလိုလေကွာ၊ မြတ်စွာဘုရားသခင်ဟာ လောကကမ္ဘာမြေက အလှအပတွေကို ပယ်တော်မမူဘူး၊ ပယ်တော်မမူဘူး ဆိုတာဟာ တပ်မက်သာယာတာ မဟုတ်ဘူးလို့ မင်းက ဆိုတယ်၊ ဆက်လေကွာ. . ."

"အေး . . . ဟုတ်ပြီ၊ အလှအပဆိုတာနဲ့ ကာမအာရုံကို ခွဲကြည့်တတ်ဖို့လိုတယ်၊ မြတ်စွာဘုရားသခင်သာမဟုတ်ဘူး၊ ပလေတိုတို့လို အနောက်တိုင်းတွေးခေါ် မြော်မြင်ရေးပညာရှင်ကြီးတွေကလည်း ခွဲကြည့်ဖို့ ကြိုးစားတာပဲ၊ ကြည့်တတ်ရင် လောကမှာ အလှအပက နေရာတကာမှာရှိတယ်၊ အလှအပကို ချစ်ခင်မြတ်နိုးတာမှာ အပြစ်မရှိပါဘူး၊ မချစ်ခင် မမြတ်နိုးတတ်မှ အပြစ်ရှိတာ၊ အဲ. . . ကာမအာရုံကို အလှအပထင်မိရင်တော့ ငါးပါးမှောက်တတ်တယ်၊ ကာမအာရုံဆိုတာက တပ်မက်သာယာစွဲလမ်းတဲ့ ကိလေသာတဏှာကိုသာ မွေးဖွားပေးတတ်တာကိုး၊ ချစ်ခင်မြတ်နိုးမှုဟာ သောဘဏ(ကြည်လင်သော)စိတ်၊ ကိလေသာတဏှာဆိုတာက အသောဘဏ (နောက်ကျိသော)စိတ်၊ ငါ အခုနေတော့ ဒီလောက်ပဲ ရှင်းပြတတ်သေးတယ် အေးဝင်းရယ်. . "

အေးဝင်းသည် စဉ်းစဉ်းစားစား နားထောင်နေရာမှ သူငယ်ချင်းဖြစ်၍ အားမနားဘဲမေးသည်။

"ဘာလဲ. . မင်း ဆိုလိုတာက မင်းဟာ အလှအပ်ကိုသာ ချစ်မြတ်နိုးတယ်၊ ကာမအာရုံကို မတပ်မက် မစွဲ လမ်းဘူး၊ ဒီလိုလား သက်ခိုင်"

သက်ခိုင်က ဝမ်းနည်းစွာ ခေါင်းခါပြ၏။

"ဒီလို မဟုတ်ပါဘူး သူငယ်ချင်း၊ အလှအပနဲ့ ကာမအာရုံကို ငါခွဲခြားမမြင်တတ်သေးပါဘူး၊ တတ်နိုင်ရင်တော့ ငါ မြင်စွမ်းချင်လှပါတယ်၊ မြင်စွမ်းနိုင်တဲ့တစ်နေ့မှာ ငါစိတ်ဟာ ချမ်းသာမယ်၊ မမြင်စွမ်းနိုင်သမျှ ငါ့စိတ်ဟာ မချမ်းသာနိုင်ဘူး၊ ငါ့အဖြေကို မင်း ကျေနပ်ရဲ့လား သူငယ်ချင်း"

အေးဝင်းက သက်ခိုင်၏ ကျောကို မနာရုံ လက်ဝါးနှင့် ရိုက်သည်။

"ပဟေဠိတွေကို စကားတတ်တိုင်း ဝှက်ပြီးမှ ကျေနပ်ရဲ့လား မေးတော့ ငါက ဘာဖြေရမှာလဲ၊ နေပါဦး . . မင်းက ဒီမနက် ဘာဖြစ်လို့ အဘိဓမ္မာ စကားတွေပြောနေရတာလဲ"

"ဘာရယ်လို့ မဟုတ်ပါဘူး သူငယ်ချင်း၊ ငါ အခုတစ်လော ကျိတ်စပ်နေတဲ့ ကဗျာတွေက အတွေးအခေါ်တွေ ဝင်လာလို့ ပြောမိတဲ့ စကားပါ"

"ဘာ. . မင်း ကဗျာတွေ ကျိတ်စပ်နေတယ်၊ အေး . . ငါလည်း ဝတ္ထုတစ်ပုဒ် ကျိတ်ရေးနေတယ်၊ ဒါထက် မင်းက ဘာလို့ ကဗျာတွေ ကျိတ်စပ်နေတာလဲ"

"မင်းကကော ဘာလို့ ဝတ္ထုကျိတ်ရေးနေတာလဲ"

"ဩော်. . ဒါကတော့ မောင်ရှိန်တို့. . တင်မောင်စိုးတို့ သိသွားမှာ စိုးလို့၊ ငါက ငါ့ဝတ္ထုကို 'သွေးသောက်' ကို ပို့မလို့၊ အဟုတ်တကယ် ရေးနေတာ၊ ဒါပေမဲ့ မဂ္ဂဇင်းကြီးတွေက တို့လို ကလောင်ပေါက်စသစ်ကို လက်ခံချင်မှ လက်ခံလိမ့်မယ်၊ ရေးတာ လူသိပြီးမှ မဂ္ဂဇင်းထဲ မပါရင် နောက်စရာ. . သောစရာ ဟာသဖြစ်သွားလိမ့်မယ်၊ အထူးသဖြင့် မောင်ရှိန်နဲ့ တင်မောင်စိုး သိသွားရင်ပြောလို့ ဆုံးကြမှာ မဟုတ်ဘူး၊ မင်းကကော ဘာလို့ကဗျာ ကျိတ်ရေးနေတာလဲ"

"မင်းအတိုင်းပဲ၊ ဒီကောင်တွေ ဟားမှာကြောက်လို့၊ ဒါ့ထက် မင်းဝတ္ထု နာမည်က ဘာတဲ့လဲ"

"ပိတောက်ကိုတော့ မချစ်ဝံ့ပြီလို့ ပေးထားတယ်၊ အေးဟေ့. . . သက်ခိုင်၊ မင်းနဲ့ ငါ တွေးမိပုံချင်း ဆင်တယ်၊ မင်းလိုတော့ ငါက စီကာပတ်ကုံး မပြောတတ်ဘူး၊ ငါ ဆိုလိုချင်တာက ခုနင်က မင်းပြောခဲ့တဲ့အတိုင်းပဲ၊ အလှအပနဲ့ ကာမအာရုံကို ရောထွေးမိရင် ငါးပါးမှောက်တတ်တယ်၊ အဲဒီလိုရောထွေးမိလို့ ငါးပါးမှောက်ခဲ့တဲ့ လူတစ်ယောက်အကြောင်းကို ရေးထားမိတယ်"

"အဲဒီလူတစ်ယောက်ဟာ မင်းကိုယ်တိုင်များ ဖြစ်နေသလား သူငယ်ချင်း"

"မင်းဘိုးအေ. . မင်းကစပြီး သစ္စာဖောက်ပြီ၊ စာရေးဆရာတစ်ယောက်ဟာ တစ်ခုခု ရေးတိုင်း သူ့အကြောင်းချည်းပဲလို့ မင်းက ဆိုချင်လို့လား"

"ဆိုချင်ပါတယ်၊ များသောအားဖြင့် သာမန်စာရေးဆရာတိုင်းဟာ ပုဂ္ဂလိကအမြင်သာရှိကြတော့ ရေးသမျှမှာ ရှစ်ဆယ်ရာခိုင်နှုန်းလောက် ကိုယ့်အကြောင်း ကိုယ်ရေးကြတာပဲ၊ ဝန်ခံရဲသူနဲ့ ဝန်မခံရဲသူပဲကွာကြတာ၊ လီယိုတော်(လ်)စတွိုင်းတို့၊ ဂေါ်ကီတို့တောင် ဒီနယ်က မလွတ်ကြဘူး။

(ဆက်လက်ဖော်ပြပါမည်။)

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**




STARFiSH Language & Business

✓ လုပ်ငန်းခွင်မှာအဆင်ပြေစေဖို့(English 4 skills)

✓ English စကားကို confidence ရှိရှိပြောနိုင်ပြီး အမြဲတမ်းရှေ့ပြေးနေတဲ့သူဖြစ်ဖို့ ----

☐ တနင်္လာ - သောကြာတန်းခွဲသစ်များ (Sep 28 နှင့် Oct 5) စမည်။

☐ စနေ - တနင်္ဂနွေတန်းခွဲသစ်များ။(Oct 3) စမည်။

သပြေညီုတိုက် (၂)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ရန်ကုန် Ph: 09 799905715, 09-253179825

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

သိုးရာသီ ဓမ္မဒါန
(၆၃)ကြိမ် အဘဘိုးမင်းခေါင်ထွက်ပွဲ
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ စွယ်တော်-၄ဆူ
တစ်ဦးထမင်းကျွေး-၄၀၀၀၀/-Sep - 29
ပုဂံ၊ ပုပ္ပါး၊ တောင်ကြီးအင်းလေး၊ ပင်းတယ
(၁)ဦးထမင်းကျွေး-65000 (၁၀)ဦးလျှင် တစ်ဦးအလှူ
420144148, 421153797

ကိုဝင်းနိုင်
ရွှေခေါင်းမင်း Travels
(၆၃)ကြိမ်မြောက်
အဘထွက်ပွဲ(သီးသန့်) 30000
ပုပ္ပါး၊ ပုဂံ၊ ပခုက္ကူ၊ နေပြည်တော် 45000
ကားမျိုးစုံစီးလုံးငှားစီစဉ်ပေးသည်။
09-425355758, 09-31090443

ဆုပြည့် 0931815390,0931815395
(၆၃)ကြိမ်မြောက်အဘထွက်ပွဲ
အဘထွက်ပွဲ၊ပုပ္ပါး(သီးသန့်) Sept 28
(၁၃၊၂၅ရက်)(ထမင်းကျွေး) 35000/-
ဆက်၍ပုဂံ၊ပျောင်ဦး:(၄/၅)55000/-


## မောင်ပြည့်ဖုန်းကံ(ခ)မောင်ရန်အောင်ဗိုလ်နှင့် ဖခင်ဖြစ်သူဦးကျော်သီဟနှင့် အများသိစေရန်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ ၁၄လမ်း(အောက်)၊ အမှတ်(၈)နေ ကျွန်မ ဒေါ်နွဲ့နွဲ့ရီ (၇၅)နှစ် [၁၂/လမတ(နိုင်)၀၀၄၁၄၉]က အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်မ ဒေါ်နွဲ့နွဲ့ရီနှင့် ကွယ်လွန်သူ ခင်ပွန်းဦးမြအေးတို့တွင် သမီးနှစ်ဦး ထွန်းကားခဲ့ရာ ဒေါ်မြမြသစ်နှင့် ဒေါ်နှင်းယဉ်နွယ်တို့ဖြစ်ပါသည်။ သမီးကြီး ဒေါ်မြမြသစ်တွင် တစ်ဦးတည်းသောသား မောင်ပြည့်ဖုန်းကံ(ခ) မောင်ရန်အောင်ဗိုလ်နှင့်သမီး ဒေါ်နှင်းယဉ်နွယ်တွင် မသန္တာထွန်းနှင့် မောင်ပြေသာ မြေး(၃)ဦးရှိပါသည်။

သမီးကြီး ဒေါ်မြမြသစ်မှာ အင်္ဂလန်နိုင်ငံတွင် အပြီးနေထိုင်လျက်ရှိပါသည်။ ယခုအခါ မြေးဖြစ်သူ မောင်ပြည့်ဖုန်းကံ(ခ) မောင်ရန်အောင်ဗိုလ်နှင့် ၎င်း၏ဖခင် ဦးကျော်သီဟတို့သည် ကျွန်မထံမှ အမွေတောင်းဆိုခြင်း၊ ရိုင်းစိုင်းစွာပြောဆိုခြင်း၊ ကိုယ်ထိလက်ရောက် ကျူးလွန်မည်ဟု ခြိမ်းခြောက်ခြင်းတို့ အကြိမ်ကြိမ်ပြုလုပ်သဖြင့် လမ်းမတော်ရဲစခန်းတွင် တိုင်ကြားခဲ့ရသည့်အပြင် စိုးရိမ်ကြောက်လန့်စွာ နေထိုင်နေရပါသည်။

မောင်ပြည့်ဖုန်းကံ(ခ)မောင်ရန်အောင်ဗိုလ်သည် ၎င်း၏မိခင် သက်ရှိထင်ရှားရှိနေစဉ် မြေးတစ်ဦးအနေနှင့် အမွေခွဲဝေပေးရန်တောင်းဆိုပိုင်ခွင့်မရှိကြောင်းနှင့် နောက်နောင်တွင် ထိုကိစ္စများ ထပ်မံပြုမူမည်ဆိုပါက တရားဥပဒေနှင့်အညီ အရေးယူတော့မည်ဖြစ်ကြောင်းနှင့် နေထိုင်ခွင့် ကိုလည်း ရုပ်သိမ်းတော့မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဒေါ်နွဲ့နွဲ့ရီ[၁၂/လမတ(နိုင်)၀၀၄၁၄၉]**

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် မောင်ဝင်းဇော်[၁၂/သကတ(နိုင်)၀၂၀၇၃၆]၏ဇနီးဖြစ်သူ မနန်းငွေငွေဝင်း [၁၂/သကတ(နိုင်)၁၂၁၅၈၉]သည် မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မောင်ဝင်းဇော်**
**[၁၂/သကတ(နိုင်)၀၂၀၇၃၆]**


ပထမဦးဆုံး မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်

နေရာတိုင်းအောင်ထား

အရောက်ပို့
တပ်ဆင်
ရှင်းပြ

ကြည့်မြင်တိုင်
ဖုန်း - ၀၉-၇၃၀၀၀၈၉၀
- ၀၉-၇၃၀၀၀၈၉၀
မြောက်ဥက္ကလာပ
ဖုန်း - ၀၉-၇၃၀၁၄၆၇၀
၉-မိုင်၊ ပြည်လမ်း
ဖုန်း - ၀၉-၄၃၀၄၉၃၅၆
ပေါက်တောဝ၊ အင်းစိန်
ဖုန်း - ၀၁-၆၄၃၇၇၈
- ၀၉-၇၃၀၂၆၀၅၃
- ၀၉-၃၁၄၇၁၆၅၄
နေပြည်တော်
ဖုန်း - ၀၉-၄၉၂၀၈၈၈၀
- ၀၉-၃၁၁၃၆၂၆၀
မန္တလေး
ဖုန်း - ၀၉-၄၂၀၀၈၄၂၂
- ၀၉-၆၅၀၀၄၁၃

3 Years

Rain Flower

Customer များအတွက် မိုးရာသီ အမျိုးအစားကောင်း ထီးလက်ဆောင် (Sept, လကုန်အထိ)



ဆောင်းပါး

# အဝေးရောက်သူငယ်ချင်းများ

à ဇေယျာတု(မကွေး)

ကြည်နူးပျော်ရွှင်စရာနေ့ရက်များရှိခဲ့သည်မှန်ပါလျှင် ထိုနေ့ရက်များကို ပြန်လွမ်းပြီး ဆက်နွယ်ပတ်သက်ခဲ့ကြသူများကိုလည်း ပြန်တမ်းတဖူးကြမည်ထင်ပါသည်။ တစ်ခါတစ်ရံ ငယ်ရွယ်စဉ်အချိန်က ရန်ဖြစ်ဖူးခဲ့ကြသည့် အဖြစ်အပျက်များကို ပြန်တွေးပြီး ကလေးဆန်ခဲ့ကြသည့်၊ မရင့်ကျက်ခဲ့ကြသည့် အချိန်ကာလတစ်ခုကိုလည်း သတိတရ ရယ်မောဖူးမည်ထင်သည်။ မိတ်ဆွေတို့တွင် အဝေးရောက်သူငယ်ချင်းများစွာ ရှိနေကြမည်ထင်ပါသည်။

ကျွန်တော်ငယ်စဉ်က အိမ်မှမုန့်ဖိုးတစ်မတ်ပေးလျှင် ထိုနေ့အတွက် ကျောင်းတွင် အရေးပါသူတစ်ဦးဖြစ်နေပြီး ခြွေရံသင်းပင်း သူငယ်ချင်းများကြား မျက်နှာပွင့်လှသည်။ မုန့်တွေအတူတူဝယ်စားကြသည်။ ဘောလုံးကန်၊ ထွေပစ် တစ်ခါတစ်ရံ ကျောင်းလစ်ကြသည်။ အတန်းဖော်မိန်းကလေးများကို နာမည်ပြောင်တွေပေးပြီး စကြ၍ ကျောင်းရုံးခန်းကို ရောက်ကြသည်။ အတူတူပညာသင်ပြီး အားကစားအတူတူလုပ်ခဲ့ကြသော၊ လူငယ်ဘဝ အတူတူရှုးသွပ်၊ ရင်ခုန်ခဲ့ဖူးသော အကြောင်းအရာများစွာ နှလုံးသားမှတ်တမ်းလွှာ၌ အက္ခရာကောင်းကောင်းတင်ခဲ့ဖူးကြပါလိမ့်မည်။ မကွေးမြို့မှ အ. မ. က (၁၀)၊ အ. လ. က (၄)၊ အ. ထ. က (၁) ကျောင်းများနှင့် မကွေးတက္ကသိုလ်သည် ကျွန်တော်၏ လွမ်းစရာအတိတ်များဖြစ်သည်။

ထိုကျောင်းများတွင် ရင်းနှီးကျွမ်းဝင်ခဲ့ကြသူများမှာ နယ်ပယ်အသီးသီးတွင် ကျင်လည်နေကြပြီး ရေခြားမြေခြားနေရာများတွင် ရောက်နေကြ၍ မတွေ့ဖြစ်သူတွေ၊ အဆက်အသွယ်မရသူတွေ များလှသည်။ တစ်မြို့တည်းတွင် နေခွင့်ရကြသော်လည်း လမ်းမှာတွေ့လျှင် နှုတ်ဆက်လက်ပြရုံသာ တတ်နိုင်ပြီး လူမှုစီးပွားဘဝများကြား မအားလပ်သူတွေ များလှသည်။ အခါကြီးရက်ကြီးများနှင့် ဆရာကန်တော့ပွဲများတွင် ပြန်ဆုံဖြစ်အောင် မနည်းကြိုးစားနေကြရသည်။ တစ်မြို့တည်းနေသူများကို တစ်လတစ်ခါလောက် အနည်းဆုံးဆုံဖြစ်အောင် သူငယ်ချင်းများကြား ကတိကဝတ်ပြုထားကြရသည်။

လူမှုဘဝများကြောင့် အဝေးရောက်သူရော၊ တစ်မြို့တည်းနေသူတွေပါ အဝေးကြီးရောက်နေသလို ခံစားရသည်။ သူငယ်ချင်းများ ဆုံဖြစ်သည့်အခါတွင်လည်း ကျင်လည်ရသည့် နယ်ပယ်ကွာခြားမှုအလိုက် စရိုက်၊ လက္ခဏာနှင့် အမူအကျင့်များ သဟဇာတဖြစ်ရန် ပိုခက်လာကြောင်း သတိထားမိလာသည်။ ငယ်ငယ်တုန်းကအကြောင်းတွေက ပြောစရာနည်းသွားသလို ဖြစ်လာသည်။ လက်ရှိဖြတ်သန်းမှုများက သူငယ်ချင်းများကို အဝေးရောက်မသွားစေဖို့ လိုမည်ထင်သည်။ သို့သော် တစ်ဖက်ကပြန်တွေးကြည့်လျှင် လွတ်လပ်သော စိတ်ခံစားမှုနှင့် ခွေးထွေးမှုကို ပိုင်ဆိုင်ခွင့်ရသည်မှာ တန်ဖိုးရှိသော ပြန်လည်တွေ့ဆုံမှု၏ ရလဒ်တစ်ခုဖြစ်နေသည်။ သူတို့ပြောသမျှ ကျွန်တော်မသိသော အကြောင်းအရာများအား ငယ်ပေါင်းတွေကို ရင်ဘတ်ချင်းညှိရန် ကြိုးစားနေခြင်းဟု ခေါင်းစဉ်တပ်နေမိသည်။ ထိုသို့အပြန်အလှန်နားလည်ကြလျှင် ကောင်းလေစွ။

အပင်ကြီး၍ အသီးသေး၊ အမြင်နီး၍ ခရီးဝေးသတဲ့။ ညောင်ပင်နှင့်တောင်တို့၏ သဘောသဘာဝကို ပြဆိုခြင်းဖြစ်သော်လည်း သူငယ်ချင်းသံယောဇဉ်ဆိုတာ ဒီခေတ်အခါမှာတော့ အပင်ကြီး၍ အသီးသေးသလို၊ အမြင်နီး၍ ခရီးဝေးသလိုဟု ကြံဖန်တွေးမိပြန်သည်။ သို့မဟုတ် ကြီးလွန်း၍ မမြင်၊ နီးလွန်း၍မမြင် ဖြစ်နေကြတာမျိုးလား စဉ်းစားမိပြန်သည်။ အတွင်းထရံကိုအပြင်ကာ အပြင်ထရံကိုအတွင်းကာတတ်ကြသည့် လူ့လောကသဘာဝအရ သူငယ်ချင်းဆိုသည်မှာ တစ်ခါတစ်ရံသာလိုအပ်ပြီး လိုအပ်သည့်အခါတွင်လည်း အကြီးမားဆုံးလိုအပ်ချက်တစ်ခုဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

ခံစားမှုပုံစံအမျိုးမျိုးဖြင့် သူငယ်ချင်းများအကြောင်းတွေးဖူးကြမည်ထင်၏။ သူကတော့ အရင်လိုပဲ၊ ဘယ်သူကတော့ အများကြီးပြောင်းလဲသွားတယ် ဆိုသည့်အသံများလည်း မကြာခဏကြားဖြစ်၊ ပြောဖြစ်ကြမည်ထင်သည်။ မိုင်တွေခြားပြီး အဝေးရောက်နေမှ အဝေးရောက်သူငယ်ချင်းမဟုတ်ပါ။ ပြန်လည်ဆုံဆည်းပြီးနောက်ပိုင်းမှ စိတ်ချင်းမနီးတော့သော အဝေးရောက်များဖြစ်သွားတတ်ပါသည်။ သတိထားလျှင်ထားသလောက်၊ ချဲ့ကားတွေးလျှင် တွေးသလောက် သူငယ်ချင်းတစ်ယောက်၏တန်ဖိုးကို သိကြပါလိမ့်မည်။ သူတို့သည် ကျေနပ်စရာကောင်းသော အတိတ်မှ အရိပ်များဖြစ်ပါသည်။

ငယ်သူငယ်ချင်းများအကြောင်း တွေးနေရင်း လက်ရှိရပ်တည်ရုန်းကန်နေရသော ဘဝများအတွင်းမှ သူငယ်ချင်း၊ အပေါင်းအသင်း၊ မိတ်ဆွေများအကြောင်း တွေးကြည့်မိပြန်သည်။ ငယ်စဉ်ကသူငယ်ချင်းများက အတွေးနုပြီး ခင်မင်စရာကောင်းသကဲ့သို့ လုပ်ငန်းခွင်များထဲ၌တွေ့ဆုံရင်းနှီးရသူများထဲတွင် ပိုမိုရင့်ကျက်ပြီး ကိုယ်ချင်းစာတရားရှိသူတွေ တွေ့ရတတ်သည်။ လူတိုင်းအပေါ်တွင် အများကြီးမျှော်လင့်မထားမိလျှင် သူငယ်ချင်းကောင်းတွေမရှားမှန်း သိခွင့်ရပါလိမ့်မည်။ တွေ့သမျှ ဘယ်သူမှမကောင်းဘူးဟူသော ထင်မြင်ချက်သည် ယုံကြည်ချက်တစ်ခုဖြစ်လာလျှင် သူငယ်ချင်းကောင်းများ ရရှိနိုင်သည့်အခွင့်အရေးများ ဆုံးရှုံးသွားနိုင်ပါသည်။ သူငယ်ချင်းကောင်းတွေ အဝေးရောက်မသွားဖို့ သတိထားကြရပေမည်။

များသောအားဖြင့် ကျွန်တော်တို့အားလုံးလိုလိုမှာ နယ်ပယ်အသီးသီး၌ အပေါင်းအသင်း၊ လုပ်ဖော်ကိုင်ဖက်အသစ်များနှင့် လက်တွဲလုပ်ကိုင်နေကြရသူများ ဖြစ်သည်။ ငယ်ပေါင်းသူငယ်ချင်းများနှင့် လက်တွဲလုပ်ကိုင်ခွင့်ရရန် အခွင့်အရေးနည်းပါးသူများ ဖြစ်နေတတ်သည်။ ကြီးမှပေါင်းသည့် အပေါင်းအသင်းများသည်သာ ဘဝ၏အစိတ်အပိုင်းတစ်ခု ဖြစ်နေကြပါလိမ့်မည်။ အချို့ဆိုလျှင် လုပ်ငန်းခွင်များထဲ၌ မိသားစုများထက်ပင် အချိန်ကြာကြာတွေ့မြင်ဆက်ဆံနေရသူများ ရှိနေတတ်သည်။

သို့သော် အလုပ်အတူတွဲလုပ်နေကြသူအချင်းချင်း သူတို့အကြောင်း ဘယ်လောက်ထိသိထားသလဲ။ သူတို့ခံစားနေရသမျှ ရင်ဖွင့်ချက်များကို အချိန်ကြာကြာ မျှဝေနားထောင်ပေးဖူးသလဲဟု မေးလာသူရှိလျှင် ရေရေရာရာဖြေနိုင်ကြသူ နည်းပါးပါလိမ့်မည်။ ကျွန်တော်တို့၏စိတ်သည် သူတို့နှင့်နေစဉ် အတိုက်အခံတွေလုပ်နေမိတာမျိုး၊ ခြေကလိမ်ထိုးဖို့၊ အခွင့်အရေးရလျှင် ချောက်ထဲတွန်းချဖို့ ကြံစည်နေမိတာမျိုး ဖြစ်နေပါသလား။ စိတ်နှင့် ရန်ဖြစ်ပြီး ဘဝမှာပျော်စရာတွေ ဆိတ်သုဉ်းနေတာမျိုး၊ တစ်လောကလုံးကို အလိုမကျနေတာမျိုး ကြုံနေရပါသလား။ အလိုမကျဒေါသဖြစ်ရသည်များကို စဥ့်အိုးထဲခေါင်းဝင်အော်၍ သက်သာရာရသည်ဆိုလျှင်တော့ ကောင်းလေစွ။ ဝမ်းနည်းမျက်ရည်များက လောကဓံမိုးရေများနှင့်အတူ ထာဝရစီးမျောပျောက်ကွယ်သွားလျှင်လည်း မပြောလို။

ထိုသို့မှမဟုတ်လျှင် ကျွန်တော်တို့၌ လိုအပ်ချက်ကြီးကြီးမားမားရှိနေသည်မှာ သေချာနေပြီဖြစ်ပါသည်။ ဝန်ခံဖို့၊ ရင်ဖွင့်ဖို့၊ နှစ်သိမ့်ခံရဖို့၊ အကြံကောင်းတွေရဖို့၊ စာနာနားလည်မှုနှင့် မျှဝေခံစားမှုတွေရရှိဖို့ ရင်ဘတ်ချင်းတူသည့် မိတ်ဆွေအပေါင်းအသင်း၊ သူငယ်ချင်း အနည်းဆုံးတစ်ယောက်လောက်တော့ လိုမည်ထင်၏။ မျက်လုံးမှိတ်၊ ခေါင်းရမ်းလိုက်၍လည်း အကြောင်းထူးမည်မဟုတ်ပါ။ လူ့လောကတွင် ကိုယ့်အားကိုယ်ကိုးရသည်မှန်သော်လည်း ကိုယ့်တွင် ကိုးစရာအားမရှိချိန်၌ မည်သို့ပြုရပါမည်နည်း။ အခက်အခဲများကြား လက်တွဲထားလိုက်မှ လဲကျဖို့နည်းသွားပါလိမ့်မည်။ တစ်ယောက်ထက်ပိုသော သူငယ်ချင်းကောင်းများရှိနေသော သင့်အပေါ် ကံကြမ္မာက ရက်စက်ရဲမည်လည်း မထင်ပါ။

မိုင်များစွာခြားနေသော သူငယ်ချင်းများ၊ အဝန်းအဝိုင်းတစ်ခုတည်း၊ အမိုးအကာတစ်ခုတည်းအောက်မှ အပေါင်းအသင်းများကို စိတ်ချင်းဝေး၍ အဝေးရောက်သွားအောင် တွန်းပို့နေမိပြီလား ခဏလောက်စဉ်းစားကြည့်စေချင်ပါသည်။ ကျွန်တော်တို့၏ အပြောအဆို၊ အတွေးအခေါ်၊ စိတ်ခံစားချက်နှင့် အမူအကျင့်များက သူတို့လက်ခံနိုင်သည်အထိ ရင်းနှီးကျွမ်းဝင်နေမည်ဆိုလျှင်၊ ခွင့်လွှတ်နားလည်မှုများ ရရှိနေမည်ဆိုလျှင် နေပျော်စရာပတ်ဝန်းကျင်တစ်ခုကို ပိုင်ဆိုင်ခွင့်ရမည်သာ ဖြစ်သည်။ သူတို့အပေါ်တွင်လည်း ကျွန်တော်တို့က ရင်းနှီးကျွမ်းဝင်စွာ နားလည်ပေးကြမည်ဆိုလျှင် ပတ်ဝန်းကျင်ကောင်းတစ်ခု တည်ဆောက်ပြီးဖြစ်ပေလိမ့်မည်။

အလွန်ကျွမ်းဝင်ခင်မင်သော သူငယ်ချင်းတစ်ဦးနှင့် သူငယ်ချင်းများတွေ့ဆုံချိန်၌ လိုက်နာရမည့်စည်းကမ်းများ သတ်မှတ်ကြည့်ဖူး၏။ တွေ့ဆုံချိန်တွင် လူမှုကွန်ရက်၊ အင်တာနက်များ မသုံးရ။ ခေါင်းငုံ့ဖုန်းပွတ်နေခြင်း မပြုရ။ အလွန်အမင်းအကြွားမသန်ရ။ ရာထူးနှင့်စည်းစိမ်ချမ်းသာများ စကားဝိုင်းထဲယူမလာရ။ အလုပ်တွေဘယ်လောက်ရှုပ်ပြီး ဘယ်လောက်အရာဝင်ကြောင်း မကြာခဏမပြောရ။ စိတ်လိုလက်ရဆဲခွင့်ရှိပြီး ငယ်ကျိုးငယ်နာဖော်ခွင့်ရှိသော်လည်း စကားမဆုံးခင် လုပြောခြင်းမပြုရ။ ဒုက္ခများကိုပြောပြရမည့်တာဝန်ရှိပြီး တတ်နိုင်သူများက ဝိုင်းဝန်းကူညီရမည့်ဝတ္တရားရှိသည်။ လွတ်လပ်စွာသဘောထားကွဲလွဲခွင့်ရှိပြီး အမုန်းပွားခွင့်မရှိစေရ စသည်ဖြင့် ကျွန်တော်တို့ ကြိုးစားလိုက်နာဖူးကြသည်။

ထိုတွေ့ဆုံမှုစကားဝိုင်းများကို အဝေးရောက်စကားဝိုင်းဟု ကျွန်တော်တို့ နာမည်ပေးထားကြသည်။ နေ့စဉ် တွေ့ကြုံနေရသမျှတွင်လည်း အဝေးရောက်စကားဝိုင်းများ ရှိနေကြမည်ဆိုပါလျှင် တစ်ဦးနှင့်တစ်ဦး မိတ်ဆွေအပေါင်းအသင်း၊ သူငယ်ချင်းများကြား ခင်မင်မှုများ တစ်သားတည်းဖြစ်ပြီး မကျေလည်မှုများ အဝေးရောက်သွားစေမည့် စကားဝိုင်းလေးများ ဖြစ်စေလိုပါသည်။ ။

အောင်ကောင်းစုံ 2015-2016
အတွေတွေ့သိစရာ
မှတ်စရာ
ဗဟုသုတမှတ်စု
ဝင်ခွင့်စာမေးပွဲ ဖြေဆိုသူတိုင်းအတွက်
နဝမအကြိမ်ထပ်မံဖြည့်စွက်သည် (မဟာတွဲ့ရတစ်ဦး)
ဇေကာရီစာပေ C/၃၄၊ နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုံး-၀၉၇၃၀၅၁၁၁၄၊ ၀၉၅၁၂၉၆၇၀၊ ၀၉၅၅၀၁၁၅၄ အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်၊
09-6809893
09-6819020

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်စွာသောမမကြီး ဒေါ်ခင်ရီ၏ ၂၁-၉-၂၀၁၅ရက်တွင် ကျရောက်မည့် (၆၂)နှစ်ပြည့် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် သား၊ သမီး၊ မြေးများနှင့် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သွားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ချစ်ညီမများနှင့် တူမလေးများ**

အမှတ် (10)A ၊ ... ရန်ကုန်မြို့၊
Ph-01-200133/392216




တစ်အိတ်ဝယ်လျှင်ပို့ပေးပါသည်
ရန်ကုန်မြို့အတွင်း အိမ်အရောက်ပို့ပေးပါသည်။
နယ်မြို့များအတွက် ကားဂိတ်အရောက်ပို့ပေးပါသည်။



09 4333 4111 09 730 77711 01-682844 01-682928
09 4333 4222 09 730 77722 01-682944 01-686212
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

KMD Education Services
ISO NCC UNIVERSITY of GREENWICH SQA LCCI City & Guilds HUAWEI Microsoft Official Learning Partner
နိုင်ငံတကာအသိအမှတ်ပြု IT Professional တစ်ယောက်ဖြစ်လိုလျှင် ကမ္ဘာ့အဆင့်ထူးချွန်ကျောင်းသား / သူများ နှစ်စဉ်မွေးထုတ်ပေးနေတဲ့ KMD မှ ကြိုဆိုလျက်ပါ။



အစိုးရဌာနများ၊ ကုမ္ပဏီများ၊ NGO အဖွဲ့အစည်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ အလုပ်ရှာဖွေရေး Agency များ၊လူမှုရေးအသင်းအဖွဲ့များအတွက် သင်တန်းချိန် နှင့် သင်တန်း များကို လိုအပ်ချက်ပေါ် မူတည်၍ ညှိနှိုင်းသင်ကြားပေးပါသည်။
အပါတ်စဉ်တန်းခွဲသစ်များ နှင့် Seminar များ စီစဉ်ပေးထားပါသည်။
Hotline 09 262 600450
(ပန်းဆိုးတန်း) ဖုန်း – ၃၈၁၀၃၅၊ ၃၈၁၁၂၉
(မြေနီကုန်း) ဖုန်း – ၅၂၇၄၃၈၊ ၅၀၂၂၃၃
(လှည်းတန်းလမ်း) ဖုန်း – ၂၂၀၅၅၅၊ ၂၃၀၃၀၈၁
(သိမ်ကြီးဈေး) ဖုန်း – ၃၈၄၂၈၀၊ ၃၈၄၆၄၁
(တာမွေ-၁/၂) ဖုန်း – ၅၄၁၃၂၈ / ၅၄၆၆၀၀
(လှည်းတန်း-၁/၂) ဖုန်း – ၅၂၄၄၀၀ / ၅၀၂၂၁၁
(ကမ္ဘာ့အေး) ဖုန်း – ၆၆၀၈၈၇

# ဆီစက်လုပ်ငန်း၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ ဖွံ့ဖြိုးရေး နည်းပညာပေးသင်တန်းဖွင့်

**ကန့်ဘလူ စက်တင်ဘာ ၂၀**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုကော်မတီ၏ ထောက်ပံ့မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ဆီစက်လုပ်ငန်း၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းကို စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက ကန့်ဘလူမြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မောင်းက "စစ်ကိုင်းတိုင်းဒေသကြီးဟာ တစ်နိုင်ငံလုံးမှာ တတိယစပါးကျီ၊ ဒုတိယဆီအိုးဟု တင်စားခံရသော တိုင်းဒေသကြီးဖြစ်သည်နှင့်အညီ မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာဆီထွက်သီးနှံများကို အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ထွက်ရှိလာသောသီးနှံများကို ဒေသတွင်း သမားရိုးကျ ဆီစက်ငယ်များဖြင့် ကြိတ်ခွဲထုတ်လုပ် ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း တွေ့ရပါတယ်။ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူတွေ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို ခေတ်မီသိပ္ပံနည်းကျနည်းစနစ်များ လေ့လာသိရှိပြီး လိုက်နာကျင့်သုံးဆောင်ရွက်ခြင်းဖြင့် တောင်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာအောင် ရည်ရွယ်ခြင်းဖြစ်သလို သမားရိုးကျဆီစက်ငယ်မှသည် ဆီထွက်နှုန်းကောင်းမွန်သော ခေတ်မီဆီစက်များကို လေ့လာသိရှိပြီး အရည်အသွေးမီ ဈေးကွက်ဝင် စားသုံးဆီများထုတ်လုပ်နိုင်ရေး ရည်ရွယ်ခြင်းလည်း ဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားခဲ့သည်။

ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဇေယာထိုက်က သင်တန်းသားများအနေဖြင့် သင်တန်းဆရာများ၏ သင်ကြားပို့ချချက်များအပေါ် စိတ်ဝင်တစားလေ့လာပြီး မိမိဒေသတွင်း လက်ရှိဖြစ်ပေါ်နေသော ပဲ၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ် ကြိတ်ခွဲဖြန့်ဖြူးခြင်း လုပ်ငန်းအဆင့်ဆင့်တွင်တွေ့ ကြုံနေရသော အခက်အခဲများကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း အပြန်အလှန်ညှိနှိုင်းဆွေးနွေး၍ စားသုံးဆီထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာအောင် အဖြေရှာ ဖော်ထုတ်သင့်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါသင်တန်းကို ရန်ကုန်၊ နေပြည်တော်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပညာရှင်ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနအောက်ရှိ ဆေးဝါးနှင့် စားသောက်ကုန်စစ်ဆေးရေးဦးစီးဌာနမှ ပညာရှင်ဝန်ထမ်းများ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး SMIDB မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များအသင်းဗဟိုမှ ဆီစက်လုပ်ငန်းရှင်ကြီးများက ငါးရက်ကြာ သင်ကြားပို့ချမည်ဖြစ်သည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရေပြန်လည်ကျဆင်းပြီဖြစ်၍ ယာယီကယ်ဆယ်ရေးစခန်းများမှ ထွက်ခွာ၍ မိမိတို့၏နေအိမ်များတွင် ပြန်လည်နေထိုင်



**ကော့သောင်း စက်တင်ဘာ ၂၀**

ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်ခွဲတွင် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းမှစတင်၍ စက်တင်ဘာ ၁၇ ရက်ထိ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနေမှုကြောင့် တောင်ကျရေများစီးဆင်း၍ ချောင်းရေလျှံမှုများဖြစ်ပွားခဲ့ရာ ဌာနဆိုင်ရာတချို့နှင့် အမှတ်(၁)ရပ်ကွက် ပြည်သူများအား ဘေးကင်းရာ ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့သည်။ စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းမှစ၍ မိုးရွာသွန်းမှုမရှိတော့သဖြင့် ရေများပြန်လည်ကျဆင်းသွားပြီဖြစ်ရာ နေရာချထားပေးသည့် ယာယီကယ်ဆယ်ရေးစခန်းများမှ ပြည်သူများသည် မိမိတို့နေအိမ်များသို့ ပြန်လည်ထွက်ခွာသွားကြပြီဖြစ်ကြောင်း သိရသည်။

ယာယီကယ်ဆယ်ရေးစခန်းများမှ ပြည်သူများ မိမိတို့နေအိမ်များသို့ ပြန်လည်ထွက်ခွာနိုင်ရေးနှင့် ရေဘေးသင့်ဌာနဆိုင်ရာများမှ ပြောင်းရွှေ့ခဲ့သည့် စာရွက်စာတမ်း၊ ရုံးအသုံးအဆောင်ပစ္စည်းများအား ခမောက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များ၊ မြို့ NGO အဖွဲ့အစည်းများမှ ပြန်လည်ပြောင်းရွှေ့နိုင်ရေး ဝိုင်းဝန်းကူညီ သယ်ယူပြန်လည်ပြောင်းရွှေ့ပေးခဲ့သည်။

ယင်းအပြင် ပြည်သူ့ဆေးရုံနှင့် ဌာနဆိုင်ရာရုံးအဆောက်အအုံများ၊ ရပ်ကွက်ပြည်သူများ၏ နေအိမ်များအား သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြပြီး ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်များ ထပ်မံဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရေး မြန်မာ့ရုပ်မြင်သံကြားနှင့် ရေဒီယိုများမှ ထုတ်လွှင့်လျက်ရှိသည့် မိုးလေဝသ သတင်းများအား နားထောင်ကြည့်ရှုကြရေး အသိပညာပေးပြောကြားခဲ့သည်။ တာဝန်ရှိအဖွဲ့အစည်းများအနေဖြင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုများမဖြစ်ပေါ်ရေးစောင့်ကြည့်လျက်ရှိသည်။

**ခမောက်ကြီး(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**လွိုင်ကော် စက်တင်ဘာ ၂၀**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးသည် စက်တင်ဘာလ ၁၈ ရက် နံနက်ပိုင်းက လွိုင်ကော်မြို့နယ် ထီးစဲခါးကျေးရွာအုပ်စု ဝမ်ပန်ကျေးရွာရှိ ကောင်းမှုခမ်းဘုန်းတော်ကြီးကျောင်းဆရာတော်အား ဖူးမြော်ကြည်ညိုပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်ပြီး ထီးစဲခါးကျေးရွာအုပ်စုရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ တိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံရာ တိုင်းရင်းသားပြည်သူများက ကျေးရွာချင်းဆက်လမ်းအား မြေသားလမ်းအဆင့် တိုးမြှင့်ပေးရန်၊ လျှပ်စစ်မီးမရရှိသေးသည့် နေရာများအား လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရန်၊ ကျေးရွာတွင်းလမ်းများ ပြုပြင်ပေးရန်၊ ကျေးလက်ကျန်းမာရေးဌာနများရရှိရေး ဆောင်ရွက်ပေးရန်၊ ရိုးရာယဉ်ကျေးမှုဝတ်စုံများ ဖြည့်တင်းပေးရန်၊ လယ်ယာစိုက်ပျိုးရေးအတွက် ရေပေးဝေရေးမြောင်းအား ပြန်လည်တူးဖော်ပေးရန်တို့တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် လွိုင်ကော်မြို့နယ်၊ လွိုင်လင်လေးကျေးရွာအုပ်စုနှင့် နွားလဝိုးကျေးရွာအုပ်စုရှိ တိုင်းရင်းသားပြည်သူများနှင့် သွားရောက်တွေ့ဆုံပြီး တိုင်းရင်းသားပြည်သူများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လွိုင်ကော်ခရိုင်(ပြန်/ဆက်)**




## အထက(၂)လသာ
## ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော သမီးကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ၂၆-၉-၂၀၁၅ ရက်(စနေနေ့) နံနက် ၉ နာရီတွင် မြည်းလာခန်းမ၌ ကျင်းပပြုလုပ်ပါမည်။ အစမ်းလေ့ကျင့်ပွဲကို ၂၄-၉-၂၀၁၅ ရက်(ကြာသပတေးနေ့) နံနက် ၈ နာရီတွင် ပြုလုပ်ပါမည်။
မှတ်ချက်။ ။ ဆုပေးပွဲအခမ်းအနားသို့ကျောင်းဝတ်စုံပြည့်ဖြင့် မပျက်မကွက်တက်ရောက်ကြပါရန်။

**မိဘဆရာအသင်းနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့**
**အထက(၂)လသာ**

## ဝန်ထမ်းအလိုရှိသည်

VMG Decoration CAT,
3D Max-ကျွမ်းကျင်
လုပ်ငန်းအတွေ့အကြုံရှိရမည်။
ဆက်သွယ်ရန်-ဖုန်း(၀၉)၂၅၃၁၀၃၂၆၁

## ကားသန့်ဇင်
CAR RENTAL

ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်းငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph:09-43117680, 09-5059821



# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၄.၉.၂၀၁၅ ရက်နေ့၊ **Kempinski Hotel - Naypyitaw** ၌ ကျင်းပပြုလုပ်သော အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် **"Euromoney"** အဖွဲ့အစည်း၏ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံမှ

## ကမ္ဘောဇဘဏ်လီမိတက် အား

EUROMONEY AWARDS FOR EXCELLENCE 2015

## " Best Bank in Myanmar - 2015 "

ဆုကိုပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ယခုထက်ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူများ အကျိုးစီးပွားအတွက်လည်း ပိုမိုထောက်ကူအကျိုးပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

MYANMAR JAPAN ASSOCIATION

ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာ–ဂျပန်အသင်း
(Myanmar-Japan Association)



# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၄.၉.၂၀၁၅ ရက်နေ့၊ **Kempinski Hotel - Naypyitaw** ၌ ကျင်းပပြုလုပ်သော

အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် **"Euromoney"** ၏ ဆုချီးမြှင့်ပွဲအခမ်းအနားတွင်

မြန်မာနိုင်ငံမှ **ကမ္ဘောဇဘဏ်လီမိတက်** အား

**"Euromoney Achievement Award for Corporate Social Resposibility (CSR)"**

ဆုကိုပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်

ပြည်သူလူထုအကျိုးစီးပွားအတွက် ပိုမိုပံ့ပိုးထောက်ကူလှူဒါန်းမှုများ ပြုလုပ်နိုင်ပါစေကြောင်း

ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာ–ဂျပန်အသင်း
(Myanmar-Japan Association)

အခြေခံ ဆရာဦးသိန်းဝင်း
**ပန်းချီသင်တန်း**
အခြေခံမှစ၍ တစ်ဦးချင်းသင်သည်
(၁) အမှတ်(၁၆၆/၁၆၈)၊ တ-ထပ်၊ အနော်ရထာလမ်းမကြီး၊ ၃၄ လမ်းထိပ် ဘားလမ်း မှတ်တိုင်အနီး၊ ကျောက်တံတားမြို့နယ်။
(၂) တိုက်(၃)၊ အခန်း(၅၀၅)၊ ၁၅၄ လမ်း(မင်္ဂလာဗေယျူကျောင်းလမ်း)၊ (နား နာခေါင်း လည်ချောင်း ဆေးရုံနံဘေးလမ်း) ၊ တာမွေ
ဖုန်း ၀၉ ၅၀ ၇၇၅၆၀ ၀၉ ၂၅ ၃၂၆၁၇၁၀

**ရောင်းမည်**
သဃ်န်းကျွန်းမြို့နယ်၊ငမိုးရိပ်(၃)လမ်းရှိ တိုက်ခန်းများကို အမြန်ရောင်းမည်။အဆင့်မြင့် ပြင်ဆင်ပြီး B.C.C ရရှိပြီးဖြစ်သည်။
ဖုန်း- ၀၉-၅၄၀၁၀၁၁၊၀၉-၇၃၀၉၅၆၇၇

ဒေါ်အေးအေးခင် M.Sc, B.Ed ဦးစီး၍ ပါမောက္ခ၊ ကထိက၊ ဝါရင့်ဆရာများသင်ကြားသည်။
အမှတ်ကောင်းကောင်းနှင့်ဂုဏ်ထူးထွက်အောင်သင်တဲ့
**ဂုဏ်ထူးအောင်** ပိုင်း/ဘော်ဒါ (၈/၉/၁၀တန်း)
(၅)လပြတ်ဘော်ဒါနှင့်(၁၀)တန်းညကျောင်း
၃၂(ပ)ထပ်အထက်ပုဇွန်တောင်လမ်းမကြီး၊ပုဇွန်တောင်ဈေးအနီး။ Ph:0973034838

**စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ**
သံမလိုက်သည့် အဆင့်မြင့် **စတီး** ဘလိတ်ဓားသွားဆူးကြိုးများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချ တပ်ဆင်ပေးနေပါသည်။
အရောင်းခန်းမ(၁) - အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ (နင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ပေါင်းမြို့နယ်။
Ph:01-545531,01-8603141, 09-5008161
အရောင်းခန်းမ(၂) - အမှတ်(၃၆/A)၊ ပြည်လမ်းမ၊ (၉)မိုင်၊ မရမ်းကုန်း။
Ph : 01-656521, 09-421024741
အရောင်းခန်းမ(၃) - အဆောင်(၁၁၇)၊ အခန်း(၅)၊ ကျောက်စိမ်း(၆)လမ်း၊ ကမ္ဘာ့ရတနာဘဏ်ဘေး၊ စော်ဘွားကြီးကုန်းကားဝင်း၊ အင်းစိန်မြို့နယ်။
Ph: 01-642748, 09-421024711, 09-421024811

**အမျိုးသမီးအရောင်းဝန်ထမ်း အလိုရှိသည်**
နယ်ဘက်သွားနိုင်သောသူများကို ရန်ကုန်နှင့် နယ်ဘက်များတွင် အဆောင်စီစဉ်ပေးမည်။
နယ်ဘက်မှ အလုပ်လာလုပ်လိုသူများလည်း ရန်ကုန်အပြင် နယ်ဘက်များပါ သွားနိုင်ပါက အဆောင်စီစဉ်ပေးမည်။
မှတ်ချက်။ ။ ဆိုင်ခန်းတွင်သာ ခန့်ထားရန်။
ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၇၂၃၄၀၊ ၀၉-၅၁၉၅၇၂၁
(ရုံးအချိန်အတွင်းသာ)

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၄-၉-၂၀၁၅ ရက်နေ့၊ **"Kempinski Hotel - Naypyitaw"** ၌ ကျင်းပပြုလုပ်သည့် အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် **"Euromoney"** ၏ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ **"ကမ္ဘောဇဘဏ်လီမိတက်"** အား

**"Best Bank in Myanmar - 2015"**

**"Euromoney Achievement Award For Corporate Social Responsibility"**

ဆုများကိုပေးအပ်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးစီးပွားအတွက် ယခုထက်ပိုမို ထမ်းဆောင်နိုင်ပြီး၊ နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

**ဥက္ကဋ္ဌ နှင့် ဒါရိုက်တာအဖွဲ့ဝင်များ**

**Yangon Triple Co.,Ltd** | **SKYWINGS Group Of Companies** | **MSA Global Limited** | **MAI - IFCS In-Flight Catering Services**

---

**ဖခင်အမည်မှန်**

အမက(၁၀) ဒဂုံမြို့သစ်မြောက်ပိုင်း၊ စတုတ္ထတန်း(ခ)တွင် ပညာသင်ယူနေသော မောင်သူရစစ်နိုင်၏ ဖခင်အမည်မှန်မှာ ဦးခင်ဝင်း[၁၂/သကတ(နိုင်)၀၄၉၉၁၅] ဖြစ်ပါသည်။

ဦးခင်ဝင်း

---

စားသောက်ကုန်လုပ်ငန်းတွင်

**ဝန်ထမ်းအလိုရှိသည်**

(မြို့တွင်း၌သာခန့်ထားရန်)

၁။ Marketing Manager ............ ကျား - (၁)ဦး
- အသက် ၃၀နှစ် မှ ၄၀ နှစ်ကြား
- မြန်မာနိုင်ငံအောက်ပိုင်း Marketing အတွေ့အကြုံရှိသူဖြစ်ရမည်။
- Marketing အတွေ့အကြုံ (၅)နှစ်ရှိသူဖြစ်ရမည်။

၂။ မော်တော်ယာဉ်မှူး ............ ကျား - (၁)ဦး
- အသက် ၄၀နှစ် မှ ၅၀ နှစ်ကြား
- ခါတ်ဆီ/ဒီဇယ်ကားများ၏ စက်ပိုင်းဆိုင်ရာကျွမ်းကျင်သူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ (၅) နှစ်ရှိသူဖြစ်ရမည်။

စိတ်ပါဝင်စားသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အမျိုးသားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းထောက်ခံစာ၊ လိုင်စင်ဓါတ်ပုံ (၂)ပုံနှင့်အတူ အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန် - အမှတ်(၄၉၂)၊(၁၀)ရပ်ကွက်၊သစ္စာလမ်းမကြီး၊တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉၉၁၀၄၄၅၄၄၅၊ ၀၉၅၁၄၄၅၆၆

---

**တရုတ်**

စကားပြောခုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။

Sayar.Yang

**ENGLISH Conversation Practice**

ပြောလို့ပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း

Great Wall စကားပြော ၊ စကားပြန်

TAMWE - 540714, 09 5183636
09 49 285182

---

**ခြံနှင့်အိမ်ငှားမည်**

လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ရတနာမွန်အဆင့်မြင့်အိမ်ရာ၊ မြေအကျယ်ပေ(၈၀)ပတ်လည်၊ အိမ်အကျယ်ပေ(၄၁×၅၁)၊ ရေချိုးခန်း အိမ်သာတွဲလျက်၊ အိပ်ခန်း(၃)ခန်း၊ ရိုးရိုးအိပ်ခန်း(၃)ခန်း၊ စုစုပေါင်း(၆)ခန်း၊ ထမင်းချက်ခန်း(၁)ခန်း၊ ထမင်းစားခန်း (၁)ခန်း၊ ကြိုးဖုန်း၂ လုံး၊ အဲယားကွန်း ၄လုံး၊ မီတာ၂ လုံး၊ ကား၁၀စီးထားလို့ရသည်။

ဖုန်း-၀၁-၅၂၄၄၂၈၊ ၀၉-၈၇၆၃၂၇၅

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၊ မြေကွက်အမှတ်-၃၃၆၊ မြေကွက်တည်နေရာ အမှတ်က/၅၂၊ မြို့သစ် (၁)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်(ဒေါ်အေးသိန်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်အေးသိန်း [၁၂/မရက(နိုင်)၀၄၇၆၀၁]မှ ဂရန်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်၊ အမှတ်(၁)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ ဂရန်ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာတို့တင်ပြ၍ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက် အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

**သွေးသည်အသက်**

---

**BabyChoice cloth diaper**

အဝတ်စဖြင့်ပြုလုပ်ထားသော ကလေးဆီး-ဝမ်း အညစ်အကြေးခံ ဘောင်းဘီ

သားသား၊ မီးမီးတို့အတွက် **Diaper** ရွေးချယ်နေတယ်ဆိုရင်တော့ ရေရှည်ကုန်ကျစရိတ်သက်သာသော **Baby Choice** က ထုတ်တဲ့ အဝတ် **Diaper** ကိုသာရွေးလိုက်ပါ။ အဝတ်နဲ့ပြုလုပ်ထားလို့ အကြိမ်ကြိမ် ပြန်လည်လျှော်ဖွတ်သုံးနိုင်သလို ရေစုပ်အားကောင်းလို့ အချိန်ကြာမြင့်စွာ ဝတ်ဆင်နိုင်ပါတယ်။ ယိုစိမ့်မှုမဖြစ်အောင် အထူးပြုလုပ်ထားသလို အသားအရေ ပူလောင်ခြင်းကိုလည်း မဖြစ်စေပါဘူး။ အလျော့အတင်းလုပ်လို့ရတဲ့ နိပ်စိလေးများတပ်ဆင်ထားလို့ ကလေး ၁ လသားကနေ ၂ နှစ်ကျော်ထိ ဝတ်ဆင်နိုင်ပါတယ်။ ဝယ်ယူလိုပါက ကလေးပစ္စည်းဆိုင်၊ စတိုးဆိုင်များတွင် မေးဝယ်ပါ။ လက်ကားယူလိုသူများဆက်သွယ်နိုင်ပါပြီ။

♦ ထာ-၅/၁၀၊ ၆၅-လမ်း၊ မြို့သစ်(၁)၊ မန္တလေးမြို့။ Ph:09-797777278,09-2033351

# ဂုဏ်ယူဝမ်းမြောက်ခြင်း

အမေရိကန်နိုင်ငံ Microsoft ကုမ္ပဏီ နှင့်

မြန်မာနိုင်ငံ KBZ Bank, KBZ Group တို့သည်

IT နည်းပညာများ ကမ္ဘာ့အဆင့်မီ အဆင့်မြှင့်တင်နိုင်ရန်နှင့်

ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန်၊

စက်တင်ဘာ (၁၈)ရက်နေ့တွင် ရန်ကုန်မြို့ Sedona Hotel ၌

နှစ်ဖက်သဘောတူ စာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းအတွက်

KBZ Bank, KBZ Group တို့အတွက်သော်လည်းကောင်း၊

မြန်မာနိုင်ငံအတွက်သော်လည်းကောင်း အထူးဂုဏ်ယူ

ဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် (UMFCCI)


## ဆေးကုမ္ပဏီဝန်ထမ်းအလိုရှိသည်

အမှတ်-၉၉(ခ)၊ အခန်း(၁၀၆)၊ မြေနုလမ်း၊ မြေနုကွန်ဒို၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

1. Sales and Marketing (Male/Female-4 posts)
- အသက်(၃၀)နှစ်အောက်၊ ဘွဲ့ရ၊ စကားပြောပြေပြစ်သူ၊ နယ်ခရီးထွက်နိုင်ရမည်။
- ဆေးကုမ္ပဏီ၌ Sales and Marketing experience အနည်းဆုံး(၁)နှစ်ရှိသူ။

2. Receptionist (Female-2 posts)
- အသက်(၃၀) နှစ်အောက်၊ စကားပြောပြေပြစ်၍ အလုပ်လုပ်ချင်စိတ်ရှိသူ။

3. Office Staff (Female- 2posts)
- ဘွဲ့ရ၊ အသက်(၃၀)နှစ်အောက်၊ Computer(MS Word+Excel) လျင်မြန်ကျွမ်းကျင်သူဦးစားပေးမည်။
လုပ်သက်နှင့် အရည်အချင်းပေါ်မူတည်၍ လစာကောင်းမည်။ စိတ်ဝင်စားသူများ ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်တို့၏ မိတ္တူကို CV Form နှင့်အတူတွဲ၍ လာရောက်လျှောက်ထားနိုင်ပါသည်။

မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်

အေးငြိမ်းချမ်းသာထီဆိုင်မှာ
ထီကံစမ်းကြပါစို့
ဖုန်း ၀၉-၄၉၂၆၄၂၄၄

ဖျာပုံသား (၆၃)ကြိမ်မြောက်အဘထွက်ပွဲမဟ္ဒါနအထူးခရီးစဉ်
"ဖျာပုံသား"နဲ့ အဘဆီလိုက်ခဲ့ အဘပေးမယ် $$$ အဘကျွေးမယ် (ကားစီးလုံးငှားစီစဉ်ပေးသည်)
အဘထွက်ပွဲ ပုပ္ပါးတောင်ကလပ်(၁)ညပုဂံညောင်ဦး(စွယ်တော်လေးဆူ)(၁)ည ပခုက္ကူ(သီဟိုဠ်ရှင်)(ရွှေမုဋ္ဌော)ပခန်းကြီးမြို့ဟောင်းရှိသရက္ခန်ဘုရားကိုကြီးကျော် ရှေးဟောင်းကျောင်းတော်ကြီးလမ်းဘုရားစုံကျောင်းတည်း(၂-ညအိပ်၃ရက်)စားငြိမ်း-40000 အကောင်းဆုံးဝန်ဆောင်မှုဖြင့် ခရီးစဉ် ၈/ဆုံး မှတ်တမ်းဗီဒီယိုခွေ(အခမဲ့)ပြန်ပေးမည်။
Ph:09425334456,0925260649,0949323965,0949578205

အမှတ်စဉ် ၉၃၁
ဈေးကွက် ဂျာနယ်
အပတ်စဉ် တနင်္လာနေ့တိုင်း
အိမ် ခြံ မြေ တိုက်ခန်း ကွန်ဒို
စက်မှုဇုန် ရောင်း ဝယ် ငှား
ဈေးနှုန်း သတင်း
အချက်အလက်များ ပြည့်စုံစွာ...
ယခုနေ့
SPECIAL REPORT
တရုတ်နိုင်ငံစီးပွားရေး
- လူငယ်တွေအတွက် အိုင်ဒီယာ
- အမေရိကန်ဆန်ရှင်နှင့် မြန်မာ့အိုလက်ရှင်
- ရောင်းသူ၏ခွင့်ပြုချက်ဖြင့် နေထိုင်သူရှိနေသည့် အိမ်၊ တိုက်ခန်းအား ဝယ်ယူခြင်း
- ရေကြီးနစ်မြုပ်မှုနှင့် ရခိုင်ပြည်နယ် စီးပွားရေးအလားအလာ
- ရင်သွေးတို့ပညာရေးအတွက် ဖိခင်နစ်ဦး၏စွန့်စားခန်း
- ၂၁ ရာစု ဆေးပိုဗ္ဗာ ... နှင့်
အမှတ် ၉၉ - (A) မြေညီ၊ ၄၂ လမ်း(အောက်) ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့။ ဖုန်း ၇၀၇၁၀၃၊ ၇၁၀၁၀၂၊ ၀၉ ၂၅၂၂၆၁၅၅


oppo
R7 Lite
ပရီမီယံ သတ္တုစပ်ကိုယ်ထည်နှင့်ကင်မရာစမတ်ဖုန်း
01:10
25/4/2015 (Fri)
ပရီမီယံ သတ္တုစပ်ကိုယ်ထည်
လျင်မြန်စွာရိုက်ယူနိုင်သည့် New Flash Shot
Real 2.5D
ဆန်းသစ်ချောမွေ့သော 2.5D မျက်နှာပြင်
ColorOS 2.1 ၏ ပြည့်စုံသောစနစ်များ
OPPO Myanmar WeChat ကို follow လုပ်ရင်း OPPO R7 Lite
အလုံး (၆၀) နှင့်အခြားဆုမဲပေါင်း (၃၀,၀၀၀) ကျော်ရယူလိုက်ပါ။
YANGON Service Centre Ph : 01 1223513
MANDALAY Service Centre Ph : 02 71281
OPPOMobileMM
OPPOMyanmar


SAMSUNG
Galaxy J
Selfie နေ့လေးတွေ ဖန်တီးကြမယ်။
• ဖလက်ရှ်မီးပါဝင်သော ရှေ့ဘက်ကင်မရာ
• 13 MP ကျောဘက်ကင်မရာ ( f 1.9 )
• Super AMOLED ဖန်သားမျက်နှာပြင်
• စွမ်းဆောင်ရည်မြင့် Processor
SAMSUNG Galaxy J5
5.0"
SAMSUNG Galaxy J7
5.5"
telenor Jumbo Promotion Package
အခမဲ့ 500 MB × 6 လ
အသေးစိတ်အချက်အလက်များနှင့် Promotion အစီအစဉ်များကို Facebook/samsungmobilemyanmar တွင်ကြည့်ရှုနိုင်ပါသည်။
အမြို့မြို့အနယ်နယ်ရှိSamsung Brand Shops ၊Telenor Brand Stores များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။
SAMSUNG
www.facebook.com/samsungmobilemyanmar
Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM (အစိုးရရုံးပိတ်ရက်များအပါအဝင်)


ရွှေကံ့ကော်
ပိုးထည်တိုက်
လွန်းရာစေ့ကျော်ကြီးကြီး ချိတ်ပဲလိုလို
ကွန်ပျူတာပန်းဆိုး ဒီဇိုင်းဆန်းပဲလိုလို
ခေတ်ဆေးရေးချိတ်ပဲလိုလို
အင်းလေးပိုးခင်းမယ်ပဲလိုလို
နိုင်ငံခြားဖြစ်ပွဲထိုင်စာပဲလိုလို
အကျီအရောင်တိုက်ဖို့ပဲလိုလို
ပစ္စည်းစုံ ဒီဇိုင်းဆန်း၊
အကျီပိုးစအရောင်ပေါင်းကျော်နှင့်၊
ပစ္စည်းမှန်၊ဈေးနှုန်းမှန်ကာ စိတ်ချရသည့်
မြန်မာပြည်၏ တစ်ခုတည်းသော
ပိုးထည်တိုက်။
မိတ်ဟောင်းမိတ်သစ် Customer များအတွက်
Desingers များ၏ Tailoring Service ကိုပါ
ဝန်ဆောင်မှုပေးနေပါသည်။
MANAGED BY
BEST GUIDING STAR CO.,LTD
အမှတ် - ၁၆၁၊ အနောက်ဘက်တန်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁ - ၂၄၃၅၆
အမှတ် - ၁၂၅ - စီ၊အနောက်ရွှေဂုံတိုင်လမ်း၊ယုဇနဟိုတယ်နှင့်မျက်နှာချင်းဆိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၉ - ၇၃၀၃၀၅၆၅၊
အမှတ် - ၄၇၅၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ နာနတ်တောလမ်းအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁ - ၅၂၃၀၁၉၊
အမှတ် - ၇၀၊ ၇၈လမ်း၊ ၃၄လမ်းနှင့်၃၅လမ်းကြား၊ ရတနာပုံဒိုင်းမွန်း ပလာဇာအနီး၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း - ၀၂ - ၂၄၃၅၆
www.shwekantkaw-silk.com,www.Facebook.com/ShweKantKawSilk


Crime News Journal
ရှာနယ်
တရားရုံးဆိုသည်မှာ "တရားအမှန်ရရှိရေးနှင့်
တရားမျှတမှုရှိရေးအတွက် မီးရှူးတန်ဆောင်ဖြစ်ကြောင်း"
တရားသူကြီးချုပ်က ပြောပြီ
◆ နာမည်ကြီး ရုပ်ရှင်မင်းသားတစ်ယောက်က သူ့ဖိုမ်းမထောင်ကျအောင်လုပ်မယ့်ဝန်ကြီးကို သွဲထိုးမယ်ဆိုတဲ့ကိစ္စ ◆ တစ်လင်တစ်မယားစနစ်ကြောင့် နောက်မိန်းမယူတာ မုဒိမ်းမှုကျူးလွန်တာထက် အပြစ်ပိုကြီးနေပြီလား ◆ သန်လျင်မှာ ဆိုင်ကယ်သမားကို လင်က ချုပ်ပေး၊ မယားက ဓားနဲ့ထိုးသတ်၊ ◆ ရဲစခန်းရှေ့ စားသောက်ဆိုင်မှာ ရဲကို ပါးရိုက်ပြေးတဲ့လူ ◆ ပျောက်သွားတဲ့ဖုန်းနဲ့ ချစ်ရေးဆိုတဲ့ရဲအတွ၊ ◆ နာမည်ကြီး လူငယ်ဒါရိုက်တာ မိုက်တီးကို ဖေ့စ်ဘုတ်အတုနာမည်ဖျက်တိုက်ခဲ့သူ ဘယ်သူလဲ ◆ အဒေါ်ကို လိုချင်လို့ ဦးလေးကိုသတ်တဲ့လူ ◆ လှိုင်သာယာအလက(၄)က ပျောက်သွားတဲ့ (၈)တန်းကျောင်းသူလေးဦး နေပြည်တော် တည်းခိုခန်းတစ်ခုမှာ ပြန်တွေ့ ◆ မိုးကုတ်မြို့က နဝမတန်းကျောင်းသူလေးရဲ့ ရင်နာစရာဖြစ်ရပ်နှင့် အခြားစိတ်ဝင်စားစရာမှုခင်းနှင့် သတင်းမျိုးစုံ ...
ထွက်ပြီ


ပွေး၊ ညှင်း၊ ယားနာကင်းစင်အောင်
နိုင်ဇိုရယ်လ် ကိုဆောင်
TRADEMARK
Nizoral
ketoconazole
ပွေးကောင်
ညှင်းကောင်
ယားနာကောင်
Nizoral ketoconazole cream
တစ်နေ့တစ်ကြိမ်
မှန်မှန်လိမ်းပါ
Promotion အထူးအစီအစဉ်အနေဖြင့်
စက်တင်ဘာနှင့်အောက်တိုဘာလများအတွင်းဝယ်ယူသော
ဆိုင်တိုင်းတွင် Nizoral တစ်ဘူးဝယ်ယူတိုင်း
Nizoral အိတ်လှလှလေးတစ်လုံး
လက်ဆောင်ရယူနိုင်ပါသည်။
Nizoral cream
JANSSEN-CILAG

AIR KBZ
FLYING BEYOND EXPECTATIONS

ရန်ကုန် - လွိုင်ကော် - ရန်ကုန် ခရီးစဉ် စတင်ပျံသန်းခြင်း အထိမ်းအမှတ်အဖြစ် ခရီးသွားမိတ်ဆွေများအတွက်
လေယာဉ်လက်မှတ် အထူးဈေးနှုန်း

Special Promotion
~~79000/-Ks~~
59000/-Ks
* One Way (only Myanmar Nationals)
* Terms & Conditions apply



Effective from Sep 16th to Oct 31st 2015

တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ

| FLIGHT NO. | SECTOR | DEPARTURE | ARRIVAL |
|---|---|---|---|
| K7 442 | Yangon - Loikaw | 10:00 | 11:00 |
| K7 443 | Loikaw - Yangon | 11:15 | 12:15 |

ရန်ကုန် - လွိုင်ကော် - ရန်ကုန် လေယာဉ်ခရီးစဉ်များအား အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့ တိုင်းပျံသန်းပြေးဆွဲ ပေးနေပါပြီ။

Hotline: (01) 373766, (09) 5280445, (09) 73177805
Tickets Available at
(1) 33-49, Bank Street & Maha Bandoola Garden Street, Kyauktada Township, Yangon
:www.facebook.com/AIRKBZ
(2) No. 214, Law Pi Ta Street, Law Damma Quarter, Loikaw
Ph: (09) 5146826

We accept
VISA MasterCard
www.airkbz.com

umg college
HND Diploma in IT (UK)
edexcel Approved Centre 93851



- IT ဘာသာရပ်ကိုစိတ်ဝင်စားသော လူငယ်များအတွက်
- UK နိုင်ငံမှ အိုမြင့်သော နိုင်ငံတကာ အသိအမှတ်ပြု
- HND Diploma သင်တန်းများကို ဖွင့်လှစ်နေပါပြီ။

ENROLL Now
20% Discount

လုပ်ငန်းခွင် လက်တွေ့ Internship Training များ ပြုလုပ်ပေးပါသည်။

ယခင် သီရိမင်္ဂလာဈေးဟောင်း ပထမထပ် (ယာ)၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - 01 215678~9, 01-2301580~1 (Ext 216, 219), 09 4200 95798, 09 73038488, 09 8631823
www.umgcollege.com
www.facebook.com/umgcollege

**အိမ်ရောင်းမည်**

အမည်ပေါက် ပေ(၄၂×၆၀) ဗိုလ်မင်းရောင်လမ်း ၂ထပ်အုတ်ညှပ်၊ ဆိုင်ခန်းဖွင့်ရန်ပြင်ဆင်ပြီး နေရာအလွန်ကောင်း ၄၀ဈေး၊ (၃၁) ရပ်ကွက် (သိန်း-၄၀၀၀)
ဖုန်း-၀၉-၇၉၅၆၂၈၀၉၃

**ယာဉ်မောင်းအလိုရှိသည်**

**Mega Win Co.,Ltd.** တွင် **Canter Truck** ကားမောင်းရန် (၂)ဦးအလိုရှိသည်။
လျှောက်ထားလိုသူများသည် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူနှင့်အတူ လာရောက်လျှောက်ထားနိုင်ပါသည်။
အမှတ်(၈)၊ အေးသာယာလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်။ (အဝိုင်းလေးမှတ်တိုင်)
**Ph: 09-799209020, 09-972993099, 01-548297, 01-543696**

FAME
အရိုးများကြံ့ခိုင်သန်မာဖို့အတွက်
Osteomax®
TMR 011384 (0615)
၂/၂၀၁၅ တဆလ/တိုင်(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
အဆစ်အမျက် အားဖြည့်ဖို့အတွက်
Arthrotec®
TMR 011382 (0615)
၂/၂၀၁၅ တဆလ/တိုင်(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ရန်ကုန်လမ်းညွှန်
The YANGON DIRECTORY 2016 အတွက်
ကြော်ငြာလက်ခံမည့် နောက်ဆုံးရက်မှာ...
(၃၀.၉.၂၀၁၅)



Number One Directory in Myanmar
YELLOW PAGES
ဘာပဲလိုလို
Everything U Need
SALES: 01-250700
www.yangondirectory.com | The Yangon Directory Office No. 614, 1st Floor (Left), Mahabandoola Road, Latha Tsp, Yangon, Myanmar.

Hot Line No-0930500100

ယ နေ့

**မာတိကာ**


ရွှေ့ပြောင်းဒုက္ခသည်များ ထောက်ပံ့ရေးအတွက် ပါဝင်လာသည့် ဥရောပဘောလုံးအသင်းများ
စာမျက်နှာ ➤ ၄

စိုက်ပျိုးမွေးမြူရေး လုပ်ဆောင်ခြင်းသည် စစ်သည် မိသားစုများ၏ စားသောက်ရေး၊ သက်သာချောင်ချိရေးအတွက်ဖြစ်ပြီး ဒေသတွင်း ကုန်ဈေးနှုန်းတည်ငြိမ်မှုကိုလည်း အထောက်အကူပြု
စာမျက်နှာ ➤ ၅


# အပစ်ရပ်စာချုပ် လက်မှတ်ရေးထိုးပြီးနောက် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို အရပ်ဘက်လူမှုအဖွဲ့အစည်းများအား ရှင်းလင်း

ရန်ကုန် စက်တင်ဘာ ၂၀

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီးနောက် စာချုပ်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့် အချိန်ကာလသတ်မှတ်မှုများကို မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) မှ အရပ်ဘက်လူမှုအဖွဲ့အစည်းများအား ရှင်းလင်းတင်ပြခဲ့သည်။**



အဆိုပါ ရှင်းလင်းပွဲကို စက်တင်ဘာ ၂၀ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိမြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်း ဗဟိုဌာန (MPC) တွင် ပြုလုပ်ခဲ့သည်။

ယင်းရှင်းလင်းပွဲသို့ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ (UPWC) ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ MPC မှ အထူးအကြံပေးနှင့် ဒါရိုက်တာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) ၃၀ ခန့် တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက တိုင်းပြည်၏ အသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဒီမိုကရေစီ ဖက်ဒရယ်စနစ်တည်ဆောက်ရေးများတွင် အရေးပါသည့် CSO များကို ငြိမ်းချမ်းရေး ဖြစ်စဉ်များအား

စာမျက်နှာ ၅ ကော်လံ ၅ သို့

# အာရှ ရှီရွမ် ချန်ပီယံရှစ်ပြိုင်ပွဲနှင့် ကမ္ဘာ့ ရှီရွမ် ချန်ပီယံရှစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်သော ပထမအကြိမ် အာရှရှီရွမ် ချန်ပီယံရှစ်ပြိုင်ပွဲ (1st Asia Ssireum Championship) နှင့် (၅) ကြိမ်မြောက် ကမ္ဘာ့ရှီရွမ် ချန်ပီယံရှစ်ပြိုင်ပွဲ (5th World Ssireum Championship) ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပခဲ့သည်။

ကိုရီးယား အမျိုးသားယဉ်ကျေးမှု ရိုးရာအားကစားနည်းတစ်ခုဖြစ်သော ရှီရွမ်အားကစားနည်းကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ၌ ပါဝင်ကစားလာကြပြီး (၅)ကြိမ်မြောက် ကမ္ဘာ့ရှီရွမ်ချန်ပီယံရှစ်ပြိုင်ပွဲနှင့် ပထမအကြိမ် အာရှရှီရွမ်ချန်ပီယံရှစ်ပြိုင်ပွဲကို မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် စက်တင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

"ကိုရီးယားဘက်က မြန်မာနိုင်ငံမှာ ကျင်းပချင်တယ်လို့ တင်ပြလာတဲ့အခါ အားကစားဝန်ကြီးဌာနရယ်၊ ကမ္ဘာ့ ရှီရွမ် အားကစားအဖွဲ့ချုပ်ရယ် သဘောတူ ဆောင်ရွက်ပြီးတော့ ကျင်းပဖို့လုပ်ပါတယ်။ ကျွန်တော်တို့ ရှီရွမ်အားကစားအဖွဲ့ချုပ်က ၂၀၁၅ ခုနှစ် ဧပြီလမှာ စတင်ဖွဲ့စည်းတာပါ။ သက်တမ်းအားဖြင့် နုနယ်သေးပါတယ်။ သကြ်္ကန်အပြီးကတည်းက အားကစားသမား ၃၀ လောက်ကို လေ့ကျင့်ပေးပါတယ်။ အဲဒီထဲက တကယ်အလားအလာရှိတဲ့ အားကစားသမားတွေကို ကိုရီးယားနည်းပြနဲ့ သေချာလေ့ကျင့်ရွေးစစ်ပြီးတော့ အမျိုးသား ခုနစ်ယောက်၊ အမျိုးသမီး ခုနစ်ယောက် စုစုပေါင်း ၁၄ ယောက် ရွေးချယ်ခဲ့ပါတယ်။ ယခုပြိုင်ပွဲမှာ ကျွန်တော်တို့ ၂၂ နိုင်ငံဖိတ်ထားပါတယ်။ ၁၈ နိုင်ငံ လာရောက်ယှဉ်ပြိုင်ပါတယ်။ အာရှမှာလည်း မကျင်းပသေးဘူး။ အရှေ့တောင်အာရှမှာလည်း ကျွန်တော်တို့နိုင်ငံက ပထမဆုံးကျင်းပတာဆိုတော့ မှတ်တမ်းတစ်ခုဝင်သွားတာပေါ့။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ❖

# မြန်မာ ယူ-၁၉ အသင်း ခြေစမ်းပွဲ၌ ထိုင်းနှင့်သရေကျ



မြန်မာ ယူ-၁၉ အသင်းနှင့် ထိုင်းယူ - ၁၉ အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။

**သတင်းနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်**

အာရှယူ-၁၉ ခြေစစ်ပွဲဝင်မည့် မြန်မာယူ-၁၉ အသင်းနှင့် ထိုင်း ယူ-၁၉ အသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ ညနေ ၅ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေကျခဲ့သည်။

**မြန်မာယူ-၁၉ - ဂိုးမရှိ**
**ထိုင်း ယူ-၁၉ - ဂိုးမရှိ**

မြန်မာယူ-၁၉ အသင်း၏ အာရှခြေစစ်ပွဲမတိုင်မီ ကစားခဲ့သည့် ပထမဆုံး နိုင်ငံတကာခြေစမ်းပွဲဖြစ်သောကြောင့် မြန်မာအသင်းမှာ လိုအပ်ချက်များ၊ အားနည်းချက်များရှိသေးသော်လည်း ထိုင်းအသင်းကို သရေကစားနိုင်ခဲ့သည်။ အာဆီယံယူ-၁၉ ချန်ပီယံ ထိုင်းအသင်းမှာ အမာခံကစားသမားများမပါနိုင်သော်လည်း တောင့်တင်းသည့် လူစာရင်းဖြင့် ဖွဲ့စည်းထားရာ မြန်မာအသင်းအတွက် ခက်ခဲသည့်ပွဲစဉ်ဖြစ်သလို အတွေ့အကြုံကောင်းများရရှိသည့်ပွဲလည်းဖြစ်ခဲ့သည်။

မြန်မာအသင်းမှာ ဘုန်းသစ္စာမင်း(ဂိုး)၊ ကျော်သူထွန်း၊ ရဲရင့်အောင်၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ◯




# မဲဆန္ဒရှင်နှင့် သတင်းမီဒီယာ

မြန်ဂုဏ်ဆောင်

ရွေးကောက်ပွဲကာလ နီးလာပြီ . . . . .။

ဒီမိုကရေစီ၏ ပထမသက်တမ်းမှသည် ဒုတိယခြေလှမ်း လှေကားထစ်ပေါ် ခြေချရန် ဟန်တပြင်ပြင်ဖြစ်နေသည်။

ကမ္ဘာ့နိုင်ငံပေါင်းစုံ၏ ဒီမိုကရေစီစနစ်တွင် ဒုတိယသက်တမ်းကို ပိုမိုစိတ်ဝင်စားလာကြသည်။ ပိုမိုပြိုင်ဆိုင်မှုများလာသည်။ ဒီမိုကရေစီဇာတ်ခုံ မြိုင်ဆိုင်လာသည်ဟု ဆိုကြသည်။

ယနေ့ကမ္ဘာကြီးတွင် ပန်းပန်နေသော၊ ပွင့်လင်းမြင်သာစွာထွန်းကားနေသော ဒီမိုကရေစီသည် ကိုယ်စားပြု ဒီမိုကရေစီ (Representative Democracy)ဖြစ်သည်။ အများ၏ဆန္ဒကို အနည်းစုက လိုက်လျောဖြည့်စွမ်းကြရသည်။ အနည်းစု၏ သဘောထားလိုအပ်ချက်ကိုလည်း အများစုက နွေးထွေးနှစ်သိမ့် ဖြည့်စွမ်းကြရသည်။

ကမ္ဘာ့ဝေါဟာရနယ်ပယ်တွင် ဒီမိုကရေစီစကားသည် Demo အများစုဆန္ဒဖြင့်၊ Cracy အုပ်ချုပ်ရေးဟူ၍ ဂရိဘာသာစကားမှ ဆင်းသက်လာကြောင်း မှတ်သားခဲ့ရသည်။ ဒီမိုကရေစီဟူသည် 'လူအများအကျိုးငှာ၊ လူအများ၏အလိုဆန္ဒအတိုင်း၊ လူအများ၏ အုပ်ချုပ်ခြင်း'ဟု အေဗရာဟမ်လင်ကွန်းက သရုပ်ဖော်ပြောဆိုခဲ့ဖူးသည်။

ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဒီမိုကရေစီနိုင်ငံပေါင်းစုံက အများစု၏ ဆန္ဒသဘောထားကိုသိရှိနိုင်ရန် မိမိနိုင်ငံ၊ မိမိတိုင်းပြည်ကို အုပ်ချုပ်မည့်အစိုးရကို သတ်မှတ်သက်တမ်းကာလအပိုင်းအခြားအရ ရွေးချယ်တင်မြှောက်ပွဲ(Election)ပြုလုပ်ကြသည်။ ဒီမိုကရေစီနိုင်ငံများတွင် လူအများကိုယ်တိုင်အုပ်ချုပ်ခြင်းနှင့် လူအများထံမှ အာဏာကိုခံယူ၍ အုပ်ချုပ်ခြင်းဟူ၍ နှစ်မျိုးရှိသည်။ လူအများကိုယ်တိုင်အုပ်ချုပ်ခြင်းသည် တိုက်ရိုက်ဒီမိုကရေစီဖြစ်ပြီး လူအများထံမှ အာဏာကိုခံယူ၍ အုပ်ချုပ်ခြင်းသည် တစ်ဆင့်ခံ ဒီမိုကရေစီဖြစ်သည်။

ရွေးချယ်တင်မြှောက်ပွဲ၊ ရွေးကောက်ပွဲများသည် ဒီမိုကရေစီအုတ်မြစ်ချရာတွင် အခြေခံအဓိကဖြစ်သည်။ နိုင်ငံရေးဖြစ်စဉ်တစ်ခု၏ 'တာ'ထွက်ချိန်ဖြစ်သည်။

နိုင်ငံတိုင်း၊ တိုင်းပြည်တိုင်းတွင် ဒီမိုကရေစီ အလေ့အကျင့်ကောင်းများကို ရွေးချယ်တင်မြှောက်ပွဲ၊ ရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီကျင့်စဉ်ကောင်းများကို သမိုင်းတကွေ့ အလှည့်အပြောင်းအဖြစ် ဒီမိုကရေစီပင်စည်ကြီးကို ရေလောင်းကြသည်။ ဒီမိုကရေစီပျိုးဥယျာဉ်တွင် ပျိုးပင်တစ်ပင် စိုက်လိုက်ကြသည်။

သတ်မှတ်သက်တမ်းကာလတိုအတွင်း၊ အချိန်တိုအတွင်း ပြည်သူ့ကိုယ်စားပြုလုပ်ရပ်များ၊ နိုင်ငံအကျိုးပြုလုပ်ရပ်များ ဆောင်ရွက်မည့်ကိုယ်စားလှယ်လောင်းများအတွက် 'အသည်းကြားမှ မဲတစ်ပြား'ပေး၍ ရွေးချယ်ပိုင်ခွင့်ကို သတ်မှတ်အသက်ပြည့်မီသူတိုင်းတွင် မွေးရာပါပိုင်ဆိုင်ခွင့်ရှိကြသည်။

ဒီမိုကရေစီ၏အနှစ်သာရကို ပြည့်ပြည့်ဝဝ ခံယူထားကြသူများက ဒေသခံနိုင်ငံ၊ တိုင်းပြည်မှ ပြည်သူများကို လက်ရှိလူနေမှုအဆင့်အလွှာထက် ပိုမိုတိုးတက်အောင် ဝန်ဆောင်ဦးရွက် ခေါင်းဆောင်နိုင်စွမ်းရှိသူများကိုသာ ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် အခြေခံမှစတင်၍ ဇဟိုလွှတ်တော်အထိ အဆင့်ဆင့်ရွေးချယ်ကြသည်။ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးမှုက အခြေခံ 'မဲတစ်ပြား'ဖြင့် အသိအမှတ်ပြုလိုက်ခြင်းသာဖြစ်သည်။

ယနေ့ ကမ္ဘာသိ၊ မြန်မာသိ လူ့အခွင့်အရေးကြေညာစာတမ်းတွင် 'ပြည်သူတိုင်းသည် တိုက်ရိုက်သော်လည်းကောင်း၊ လွတ်လပ်စွာရွေးချယ်ထားသည့် ကိုယ်စားလှယ်များမှတစ်ဆင့်သော်လည်းကောင်း မိမိနိုင်ငံအစိုးရတွင် ပါဝင်ခွင့်ရှိသည်။ အစိုးရ၏သြဇာအာဏာသည် ပြည်သူ့ဆန္ဒပေါ်တွင်သာ အခြေခံရမည်'ဟူ၍ အတိအလင်း၊ တိတိပပ ဖော်ပြထားပြီးဖြစ်သည်။

ရွေးကောက်တင်မြှောက်ပွဲ၊ ရွေးကောက်ပွဲများကို အချို့က အိမ်ထောင်ပြုလိုက်ခြင်းနှင့် ပမာခိုင်းနှိုင်းကြသည်။ တစ်အိုးတစ်အိမ် အိမ်ထောင်ပြုခြင်းက စိတ်သဘောထားမညီမျှ၍ ကွဲပိုင်ခွင့် ကွာပိုင်ခွင့် ရှိကြသော်လည်း ဒီမိုကရေစီနိုင်ငံထူထောင်မှု နိုင်ငံရေး မျက်နှာစာတွင်ကား အိမ်ထောင်ပြုခြင်း ကိုယ်ရေးကိုယ်တာကိစ္စက စည်းဘောင်ကျော်၍ မွန်ရည်လေးနက်သည်ဟု တွေးခေါ်သင့်သည်။

လူတစ်ဦး နှစ်ဦး၏ ကံကြမ္မာမဟုတ်။ နိုင်ငံ၊ တိုင်းပြည်တစ်ဝန်းရှိ လူသားအားလုံး၊ ပြည်သူအားလုံး၏ ကံကြမ္မာ အဆိုးအကောင်းသာဖြစ်သည်။

အမိနိုင်ငံတော်၏ ဒီမိုကရေစီလမ်းကြောင်း ဒုတိယခြေလှမ်းက ရက်အနည်းငယ်သာ ကျန်တော့သည်။ ဒီမိုကရေစီသက်တမ်း နုပျိုစဉ်ဝယ် ယနေ့ပြည်သူများက အသိစိမ်း၊ အမြင်စိမ်းနေကြသေးသည်။ ဆန္ဒပေးမှု၊ ရွေးချယ်တင်မြှောက်မှုအပေါ် ပြည်သူတိုင်း၊ မဲဆန္ဒပေးပိုင်ခွင့်ရှိသူတိုင်း စိတ်ဝင်စားလာအောင် ယနေ့မီဒီယာလောကသားများက ဖောင်းပေးဆောင်ရွက်နေကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်နေရာဒေသတိုင်းတွင် မီဒီယာသတင်းသမားအဖွဲ့များက သတင်းသမားများကို စုစည်းပြီး ရက်တိုသင်တန်း၊ သုံးရက်၊ ငါးရက် သင်တန်းတိုများတွင် စုစည်း၍ ရွေးကောက်ပွဲအကြောင်း ဆွေးနွေးပွဲများ၊ ဖိုရမ်များကို ပြုလုပ်နေကြသည်။

ဒုတိယသက်တမ်း ဒီမိုကရေစီလမ်းကြောင်းဖော်ဆောင်ရာတွင် စတုတ္ထမဏ္ဍိုင်၊ မြန်မာ့ဂျာနယ်လစ်ကွန်ရက်များက စက်ကွင်းဖြစ်နေကြသည်။ ပြည်သူလူထုအားလုံး သန်း(၅၀)ကျော်ကို ကိုယ်စားပြုနိုင်ရေးအတွက် ကိုယ်စားလှယ်လောင်းရွေးချယ်ပွဲတွင် ဖောင်းပေး၍ တာထွက်စောနေကြသည်။

> ❛စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်းမီဒီယာသမားများက အစွဲအားလုံးခဝါချပြီး ပေါင်းကူးဆက်စပ်ပေးဖို့ လိုပါသည်။ ပြည်သူများမသိသေးသော ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်၊ သတင်းများကို ထုတ်ဖော်ရေးသားဖို့ လိုပါသည်❜

မြန်မာနိုင်ငံသတင်းစာဆရာများအသင်း (MJA)၊ မြန်မာနိုင်ငံစာရေးဆရာများအသင်း(MWA)၊ နိုင်ငံတကာ မြန်မာသတင်းဌာန (BNI)၊ USAID၊ ရွှေမြစ်မခ (SMMK)အသင်း၊ နိုင်ငံတကာရွေးကောက်ပွဲစနစ်များဆိုင်ရာအဖွဲ့(IFES)တို့က သတင်းကွန်ရက်ဖြန့်နေကြသည်။ စစ်မှန်သောဒီမိုကရေစီ၊ စစ်မှန်သော ကိုယ်စားလှယ်လောင်းများက နိုင်ငံကိုယ်စားပြုရေး ရွေးချယ်တင်မြှောက်ပွဲတွင် လူမှန်နေရာမှန်ပို့နိုင်ရေး ပြည်သူ့ဆန္ဒဖြင့် ဆောင်ရွက်နေကြသည်။

နေရာဒေသအသီးသီးတွင် သတင်းစာပညာ သင်တန်း၊ ရွေးကောက်ပွဲသတင်းယူနည်း သင်တန်း၊ ရွေးကောက်ပွဲသတင်းပေးပို့ခြင်း အထူးသင်တန်း၊ ပဋိပက္ခဆိုင်ရာ သင်တန်းတို့ကို ပို့ချပေးနိုင်ခဲ့သည်။

အဆိုပါသင်တန်းများမှ ယုံကြည်စိတ်ချ၍ ထင်သာမြင်သာရှိသော ရွေးကောက်ပွဲများပေါ်ပေါက်ရေး၊ သတင်းအချက်အလက်နှင့် လုပ်ထုံးလုပ်နည်း အသိပညာများ တိုးတက်လာရေး၊ နိုင်ငံလုံးဆိုင်ရာ မဲဆန္ဒရှင်စာရင်းပြုစုခြင်းတို့တွင် ကူညီပံ့ပိုးရေး၊ သတင်းနှင့် စာနယ်ဇင်းသမားများအတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး လုပ်ထုံးလုပ်နည်းများ မြင့်မားတိုးတက်စေရေးတို့ကို ပို့ချသင်ကြားဆွေးနွေးလျက်ရှိသည်။

အမိနိုင်ငံတွင် မဲဆန္ဒရှင် (၃၂)သန်း၊ မဲရုံ (၄၆၀၀၀) ကျော်၊ မဲရုံမှူးနှင့် မဲရုံဝန်ထမ်း (၄၆၀၀၀)ကျော်၊ မဲပုံး (၁၄၀၀၀၀)၊ မဲပုံးချိတ်ပိတ်သည့် လုံခြုံရေးပလတ်စတစ်ကြိုး (၂၈၂၀၀၀)။ မဲဆန္ဒရှင် အသိပညာပေး လက်ကမ်းစာစောင် (၃ ဒသမ ၃)သန်း၊ မဲဆန္ဒရှင် အသိပညာပေးပိုစတာ (၃၅၀၀၀၀)၊ နည်းပညာဆိုင်ရာ ပိုစတာ (၂၀၀၀၀၀)တို့ကို စာရင်းပြုစုထားပြီးဖြစ်သည်။

အစိုးရအုပ်ချုပ်သူကို ရွေးချယ်ပိုင်ခွင့်ရှိသော (၅) နှစ်တာကာလမှာ တစ်ကြိမ်သာဖြစ်၍ မိမိနိုင်ငံ၊ မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိနယ်မြေဒေသခံများကို လူမှန်နေရာမှန်သို့ တင်မြှောက်ချီးမြှင့်ပေးရန် တိုင်းရင်းသားပြည်သူအားလုံး၏ မွေးရာပါတာဝန်ဖြစ်သည်။

'မူ'ကိုအခြေတည်၍ 'လူ'ကိုရွေးချယ်ကြရာတွင် ရွေးချယ်မှုမမှားကြစေရန် တိုင်းရင်းသားပြည်သူများ၏ ပခုံးပေါ်တွင် ကျရောက်နေပါသည်။

အစိုးရ၊ ပါတီ၊ မဲပေးခွင့်ရှိသူတို့ကြား ပေါင်းကူးဆက်နွှယ်မှုကို စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်းမီဒီယာသမားများက အစွဲအားလုံးခဝါချပြီး ပေါင်းကူးဆက်စပ်ပေးဖို့ လိုပါသည်။ ပြည်သူများမသိသေးသော ရွေးကောက်ပွဲဆိုင်ရာအချက်အလက်၊ သတင်းများကို ထုတ်ဖော်ရေးသားဖို့လိုပါသည်။

အစိုးရအဖွဲ့အစည်းနှင့် အခြေခံပြည်သူ တိုင်းရင်းသားလူမျိုးစုများကြား အထက်အောက် အပြန်အလှန်ကူးလူးဆက်နွှယ်မှု (Bottom up)ကို မီဒီယာက ဝန်ဆောင်ပေးကြရသည်။ မှန်ကန်သော၊ တိကျသော၊ ဘက်မလိုက်သော သတင်းထုတ်ပြန်မှုဖြင့် မိမိတို့၏တာဝန်၊ မီဒီယာတာဝန်ကို စွမ်းဆောင်ကြရပါမည်။

မဲပေးခွင့်ရသူတိုင်း သတ်မှတ်အသက်ပြည့်သူတိုင်းက မဲစာရင်းမှာ မိမိအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်ဖို့လိုသည်။ မဲစာရင်းမှားယွင်းမှုရှိနေလည်း မဲပေးခွင့် မဆုံးရှုံးနိုင်ကြောင်း သိဖို့လိုသည်။ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၅၀(ဂ)အရ ပြင်ဆင်မဲပေးပိုင်ခွင့်ရှိသည်။

မဲရုံသို့ ဝင်ရောက်မဲပေးရမည့် နေ့ရက်မတိုင်မီ အချိန်ပိုင်း၊ နာရီပိုင်း၊ ရက်ပိုင်းအလိုတွင် မဲဆန္ဒရှင် ပြည်သူများနှင့် မဲပေးပိုင်ခွင့်ရှိသူတိုင်းက ရွေးကောက်ပွဲကော်မရှင်၏ မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေ၊ နည်းဥပဒေများကို မကျေညက်နိုင်သော်လည်း အနှစ်သာရပိုင်းကို တီးခေါက်ထားနိုင်ဖို့လိုသည်။

ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များတွင် အဆီအနှစ်၊ အနှစ်ချုပ်ထုတ်ကြည့်၍ သိလွယ် မှတ်လွယ်တင်ပြလိုပါသည်။

ရွေးကောက်ပွဲကျင်းပသောနေ့တွင် အသက် (၁၈) နှစ်ပြည့်မီက မဲပေးခွင့်ရှိသည်။ အနာကြီးရောဂါဖြစ်နေလျှင်လည်း မဲပေးခွင့်ရှိသည်။ ထောင်ကထွက်ရောက်နေပါကလည်း မဲပေးခွင့်ရှိသည်။ စာမတတ်လည်း မဲပေးခွင့်ရှိသည်။

အချုပ်သား၊ သာသနာ့ဝန်ထမ်း၊ ရဟန်း၊ သီလရှင်များမှာ မဲပေးခွင့်မရှိပါ။

သတင်းမီဒီယာ သတင်းစာဆရာသည် ပြည်သူ့ရင်ခွင်၊ ပြည်သူ့နယ်ပယ်တွင် နိုင်ငံရေးပါတီများ၏ ပေါ်လစီ၊ မူဝါဒများကို ခွဲခြားရှင်းလင်းနိုင်ရမည်။

ရွေးကောက်ပွဲတွင် စည်းမျဉ်းဥပဒေကို ချိုးဖောက်သည့်အခါ၊ မတော်မတရား လိုက်နာကျင့်သုံးခိုင်းသည့်အခါ သတင်းပေးခြင်းဖြင့် မမှန်မကန်လုပ်ရပ်များကို စောင့်ကြည့်ရမည်။

မဲဆန္ဒရှင်များကို ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပညာပေးနိုင်ရမည်။ ပါတီ-မဲဆန္ဒရှင်ပြည်သူနှင့် ကိုယ်စားလှယ်လောင်းများအကြား ဆွေးနွေးခြင်း၊ ငြင်းခုံခြင်း၊ ဖိုရမ်များပြုလုပ်ပြီး ပြည်သူထဲသို့ချပြနိုင်ရမည်။

Voter Education

Watch Dog

Open Forum

Platform - ဆိုသည့် အဓိကအလုပ်လေးခုကို ဆောင်ရွက်ကြရမည်။

အစိုးရစနစ်ဖြင့် ရွေးချယ်တင်မြှောက်ပုံစနစ်က ဆက်စပ်မှုရှိသည်။ ကမ္ဘာ့နိုင်ငံများတွင် ကျင့်သုံးနေကြသော အစိုးရစနစ် အမျိုးမျိုးရှိသည်။ အစိုးရစနစ်နှင့် ရွေးချယ်တင်မြှောက်ပုံစနစ်များအကြား ဆက်စပ်ပတ်သက်မှုများရှိသည်။

ပါလီမန်အခြေခံအစိုးရစနစ်
(Parliamentary Type of Government)
ပါလီမန်ဒီမိုကရေစီစနစ်
(Parliamentary Democracy)
သမ္မတဦးဆောင်အစိုးရ
(Presidential Type of Government)
ပါတီစုံစနစ်
(Multi-Party System)
နှစ်ပါတီစနစ်
(Two Party System)

ကမ္ဘာ့နိုင်ငံများတွင် ကျင့်သုံးခဲ့သော၊ ကျင့်သုံးနေဆဲဖြစ်သောပါတီများက 'မိမိအရပ်နှင့် မိမိဇာတ်' ကပြနေခြင်းသာဖြစ်သည်။ မြန်မာနိုင်ငံ၏ သမ္မတ ရွေးချယ်စနစ်တွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၃) တွင် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ကရွေးသည်။ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်သူ့လွှတ်တော်များတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့များက ရွေးချယ်ပိုင်ခွင့်ရှိသည်။

သတင်းမီဒီယာသမားများသည် 'အသက်ပေးမည်၊ အသက်စွန့်မည်'ဟူ၍ လက်မှတ်မထိုးထားသော်လည်း အချိန်မရွေး၊ နေရာမရွေး အသက်အန္တရာယ်ကို ရင်ဆိုင်ကြရသည်။ မမြင်ရသောအသက်ဘေးကို သတင်းထောက်များ ရင်ဆိုင်ကြုံတွေ့နေကြရသည်။

သတင်းထောက်၏အသက်ကို ကာကွယ်ရန် နောက်ဆုံးပေါ် ကျည်ကာအင်္ကျီမရှိ။ သတင်းထောက်၏ အသက်ကိုကာကွယ်မှုကို သတင်းထောက်များ လိုက်နာကျင့်သုံးရမည့် 'မီဒီယာကျင့်ဝတ်'သာရှိသည်။

အမိမြန်မာနိုင်ငံတွင် ဖေ့စ်ဘွတ်(Facebook) သုံးစွဲသူလူပမာဏ ငါးသန်းခန့်ရှိလာရာ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပစဉ် အကြိုကာလ၊ ကျင်းပဆဲကာလနှင့် ကျင်းပပြီးကာလ သုံးမျိုးစလုံးတွင် မမှန်ကန်သည့် လှုံ့ဆော်မှုများ ရင်ဆိုင်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဖေ့စ်ဘွတ်(Facebook) လူမှုကွန်ရက်စာမျက်နှာပေါ်မှ အမုန်းစကားများရေးသားမှုကို ရင်ဆိုင်ခဲ့ရသည်။

နိုင်ငံရေးမျက်နှာစာတွင် ထပ်ဟပ်ခဲ့သောပုံရိပ်များကို ခွဲခြားစိတ်ဖြာပြီး ထုဆစ်လိုက်ပါက သကြၤန်အမြောက်ပမာ ကျယ်လောင်စွာသံကုန်ဟစ်ခဲ့ကြသော အဆိုးမြင်ဝါဒရှိသူများကင်းပသော၊ မင်းသားကြီး လုပ်ခွင့်မရလျှင်ပတ်မကြီးထိုးဖောက်လိုသူများ မပါဝင်သော၊ မိမိကိုယ်ကျိုး၊ မိမိဆွေမျိုး၊ မိမိတို့နှင့်ဆိုင်ရာအကျိုးများကိုသာ ကွက်ကြည့်တတ်သူ မဟုတ်သည့်သူများကသာ နိုင်ငံတော်၏ ဒုတိယခြေလှမ်း ဒီမိုကရေစီလမ်းကြောင်းပေါ် အရောက်လှမ်းစေချင်ပါသည်။

ဆက်လက်ဖော်ပြပါမည်

ရွေးကောက်ပွဲကျင်းပရန် ၄၈ ရက်သာ လိုတော့သည်။

# ပြည်သူ့ဒီမိုကရေစီပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**ပြည်သူ့ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ ဦးအောင်မြင့်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ချစ်ခင်လေးစားအပ်ပါသော ပြည်သူပြည်သား ဆွေမျိုးသားချင်းများ ခင်ဗျား-**

ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာ ရှိကြပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းရင်း ဆန္ဒပြုအပ်ပါတယ်။

ရှေးဦးစွာ ကျွန်တော့်အနေနဲ့ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ပေးပါရစေ။ ကျွန်တော့်နာမည်ကတော့ အောင်မြင့်ဖြစ်ပါတယ်။ ပြည်သူ့ဒီမိုကရေစီပါတီရဲ့ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နေပါတယ်။ ပထမဆုံးအနေနဲ့ ကျွန်တော် တင်ပြလိုတာကတော့ ပြည်သူ့ဒီမိုကရေစီပါတီအလံနဲ့ အမှတ်တံဆိပ်ရဲ့ ရည်ရွယ်ချက်နဲ့ အနက်အဓိပ္ပာယ်ကို တင်ပြပေးမှာ ဖြစ်ပါတယ်။ ပါတီအလံရဲ့ အောက်ခံအရောင်ဖြစ်တဲ့ အနီရောင်ဟာ ရဲရင့်ခြင်း၊ ပြတ်သားခြင်းဆိုတဲ့ အဓိပ္ပာယ်ကို ဖော်ဆောင်ပါတယ်။ အပြာရောင်ကတော့ တည်ကြည်ခြင်း၊ အေးချမ်းခြင်း၊ ငြိမ်းချမ်းခြင်းဆိုတဲ့ အဓိပ္ပာယ်ကို ဖော်ဆောင်ပါတယ်။ ကြယ်ဖြူကြီးတစ်လုံးမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို ကိုယ်စားပြုပြီး ကြယ်ဖြူအသေးငါးလုံးကတော့ အလုပ်သမား၊ လယ်သမား၊ အသိပညာရှင်၊အတတ်ပညာရှင်နဲ့ စီးပွားရေးလုပ်ငန်းရှင်များက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို ဝန်းရံထားတဲ့ သဘောကို ဖော်ဆောင်ပါတယ်။

ကျွန်တော်တို့အလံရဲ့ အောက်နားမှာရှိတဲ့ သင်္ကေတကတော့ အရွယ်တူ ကြယ်ဖြူ ၁၄ လုံးရဲ့ အလယ်မှာ တူ-တံစဉ်-စက်သွားတို့ ပါရှိပြီး သူ့ရဲ့အဓိပ္ပာယ်ကတော့ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုအတွင်းမှာရှိကြတဲ့ လယ်သမား၊ အလုပ်သမား၊ စက်မှုလုပ်ငန်းလုပ်ကိုင်နေသူများကို အခြေခံပြီး နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမယ်ဆိုတဲ့ အဓိပ္ပာယ်ကို ဖော်ဆောင်ပါတယ်။

**ပြည်သူ့အရေး၊ ဒို့အရေး**

**ပြည်သူ့အသံ၊ ဒို့အသံ**

**ပြည်သူ့ဆန္ဒ၊ ဒို့ဆန္ဒ**ဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး ပြည်သူပြည်သားများ၏ အကျိုးစီးပွားများကို ရှေးရှု၍ အတတ်နိုင်ဆုံး ကျောသားရင်သား မခွဲခြားဘဲ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီး ပါတီရဲ့ မူဝါဒများကို တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

အမျိုးသားရေးမူဝါဒအနေနဲ့ ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုအားလုံး ချစ်ကြည်သွေးစည်းမှုဖြင့် စစ်မှန်သော စည်းလုံးညီညွတ်မှုကို အခြေခံကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို အတူတကွ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကာကွယ်သွားမှာဖြစ်ပြီး အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံရေးမူဝါဒအနေနဲ့ စစ်မှန်ပြီး စည်းလုံးညီညွတ်မှုရှိတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားမှာဖြစ်ပါတယ်။

စီးပွားရေးမူဝါဒအနေနဲ့ လွတ်လပ်၍ မျှတသော ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးပြီး လူတစ်စု၏ လက်ဝါးကြီးအုပ်ခြယ်လှယ်မှုကို တွန်းလှန်ပေးသွားမှာ ဖြစ်ပါတယ်။

နိုင်ငံခြားရေးမူဝါဒအနေနဲ့ပြောရမယ်ဆိုရင် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသွားမှာဖြစ်ပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ တစ်ဦး၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုကို တစ်ဦးက အပြန်အလှန်လေးစားအသိအမှတ်ပြုရေး၊ တစ်ဦး၏နယ်မြေကို တစ်ဦးက မကျူးကျော်ရေး၊ တစ်ဦး၏ ပြည်တွင်းရေးကို တစ်ဦးက ဝင်ရောက်မစွက်ဖက်ရေး၊ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုတဲ့ ဘန်ဒေါင်းမူကြီး(၅)ချက်နှင့်အညီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကာကွယ်ရေးမူဝါဒအနေနဲ့ တပ်မတော်ဟာ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးလာမယ့် ပြည်တွင်း ပြည်ပရန်သူများရဲ့ အန္တရာယ်မှ ကာကွယ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်ရေးအတွက် အဓိကကျသော ခေတ်မီတပ်မတော်အဖြစ် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

တောင်သူလယ်သမားရေးဆိုင်ရာ မူဝါဒနဲ့ပတ်သက်၍ ကျွန်တော်တို့ပါတီအနေနဲ့ လယ်ယာမြေပိုင်ဆိုင်မှုကို အဓိကထားဆောင်ရွက်သွားမှာဖြစ်ပြီး လယ်သမားများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

အလုပ်သမားရေးမူဝါဒအနေနဲ့ ပြည်တွင်းအလုပ်သမားများရဲ့ အခွင့်အရေးကို ကမ္ဘာ့အလုပ်သမားများရဲ့ အခွင့်အရေးများနဲ့ တန်းတူရရှိအောင် အခြေခံထားဆောင်ရွက်ပေးသွားမှာဖြစ်ပြီး အလုပ်သမားများ၏ တစ်ရက်လုပ်အားခကို နိုင်ငံတကာစံနှုန်းနဲ့အညီ ရရှိနိုင်အောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ဘာသာရေးဆိုင်ရာ မူဝါဒအနေနဲ့ လွတ်လပ်စွာယုံကြည်ကိုးကွယ်မှုကို ပြည်သူပြည်သားတို့ရဲ့ အခွင့်အရေးတစ်ရပ်အနေနဲ့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ပညာရေးဆိုင်ရာ မူဝါဒအနေနဲ့ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်သော ပညာရေးစနစ်အဖြစ် ဖြစ်ပေါ်စေရေးအတွက် ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျန်းမာရေးဆိုင်ရာမူဝါဒအနေနဲ့ တစ်မျိုးသားလုံး၏ သက်ရှည်ကျန်းမာရေးအတွက် လူသားမျိုးနွယ်စုများကို ကောင်းကျိုးပေးသော၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် တိုးတက်ထွန်းကားနေသော ဆေးပညာရပ်များအားလုံးကို ကမ္ဘာ့အဆင့်မီ ရင်ပေါင်တန်းနိုင်စေရန်အတွက် ပညာသင်ကြားနိုင်ရေး၊ ကုသပေးနိုင်ရေးတို့ကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ယဉ်ကျေးမှုဆိုင်ရာမူဝါဒအနေနဲ့ကတော့ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကာ အမျိုးဂုဏ်၊ ဇာတိဂုဏ်များကို ပျက်ပြားစေမည့် ယဉ်ကျေးမှုများအား ပြင်းပြင်းထန်ထန် တိုက်ဖျက်သွားမည့်အပြင် မြန်မာ့ဒီမိုကရေစီစနစ်နဲ့ ကိုက်ညီသော မြန်မာ့ဒီမိုကရေစီ ယဉ်ကျေးမှုတစ်ရပ်ကို ဖော်ဆောင်သွားမှာဖြစ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်တို့ပြည်သူ့ဒီမိုကရေစီပါတီရဲ့ ဖော်ဆောင်သွားမည့် လုပ်ငန်းစဉ်များကို တင်ပြပေးမှာဖြစ်ပါတယ်။

အမျိုးသားရေးလုပ်ငန်းစဉ်အနေနဲ့ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားမျိုးနွယ်စုအားလုံး ချစ်ကြည်သွေးစည်းမှုဖြင့် စစ်မှန်သော စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ပြီး ပြည်ထောင်စု အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ရှေးရှု၍ ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်များကတော့-

ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားမျိုးနွယ်စုအသီးသီး စိုက်ပျိုးလုပ်ကိုင်နေကြတဲ့ လယ်ယာမြေများ၊ စီးပွားရေးလုပ်ငန်းများကို နိုင်ငံပိုင်သိမ်းခြင်းမှ ကာကွယ်ပေးသွားမှာဖြစ်ပြီး ဒေသအသီးသီးမှ ထွက်ရှိတဲ့သယံဇာတပစ္စည်းများမှ ရရှိသော ဝင်ငွေများနဲ့တိုင်းရင်းသားမျိုးနွယ်စုအသီးသီးနေထိုင်ရာဒေသများကို တိုးတက်ရေးအတွက် လည်းကောင်း၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသွားမည့်အပြင် မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တိုက်ဖျက်သွားမှာဖြစ်ပါတယ်။

တပ်မတော်၏ အခန်းကဏ္ဍအနေနဲ့ တင်ပြရမယ်ဆိုရင် တပ်မတော်ဟာ တိုင်းပြည်ရဲ့တစ်ခုတည်းသော ကာကွယ်ရေးဌာနဖြစ်ပြီး ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုအားလုံး၏ ပြည်တွင်း/ပြည်ပ အန္တရာယ်များကို ကာကွယ်ရန်အတွက် အင်အားတောင့်တင်းပြီး အမှန်တကယ် စွမ်းရည်ပြည့်ဝသော ခေတ်မီတိုးတက်သည့် နိုင်ငံတော်၏ တစ်ခုတည်းသော တပ်မတော်ဖြစ်အောင် တည်ဆောက်မည့်အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရပ်တည်ကာ မည်သည့်နိုင်ငံရေးပါတီကိုမှ ကျောထောက်နောက်ခံမပြုရေးကို ဆောင်ရွက်သွားမှာဖြစ်ပြီး တိုင်းရင်းသားမျိုးနွယ်စုအားလုံးက တပ်မတော်အတွင်းသို့ ဝင်ရောက်လိုပါက တပ်မတော်၏ စည်းကမ်းဥပဒေများနှင့်အညီ ဝင်ရောက်နိုင်အောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။



ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်အသီးသီးမှာ ရှိကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များသည်လည်း မိမိတို့ဝင်ရောက်အရွေးခံကိုယ်စားပြုခဲ့သည့် ပါတီအရေးထက် မိမိတို့ ကိုယ်စားပြုခဲ့သည့် မဲဆန္ဒနယ်မြေအတွင်းရှိ ပြည်သူတို့ရဲ့ ဆန္ဒကို ဦးစားပေး ဆောင်ရွက်နိုင်အောင် ဆောင်ရွက်သွားကြပါလို့ တိုက်တွန်းလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်အသီးသီးသည် မိမိတို့ကိုယ်စားပြုခဲ့တဲ့ မဲဆန္ဒနယ်အတွင်းရှိ ပြည်သူပြည်သားတို့၏ လူမှုစီးပွားရေးဘဝ၊ လူမှုနိုင်ငံရေးဘဝများကို တိုးတက်ကောင်းမွန်စေအောင် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ရေး၊ ခေတ်ကာလနှင့် မကိုက်ညီတော့သော ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်နိုင်ရေး၊ အသစ်တင်သွင်းနိုင်ရေးစတဲ့ လိုအပ်ချက်များကို လွှတ်တော်အသီးသီးသို့ တင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်သွားကြပါလို့ တိုက်တွန်းအကြံပြုအပ်ပါတယ်။

နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ(၃)ရပ်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စတဲ့ကဏ္ဍအသီးသီးမှာ အမှန်တရားအတိုင်း ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် အပြန်အလှန် ထိန်းကျောင်းခြင်းများ ရှိရမှာဖြစ်ပြီး ဥပဒေမဲ့ ဖိအားပေးဆောင်ရွက်ခြင်းများကို ရှောင်ရှားနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကာ အမျိုးသား အကျိုးစီးပွားကို အခြေခံဆောင်ရွက်မယ့် စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ မီဒီယာကဏ္ဍကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်တို့ပါတီအနေနဲ့ “အာဏာသည် ပြည်သူမှ ဆင်းသက်ရမည်” ဆိုတဲ့ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ပြည်သူကပေးခဲ့သော ဆန္ဒမဲများ အမှန်ဖြစ်စေရေးကို အဓိကထားဆောင်ရွက်သွားမှာဖြစ်ပြီး ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟဆိုတဲ့ အဂတိတရား ကင်းရှင်းရေးကို ဦးစားပေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**လေးစားအပ်ပါသော ပြည်သူပြည်သား ဆွေမျိုးသားချင်းများခင်ဗျား-**

ကျွန်တော့်အနေနဲ့ နိဂုံးချုပ်တင်ပြရမယ်ဆိုရင် တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ စက်မှုစီးပွားရေးလုပ်ငန်းရှင်များအားလုံးတို့ရဲ့ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တောင်သူလယ်သမားများ၏ လယ်ယာမြေများကို နိုင်ငံပိုင်သိမ်းခြင်းမှ ကာကွယ်ရန် အဓိကထား ဆောင်ရွက်သွားမှာဖြစ်သလို အလုပ်သမားများရဲ့ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေရေးတို့ကို အခြေခံပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့ ပုဂ္ဂလိက ပိုင်ဆိုင်မှုများကိုဥပဒေဖြင့်အကာအကွယ်ပေးဆောင်ရွက်သွားကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တောင်သူလယ်သမား၊ အလုပ်သမား၊ စီးပွားရေးလုပ်ငန်းရှင်များရဲ့ အခွင့်အရေးနဲ့ ရပိုင်ခွင့်များကို အပြည့်အဝရရှိရေးအတွက် အဓိကထား ကြိုးစားဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ တောင်သူလယ်သမားများကို လွတ်လပ်စွာစိုက်ပျိုးခွင့်၊ ပြည်တွင်းတွင် လွတ်လပ်စွာ သယ်ယူရောင်းချခွင့်၊ ပြည်ပသို့ တင်ပို့ရောင်းချရာတွင်လည်း ဥပဒေနှင့်အညီ တင်ပို့ရောင်းချနိုင်ရေးတို့အတွက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကာ အလုပ်သမားများရဲ့ လူမှုဖူလုံရေး ခံစားခွင့်များ ပိုမိုရရှိရေးတို့အတွက်လည်း ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**လေးစားအပ်ပါသော ပြည်သူပြည်သား ဆွေမျိုးသားချင်းများခင်ဗျား-**

ကျွန်တော်အထက်က တင်ပြခဲ့တဲ့ လုပ်ငန်းစဉ်များအားလုံးကို အဓိကထား ကြိုးစားအကောင်အထည်ဖော်သွားပါ့မယ်လို့ ကျွန်တော် အောင်မြင့်က ကတိပြုအပ်ပါတယ်။

အထက်ပါ လုပ်ငန်းစဉ်များအားလုံးကိုဆောင်ရွက်နိုင်အောင် ပြည်သူပြည်သား ဆွေမျိုးသားချင်းများက ပြည်သူ့ ဒီမိုကရေစီပါတီကို မဲပေးကြပါရန် ချစ်ခင်လေးစားစွာဖြင့် တိုက်တွန်းလိုက်ရပါတယ်ခင်ဗျား။

အားလုံးကျန်းမာချမ်းသာကြပါစေ။

# အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီ ဥက္ကဋ္ဌ ဦးသိန်းညွန့်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၀ ရက်ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားရသော မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ကျွန်တော်ဟာ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲနှင့် ၂၀၁၀ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲများကို ဖြတ်သန်းခဲ့တဲ့အပြင် ယခုအချိန်မှာလည်း ၂၀၁၅ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို ယုံကြည်ချက်ခိုင်မာစွာနဲ့ ကြိုးစားနေတဲ့ "ခမောက်သုံးလုံး" ပါတီသင်္ကေတဖော်ပြထားတဲ့ အမျိုးသားဒီမိုကရေစီပါတီသစ်(NNDP)ပါတီရဲ့ ဥက္ကဋ္ဌ ဦးသိန်းညွန့် ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ မူဝါဒဖြစ်တဲ့ မဟာဗျူဟာ ၃ ရပ်ကတော့ (၁)အမျိုးသားပြန်လည်သင့်မြတ်ရေး၊ (၂)ဒီမိုကရေစီအရေး၊ (၃)လူ့အခွင့်အရေးတို့ဖြစ်ပါတယ်။ ယနေ့ အမျိုးသားရေးလိုအပ်ချက်ဖြစ်တဲ့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီအသွင်ကူးပြောင်းနိုင်ဖို့ဆိုရင် အမျိုးသားအင်အားစုများဖြစ်တဲ့ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားအင်အားစုများ၊ တပ်မတော်ခေါင်းဆောင်များ အတူလက်တွဲပြီး အပြန်အလှန်လေးစားမှုထူထောင်ရင်း၊ ယုံကြည်မှုတည်ဆောက်ရင်း မြန်မာနိုင်ငံရဲ့ လိုအပ်ချက်များကို လက်တွေ့အကောင်အထည်ဖော်ကြဖို့ လိုပါတယ်။

ဆင်းရဲမွဲတေမှုလျှော့ချပြီး ခေတ်မီတိုးတက်တဲ့ နိုင်ငံအဖြစ်ပြောင်းလဲရေးအတွက်လည်းကောင်း၊ ငြိမ်းချမ်းရေးကိုရယူပြီး တည်ငြိမ်တဲ့ နိုင်ငံရေးအခြေအနေကို ဖန်တီးနိုင်ရေးအတွက် လည်းကောင်း ကျွန်တော်တို့ဟာ ဒီမိုကရေစီစနစ် ပြန်လည်ထူထောင်ဖို့ လိုအပ်ပါတယ်။

ဒီမိုကရေစီစနစ်ထူထောင်မှသာ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းမှာပါတဲ့ လူ့အခွင့်အရေးများကိုသော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)မှာ ပြဋ္ဌာန်းထားတဲ့ နိုင်ငံသားများ၏ မူလအခွင့်အရေးများကိုသော်လည်းကောင်း ပြည်သူလူထုရရှိခံစားနိုင်မှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

အထက်ကတင်ပြခဲ့တဲ့ မူဝါဒနှင့်ပတ်သက်ပြီး ပထမအကြိမ် လွှတ်တော်သက်တမ်းမှာ ကျွန်တော်တို့ဟာ အပြောနှင့်မဟုတ်ဘဲ လက်တွေ့လုပ်ငန်းစဉ်ဖြင့် သက်သေထူပြခဲ့ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်သူ့လွှတ်တော်မှာ ကျွန်တော်ဟာ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်များထုတ်ပြန်ရေးအတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၄-၈-၂၀၁၁)မှစ၍ ကြိုးပမ်းခဲ့ပါတယ်။ (၇-၁-၂၀၁၄)နဝမအကြိမ် ပြည်သူ့လွှတ်တော်၌လည်း "ဖွဲ့စည်းပုံအခြေခံဥပဒေ-၂၀၄(ခ)အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီထောက်ခံချက်နှင့်အညီ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ဆက်လက်ထုတ်ပြန်ပေးရန်"အဆိုတင်သွင်းခဲ့ပါတယ်။ အဲဒီအဆိုများကြောင့် နိုင်ငံရေးအကျဉ်းသားများအပါအဝင် နိုင်ငံသားအကျဉ်းသား မိသားစုတွေ ပြန်လည်ပေါင်းစည်းနိုင်ခဲ့ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ဒီမိုကရေစီရေးအတွက် မတရားတဲ့ဥပဒေများ၊ ခေတ်မမီတော့သည့်ဥပဒေများ ရုပ်သိမ်းရန်၊ ပြင်ဆင်ရန် အဆိုများ အစဉ်တစိုက်တင်ပြခဲ့ပါတယ်။ ထုတ်နုတ်ပြရမည်ဆိုလျှင် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်မှာ ခေတ်နှင့်လျော်ညီတဲ့ အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း(NGO)များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတစ်ရပ် ပြဋ္ဌာန်းရန်ဖြစ်ပါတယ်။ ဒီလိုပါပဲ သတ္တမအကြိမ် ပြည်သူ့လွှတ်တော်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်အုပ်ချုပ်ရေးမှူးများကို သက်ဆိုင်ရာ အုပ်ချုပ်ရေးဥပဒေမူကြမ်းတစ်ရပ်ရေးဆွဲရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုတင်ခဲ့ပါတယ်။ ဒီလိုတင်ခဲ့တာဟာ ဒီမိုကရေစီစနစ်နှင့်သွားမည်ဆိုလျှင် မဲရုံများမှတစ်ဆင့် ပြည်သူတွေက ရွေးချယ်တင်မြှောက်တဲ့အဆင့်သို့ ဦးတည်ခြင်းဖြစ်ပါတယ်။

**မဲဆန္ဒရှင် ပြည်သူများခင်ဗျား-**

လူ့အခွင့်အရေးအတွက် မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများ အမြောက်အမြားတင်သွင်းခဲ့ပါတယ်။ ကောက်နုတ်ဖော်ပြရမည်ဆိုလျှင် ပြည်သူလူထုကို အစားထိုးနေရာမပေးဘဲ မောင်းထုတ်တဲ့နေရာမှာ အာဏာပိုင်များက အင်အားသုံးစွဲမှုနှင့်ပတ်သက်ပြီးတော့လည်း ထိန်းချုပ်နိုင်ရန် "၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"ကိုလည်း အဆိုတင်သွင်းခဲ့ပါတယ်။ ဒါ့အပြင် မြန်မာ့လူ့အဖွဲ့အစည်းကို ခြိမ်းခြောက်လာတဲ့ ကလေးသူငယ်များအပေါ် မုဒိမ်းမှုကျူးလွန်သူများကို သေဒဏ်ပေးရေးအတွက်လည်း ကျွန်တော် နည်းမျိုးစုံနှင့် ကြိုးပမ်းခဲ့ပါတယ်။ မအောင်မြင်ခဲ့သော်လည်း ကလေးသူငယ်လိင်မှုဆိုင်ရာစော်ကားညှဉ်းပန်းခြင်းကို ကာကွယ်သည့်ဥပဒေကြမ်းတင်သွင်းပြီး မိမိတာဝန်ကို ထမ်းဆောင်ခဲ့ပါတယ်။

ပြည်တွင်းအလုပ်သမားများရဲ့ ဆန္ဒဖော်ထုတ်မှုတွေ၊ နိုင်ငံဖြတ်ကူးသွားရောက်နေတဲ့ မြန်မာနိုင်ငံအလုပ်သမားများဘဝလုံခြုံမှုအတွက် အဆိုများ၊ ဥပဒေကြမ်းများတင်ပြခဲ့ပါတယ်။ ဒီလိုပါပဲ နိုင်ငံသားများကို ဝန်ပိလာတဲ့ ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်နှုန်းထားများ အသစ်ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းနှင့်ပတ်သက်၍ ပြန်လည်စဉ်းစား သုံးသပ်ပေးပါရန် တင်သွင်းခဲ့တဲ့အဆိုကြောင့် ယနေ့မျှတတဲ့ ရုံးအခွန်နှင့် တံဆိပ်ခေါင်းခွန်နှုန်းထားများ ရလာခဲ့ပါပြီ။

ကျွန်တော်တို့ပါတီရဲ့ မဟာဗျူဟာ (၃)ရပ်ကို ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်မှာ ကြိုးပမ်းဆောင်ရွက်ခဲ့သလို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှာလည်း ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမဲဆန္ဒနယ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကလည်း မြန်မာ့ရိုးရာသင်္ကြန်၌ ကွယ်ပျောက်ခဲ့တဲ့ သံချပ်များ ပြန်လည်သီဆိုနိုင်ခွင့်ရရေးအတွက် စွမ်းဆောင်ခဲ့ပါတယ်။ ဒီလိုပါပဲ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့်ကလည်း မကြာမီပြီးစီးတော့မည့် သုဝဏ္ဏ-သာကေတတံတားသစ်တည်ဆောက်ရေးအတွက် အဆိုတင်သွင်းခဲ့ပါတယ်။ လွှတ်တော်တွင်း ဆောင်ရွက်ချက်များဖြင့် ပြည်သူလူထုရဲ့ ပြဿနာများကို တရားဥပဒေဘောင်အတွင်းမှ ဖြေရှင်းနိုင်အောင် ကျွန်တော်တို့ပါတီ လွှတ်တော်ကိုယ်စားလှယ်များက လက်တွေ့အလုပ်များဖြင့် ဆောင်ရွက်ခဲ့ပါပြီ။ ရှေ့လုပ်ငန်းစဉ်အဖြစ်ကိုတော့ မြို့နယ်ရဲ့ ရေရရှိရေး၊ မီးလင်းရေး၊ လမ်းများကောင်းမွန်ရေးအတွက် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်မြှင့်အကောင်အထည်ဖော်သွားမှာဖြစ်ပြီး တစ်ကြိမ်တည်းမှာ ပြည်သူလူထုရဲ့နေ့စဉ်အခက်အခဲနှင့် ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် ရပ်တည်သွားမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ရန်ကုန်မြို့တော်ကြီးရဲ့ အဆင့်အတန်း ပြန်လည်မြင့်မားလာရေးအတွက် လူထုကို အန္တရာယ်ပြုမှုမြင့်မားနေတဲ့ ရာဇဝတ်မှုများထူပြောမှုကို လျော့နည်းလာရန် နည်းလမ်းမျိုးစုံနှင့် ဆောင်ရွက်သွားမှာဖြစ်ပြီး နေ့စဉ်သွားလာရေးကို လွန်စွာ အခက်အခဲကြီးမားစေတဲ့ ယာဉ်ကြော ပိတ်ဆို့မှုလျော့နည်းရေးအတွက် လွှတ်တော်တွင်းနည်းလမ်းများဖြင့် ထိရောက်စွာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ကျွန်တော်ဟာ ပြည်သူ့လွှတ်တော်မှာ အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေမူကြမ်းတင်သွင်းခဲ့သူပါ။ ဘာ့ကြောင့် တင်သွင်းခဲ့ရသလဲဆိုလျှင် လာဘ်ပေးလာဘ်ယူမှုတွေ ကြီးထွားနေသည်နှင့်အမျှ နိုင်ငံရဲ့စီးပွားရေးတိုးတက်မှုနှုန်းကို ထိခိုက်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုရရှိရေးအတွက် ဆွဲဆောင်မှုများဟာ အောင်မြင်မည်မဟုတ်ပါ။ ဒါကြောင့် အဆင့်တိုင်းမှာ လာဘ်ပေးလာဘ်ယူကိစ္စမှန်သမျှ ဥပဒေအရ အရေးယူနိုင်ရန် ဆောင်ရွက်သွားပါမယ်။

ဖြတ်ကျော်ခဲ့ရတဲ့ လွှတ်တော်အတွေ့အကြုံအရ ဒီမိုကရေစီအရေးကို ခြိမ်းခြောက်လာတဲ့ ရွေးကောက်ခံအာဏာရှင်စနစ် မြန်မာနိုင်ငံမှာ မဖြစ်ပေါ်အောင် ကျွန်တော်တို့ပါတီက တာဝန်ရှိတဲ့၊ သတ္တိရှိတဲ့ အတိုက်အခံအဖြစ် ရပ်တည်သွားမှာဖြစ်ပါတယ်။ အလျဉ်းသင့်၍တင်ပြရလျှင် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲကာလ ဝါရင့်နိုင်ငံရေးခေါင်းဆောင်ကြီး ဝိဓူရသခင်ချစ်မောင်ရဲ့ ထောက်ပြချက်ကို ပြန်လည်ဖော်ပြပါရစေ။

"တစ်ဖွဲ့တစ်ပါတီပုဂ္ဂိုလ်လူစွမ်းကောင်းနည်းမျိုးဖြင့် ဘယ်နည်းနှင့်မျှ မအောင်မြင်နိုင်ပါ။ နာမည်ကြီးပါတီကြီးတစ်ခုပင်ဖြစ်ပါစေ လမ်းစဉ်အတိအကျမရှိ၊ ပါတီကြီးဝါဒကလည်း လွှမ်းမိုးနေ၊ အမျိုးသားရေးအင်အားစုများကို စုစည်းနိုင်သော တပ်ပေါင်းစုစည်းရုံးရေးလမ်းစဉ်လည်းမရှိ ဖြစ်ပါက မည်သို့မျှ ခရီးရောက်မည်မဟုတ်ကြောင်း" သမိုင်းအဆက်ဆက် သက်သေပြခဲ့ပြီးဖြစ်ပါပြီ။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

၂၀၁၀ ခုနှစ်က အဆဲအဆိုခံပြီး လွှတ်တော်ထဲသွားရောက်တဲ့ ကျွန်တော်ဟာ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးအတွက် တတ်စွမ်းသမျှကြိုးပမ်းခဲ့ပြီးပါပြီ။ ဒါပေမယ့် ပြည်ထောင်စုအဆင့်မှာ တစ်ဦးတည်းကြိုးပမ်းခဲ့ရတဲ့အတွက် ပြည်သူ့ရေးရာများကို အကန့်အသတ်နှင့် ဆောင်ရွက်နေရပါတယ်။ ဒါကြောင့် လွှတ်တော်အဆင့်ဆင့်မှာ ကျွန်တော်တို့ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များရရှိရေးဟာ အရေးတကြီး လိုအပ်နေပါပြီ။

(၁၂-၈-၁၅)ရက်နေ့ထုတ် မြန်မာ့အလင်းနဲ့ကြေးမုံသတင်းစာမှာ မျိုးသာထက်ရဲ့ "လူလိုသိသူလူကိုရွေးပါ" ဆောင်းပါးတွင် "၂၀၁၂ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲမတိုင်မီ လွှတ်တော်မင်းသားကြီးဟုပင် ဆိုထိုက်သည့် သယ်န်းကျွန်းအမတ် တရားလွှတ်တော်ရှေ့နေ ဦးသိန်းညွန့်သည် လွှတ်တော်တွင် အစွမ်းပြခဲ့သူဖြစ်သည်။ သူသည် ပြည်သူ့ဘက်တော်သားဖြစ်ခဲ့သည်"ဟု ရေးသားဖော်ပြခဲ့ပါတယ်။




ပြည်သူ့ဘက်တော်သား လွှတ်တော်ကိုယ်စားလှယ်များရရှိရေးအတွက် ကျွန်တော်တို့ပါတီဟာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရန်ကုန်အရှေ့ပိုင်းခရိုင် သယ်န်းကျွန်းမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ သာကေတမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ တာမွေမြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင်၌ လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံမြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်၌ လှိုင်မြို့နယ်နှင့် ဗဟန်းမြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင်၌ ကိုကိုးကျွန်းမြို့နယ်တို့၌လည်းကောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း သုံးဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၇ ဦး ဝင်ရောက်ရွေးချယ်ခံပြီး မဲဆန္ဒရှင်ပြည်သူများရဲ့ အဆုံးအဖြတ်ကို ခံယူမှာဖြစ်ပါတယ်။

ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီပါတီသစ်ရဲ့ သင်္ကေတအမှတ်အသားဟာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တရားဝင်အသိအမှတ်ပြုထားတဲ့ ခလောက်သုံးလုံးအမှတ်အသားဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျား။

## "ခမောက်သုံးလုံးချီတက်လာပြီ"

**တေးရေး-ကိုလတ်(တယော)**
**တေးဆို-ရသ**

ဒီမိုကရေစီနိုင်ငံသစ်ကြီး စတင်တည်ဆောက်ပြီ × × × ခမောက်သုံးလုံး× × × အစဉ်အလာရဲရဲတောက်ခဲ့သည်
ပြည်သူ့ဘက်က အမြဲရပ်တည်မည် သစ္စာဆိုပါသည်× × × အမျိုးသားရေးအတွက်× × ×ညီညွတ်ကြရမည်
ဇွဲမလျှော့ပါ× ကြိုးစားမှာ×အားမာန်ခိုင်ခိုင်မာ×× သုံးသပ်ပါ××ဆုံးဖြတ်ပါ× ပြည်သူများရဲ့ရှေ့မှောက်မှာ
(အမျိုးသားဒီမိုကရေစီပါတီသစ်)၄ ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ကြမယ် တည်ဆောက်ကြမယ်××

ခမောက်သုံးလုံးနဲ့×ချီတက်လာပြီဟေ့× ရပ်ကွက်ထဲထိ×
ချီတက်လာပြီဟေ့×
စည်းကမ်းရှိရှိ×ချီတက်လာပြီဟေ့× NNDP ×ချီတက်လာပြီဟေ့
ခမောက်သုံးလုံးနဲ့×ချီတက်လာပြီဟေ့××ရပ်ကွက်ထဲထိ×
ချီတက်လာပြီဟေ့

## အမျိုးသားဒီမိုကရေစီပါတီသစ်

**တေးရေး-ကိုလတ်(တယော)**
**တေးဆို-ရသ**

ဒီမိုကရေစီ×ဒီမိုကရေစီ× ဒီမိုကရေစီ×ဒီမိုကရေစီ
ပြည်သူအားလုံးမျှော်လင့်ခဲ့တဲ့ ဒီမိုကရေစီ ဒီမိုကရေစီ×
ပြည်သူအားလုံးအသက်သွေးချွေးနဲ့ ဒီမိုကရေစီ ဒီမိုကရေစီ×
မြင်နေရပြီ ထိတွေ့ကြမည်× မြင်နေရပြီ ထိတွေ့ကြမည်×
အိပ်မက်မဟုတ်ဘူး× အိပ်မက်မဟုတ်ဘူး× အိပ်မက်မဟုတ်ဘူး×
ဘယ်တော့မှ နောက်ပြန်မလှည့်ဘူး× ဘယ်တော့မှ
နောက်ပြန်မလှည့်ဘူး× ဘယ်တော့မှ
နောက်ပြန်မလှည့်ဘူးဟေ့× ×(အမျိုးသားဒီမိုကရေစီပါတီသစ်)၃
အမျိုးသားပြန်လည်ညီညွတ်ရေး× ပြည်သူအားလုံး စောင့်ကာနေ
တို့တိုင်းရင်းသား ညီအစ်ကိုတွေ×အရေးကြီးတဲ့အချိန် သွေးနီးကြမယ်×
ဒီမိုကရေစီနိုင်ငံတော်× တူတူယှဉ်ကာတည်ဆောက်ကြမယ်နော်×
လွတ်လပ်ခြင်း× တရားမျှတခြင်း× လူ့အခွင့်အရေး× ပြည်သူကြားထဲ
ရောက်အောင်ပေး×
ခမောက်သုံးလုံးရဲ့သစ္စာတရား× ပြည်သူအားလုံးသိစေသား×
ပြည်သူကိုသာ ကိုးကွယ်ရာ× ပြည်သူကိုသာ အားထားရာ×
စေတနာမှန်သော သစ္စာတရား× ပြည်သူအားလုံး ကြားစေသား×
ပြည်သူ့ထံမှ မေတ္တာတရား × ခမောက်သုံးလုံးတို့ရစေသား××
(အမျိုးသားဒီမိုကရေစီပါတီသစ်)၃

# ဗမာပြည်သူ့ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**ဗမာပြည်သူ့ပါတီဥက္ကဋ္ဌ ဦးအောင်သန်းတင့်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါတဲ့ မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်ကတော့ ဗမာပြည်သူ့ပါတီရဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ ဦးအောင်သန်းတင့် ဖြစ်ပါတယ်။ ရှေးဦးစွာ မဲဆန္ဒရှင်ပြည်သူများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း ပို့သအပ်ပါတယ်။

ကျွန်တော်တို့ရဲ့ ဗမာပြည်သူ့ပါတီဟာ ပြည်သူလူထုတစ်ရပ်လုံးအတွက် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သလို ဒီမိုကရေစီစနစ်ကသာ အကောင်းဆုံး ဖြစ်တယ်လို့ ခံယူထားပါတယ်။ ဗမာပြည်သူ့ပါတီဟာ ဗမာလူမျိုးနဲ့ တိုင်းရင်းသား အားလုံးရဲ့ အကျိုးစီးပွားကို စုပေါင်းဆောင်ရွက်နိုင်ဖို့ အမျိုးသားရေးစိတ်ဓာတ် အပေါ် အခြေခံဖွဲ့စည်းထားပါတယ်။

**ဗမာပြည်သူ့ပါတီမွေးဖွားခြင်း**

ကျွန်တော်တို့ရဲ့ အမိမြန်မာနိုင်ငံတော်ကြီးကို ဒီကနေ့မှစ၍ လွတ်လပ်တဲ့၊ တရားမျှတတဲ့၊ တရားဥပဒေစိုးမိုးတဲ့ ငြိမ်းချမ်းသာယာဝပြောတဲ့ နိုင်ငံတော်သစ်ကြီးတစ်ခုအဖြစ် မြင်ချင်တွေ့ချင်တဲ့ ဆန္ဒဟာ ဒီမြေမှာ နေ၊ ဒီမြေမှာ ဖွား၊ ဗမာအမျိုးသားများနဲ့ ပြည်ထောင်စုတိုင်းရင်းသားများအားလုံးရဲ့ မမိုတ်မသုန် ဘုံတူညီတဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။

အဲဒီလိုမြင်တွေ့ဖို့အတွက် ဗမာအမျိုးသားများနဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိရေးဟာ အရေးအကြီးဆုံးအချက်ဖြစ်တယ်လို့ ဗမာပြည်သူ့ပါတီမှ အလေးအနက် ခံယူထားပါတယ်။ ဒီအတွက် သမိုင်းပေးတာဝန်တစ်ရပ် အဖြစ်ခံယူပြီး ကျရာနေရာကနေ အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်ဆောင်ရွက်လိုတဲ့ ဆန္ဒနဲ့ ဗမာပြည်သူ့ပါတီဟာ သမိုင်းမှာ မရှိစဖူးထူးကဲစွာဖြင့် မွေးဖွားပေါ်ပေါက်လာခဲ့ပါပြီ။

**လေးစားအပ်ပါတဲ့ မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ ဗမာပြည်သူ့ပါတီအနေနဲ့ "ဒို့ဗမာ"ကဗျာလေးနဲ့ စတင်မိတ်ဆက်လိုက်ပါတယ်-

| | |
|---|---|
| ဗမာပါတီ | ဦးတည်ချက် |
| အများပြည်သူ | ကောင်းကျိုးအတွက်။ |
| ဗမာ ဗမာ | ဒို့ဗမာ |
| ဝိုင်းဝန်းပါစို့ | ညီညာညာ။ |
| ဗမာ့သင်္ကေတ | ခေါင်းပေါင်းစ |
| ညီညာဖျဖျ | ထောက်ခံကြ။ |

ကျွန်တော်တို့ ဗမာပြည်သူ့ပါတီရဲ့ နိုင်ငံရေးဦးတည်ချက်နဲ့ မူဝါဒများကို ဆွေးနွေးတင်ပြပါမယ်။

**ဗမာပြည်သူ့ပါတီရဲ့ နိုင်ငံရေးဦးတည်ချက်နှင့် မူဝါဒ**

လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်းဆိုတဲ့ လောကပါလတရားများ ထွန်းကားရေးဟာ ဗမာပြည်သူ့ပါတီ၏ နိုင်ငံရေးဦးတည်ချက်ဖြစ်ပါတယ်။ ဗမာပြည်သူ့ပါတီရဲ့ မူဝါဒကတော့ (၅)ချက်ရှိပါတယ်။

ဗမာလူမျိုးတို့၏ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စု စိတ်ဓာတ်ကို ထာဝစဉ်မွေးမြူ၍ တိုင်းရင်းသားများနှင့် စည်းလုံးညီညွတ်စွာ လက်တွဲနေထိုင်ရန်။

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက် ပေါင်းသင်း ဆက်ဆံရေးကို ရှေးရှုလျက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းရန်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့ကို တစ်မျိုးသားလုံး၏ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ ထာဝစဉ်ကြိုးပမ်းဆောင်ရွက်ရန်။

ဗမာစာပေ၊ ဗမာစကား၊ ဗမာယဉ်ကျေးမှုအမွေအနှစ်များ၊ သမိုင်းအစဉ်အလာများနှင့် စရိုက်လက္ခဏာများကို အမြဲအပြတ် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရန်။

နိုင်ငံသားတို့၏ မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော အခြေခံ လူ့အခွင့်အရေးများကို အာမခံသော လွတ်လပ်မှုကို အာမခံသော စစ်မှန်သည့် ဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရန်။

ကျွန်တော်တို့ဗမာပြည်သူ့ပါတီရဲ့ ရှေ့လုပ်ငန်းစဉ်များကို ဆက်လက် ဆွေးနွေးတင်ပြပါမယ်-

**ဗမာပြည်သူ့ပါတီ၏ ရှေ့လုပ်ငန်းစဉ်များကတော့**

လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်း၊ လူ့အခွင့်အရေး တိုးတက် ရှင်သန်ရေးကို လုပ်ဆောင်ခြင်း၊ လူ့အခွင့်အရေးကို ပြည်သူလူထု နားလည်စေ ရန်နှင့် မိမိကိုယ်ကို မိမိကာကွယ်နိုင်စေရန် ပညာပေးခြင်း။

တရားဥပဒေစိုးမိုးရေးအတွက် လူထုပညာပေးလုပ်ငန်းစဉ်များ လုပ်ဆောင် ခြင်း၊ မတရားသဖြင့် ဖမ်းဆီးချုပ်နှောင်ခံရသူများ လွတ်မြောက်ရေးအတွက် ဆောင်ရွက်ခြင်း၊ မတရားသော ဥပဒေများပြင်ဆင်ရေးအတွက် ဆောင်ရွက် ခြင်း။

ကျား/မတန်းတူရေးအပါအဝင် အမျိုးသမီးများနှင့် အမျိုးသမီးအဖွဲ့ အစည်းများ၏ အခွင့်အရေးတို့ကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်း။

သတင်းမီဒီယာလွတ်လပ်ရေးအတွက် တစ်တပ်တစ်အား ပါဝင်လှုပ်ရှား ခြင်း၊ ပညာပေးခြင်း။

အစိုးရ၏လုပ်ရပ်မှန်သမျှတွင် တာဝန်ခံမှုနှင့် တာဝန်ယူမှု ရှိ/မရှိ စောင့်ကြည့်လေ့လာခြင်း၊ လာဘ်ပေးလာဘ်ယူမှုအပါအဝင် အစိုးရမှ ပြည်သူ လူထုကို ဖိနှိပ်ချုပ်ချယ်ခြင်းမှ ကင်းဝေးအောင်ဆောင်ရွက်ခြင်း။

**ပါတီအလံနှင့် ပါတီအမှတ်တံဆိပ်**

**လေးစားအပ်ပါတဲ့ မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ဆက်လက်ပြီး ဆွေးနွေးမှာကတော့ ဗမာပြည်သူ့ပါတီရဲ့ အလံဖြစ်ပါတယ်။ ယခုဒီစားပွဲပေါ်မှာ စိုက်ထူထားတဲ့အတိုင်းဖြစ်ပါတယ်။ အပြာရောင်ရဲ့ သဘော ကတော့ တည်ကြည်ခြင်း၊ လေးနက်ခြင်း၊ ချစ်ခင်ခြင်းအဓိပ္ပာယ်ကို ဆောင်ပါ တယ်။ အဖြူရောင်ရဲ့ သဘောကတော့ ဖြူစင်ခြင်း၊ သန့်ရှင်းခြင်း၊ ရိုးသားဖြောင့် မတ်ခြင်း အဓိပ္ပာယ်ကိုဆောင်ပါတယ်။ ပါတီရဲ့အလံဟာ ဗမာပြည်သူ့ပါတီရဲ့ အတွင်းသဘောဖြစ်ပါတယ်လို့ မဲဆန္ဒရှင်ပြည်သူများအား ထပ်ဆင့်တင်ပြအပ် ပါတယ်။

**လေးစားအပ်ပါတဲ့ မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ဆက်လက်ပြီးဆွေးနွေးတင်ပြမှာကတော့ ဗမာပြည်သူ့ပါတီရဲ့ တံဆိပ် (Logo)ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အမှတ်တံဆိပ်(Logo)ကတော့ မောင့်ကျက်သရေ ခေါင်းပေါင်းဖြစ်ပါတယ်။ အောက်ခံအရောင်အနီပေါ်မှာ မောင့်ကျက်သရေခေါင်းပေါင်းအဝါရောင် ဖြစ်ပါတယ်။ ယခု မိဘပြည်သူများ မြင်ရတဲ့အတိုင်းပါပဲ။ ဗမာအမျိုးသားတို့ရဲ့ ရိုးရာယဉ်ကျေးမှုဝတ်စုံဟာ မောင့် ကျက်သရေ ခေါင်းပေါင်း၊ တိုက်ပုံအင်္ကျီနှင့် ပုဆိုးတို့ဖြစ်ပါတယ်။ ဗမာအမျိုးသား တို့ရဲ့ဦးခေါင်းမှာ အထွတ်အမြတ်ဆောင်းတဲ့ မောင့်ကျက်သရေ ခေါင်းပေါင်းက ဗမာပြည်သူ့ပါတီရဲ့ အမှတ်တံဆိပ်သင်္ကေတ (Logo)ဖြစ်ပါတယ်။ ဗမာ ပြည်သူ့ပါတီရဲ့ မောင့်ကျက်သရေခေါင်းပေါင်း(Logo)ကို မိဘပြည်သူမဲဆန္ဒရှင် တို့ရဲ့ ရင်ထဲအသည်းထဲစွဲမြဲနေစေချင်ပါတယ်။ ဗမာနဲ့ခေါင်းပေါင်း၊ ခေါင်းပေါင်း နဲ့ ဗမာ ဂဟေဆက်သလို မြဲနေပါတယ်။

**ဗမာပြည်သူ့ပါတီ၏ လွှတ်တော်ပြင်ပနိုင်ငံရေး**

ကျွန်တော်တို့ ဗမာပြည်သူ့ပါတီဟာ လွှတ်တော်ပြင်ပနိုင်ငံရေးကို ၂၀၁၁ ခုနှစ်၊ ပါတီမှတ်ပုံတင်ပြီးကတည်းက တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိပါ တယ်။ နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့နဲ့ အကြိမ်ကြိမ်တွေ့ဆုံပြီး ငြိမ်းချမ်းရေးကိစ္စ၊ ရွေးကောက်ပွဲနည်းဥပဒေပြင်ဆင် ရေးကိစ္စ၊ တရားဥပဒေစိုးမိုးရေးနဲ့ လယ်ယာမြေပြဿနာများကို ညှိနှိုင်းဆွေးနွေး ခဲ့ပါတယ်။ တောင်သူလယ်သမားများ သိမ်းဆည်းခံရတဲ့ လယ်ယာမြေများ ပြန်လည်ရရှိရေးတို့ကို နိုင်ငံတော်သမ္မတနဲ့တွေ့ဆုံသည့်အခါ တင်ပြဆွေးနွေးခဲ့ပါ တယ်။ အဲဒီလို လွှတ်တော်ပြင်ပမှ နိုင်ငံရေးတာဝန်များကို ဗမာပြည်သူ့ပါတီက အစဉ်အမြဲမပြတ် ဆောင်ရွက်လျက်ရှိကြောင်း မဲဆန္ဒရှင်များ ပြည်သူများအား အသိပေးအပ်ပါတယ်။

ယခု ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာကျင်းပမဲ့ ရွေးကောက်ပွဲမှာ ကျွန်တော်တို့ရဲ့ ဗမာပြည်သူ့ပါတီက မကွေးတိုင်းဒေသကြီး တောင်တွင်းကြီး မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှာ ပါတီဥက္ကဋ္ဌကြီး ဦးအောင်သန်းတင့်က ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှာ ဦးထူးဝေလင်းက ဝင်ရောက်ယှဉ်ပြိုင်ပါ့မယ်။ မွန်ပြည်နယ် ဗမာတိုင်းရင်းသားရေးရာကိုယ်စားလှယ်အဖြစ် ဗမာပြည်သူ့ပါတီ ရဲ့ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဝဏ္ဏစိုးတို့က ဝင်ရောက်ယှဉ်ပြိုင် သွားမှာဖြစ်ပါတယ်။ ဗမာပြည်သူ့ပါတီမှ ကိုယ်စားလှယ်များက ပြည်သူ့အကျိုးကို အမှန်တကယ်သယ်ပိုးမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**လေးစားအပ်ပါတဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ကျွန်တော်တို့ ဗမာပြည်သူ့ပါတီရဲ့ စီးပွားရေးမူဝါဒကတော့ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေး ဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင်ဖြစ်ရင် ပြည်သူလူထုတစ်ရပ်လုံးရဲ့ စားဝတ်နေရေးကိစ္စများ အဆင် ပြေချောမွေ့မှာဖြစ်ပါတယ်လို့ တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ဗမာပြည်သူ့ပါတီရဲ့ ပညာရေးမူဝါဒကတော့ ဒီမိုကရေစီစနစ် နဲ့ အံဝင်ခွင်ကျဖြစ်တဲ့ ပညာရေးစနစ်ဖြစ်ထွန်းရေးဖြစ်ပါတယ်။ ဒီမိုကရေစီ စနစ်ကမူ ပညာရေးကိုအခြေခံ လူ့အခွင့်အရေးတစ်ရပ်အဖြစ် အသိအမှတ်ပြုပါ တယ်။ ကျေးလက်ဒေသတွေမှာ ပညာသင်ကြားနိုင်မှု အခွင့်အလမ်းတွေရရှိရေး က အရေးကြီးဆုံးဖြစ်ပါတယ်။ ကျေးလက်ဒေသတွေမှာ ပညာသင်ကြားမှု လွယ်ကူ စေရန် စီမံဆောင်ရွက်မှာဖြစ်ပါတယ်။ ကျေးလက်ဒေသမှာရှိတဲ့ လူဦးရေ နဲ့ကိုက်ညီအောင် စာသင်ကျောင်းများ တိုးချဲ့ဆောင်ရွက်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ဗမာပြည်သူ့ပါတီရဲ့ ကျန်းမာရေးမူဝါဒကတော့ ပြည်သူ လူထုအားလုံး ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝ ရရှိနိုင်ရေး ဖြစ်ပါတယ်။ ကျေးလက်ဒေသမှာ နေထိုင်တဲ့ လူဦးရေအချိုးကများနေပေမယ့် ကျေးလက်ဒေသ ကျန်းမာရေး စောင့်ရှောက်မှုတွေ နည်းပါးနေတာတွေ့ရှိရပါတယ်။ ဒါကြောင့် ကျေးလက် ဒေသတွေမှာ ကျန်းမာရေးဌာနခွဲ (ဆေးခန်း)နဲ့ တိုက်နယ်ဆေးရုံတွေကို များများစားစား ဖွင့်လှစ်မှာဖြစ်ပါတယ်။ ကျေးရွာတိုင်း ကျေးရွာတိုင်း ကျန်းမာရေးဆေးပေးခန်းရှိအောင် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဗမာပြည်သူ့ပါတီရဲ့ လူမှုရေးမူဝါဒကတော့ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်ဒေသမီးလင်းရေး၊ လယ်ယာထွက်ကုန်များ တိုးတက်မြင့်မားရေးတို့ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးနဲ့ ပတ်သက်ပြီး ကျေးရွာ ချင်းဆက်လမ်းများ၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်မှာဖြစ်ပါတယ်။ လမ်းပန်း ဆက်သွယ်ရေးကောင်းမှ ပညာရေး၊ ကျန်းမာရေးလည်း ပိုမိုကောင်းမွန် လာမှာဖြစ်ပါတယ်။ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးကိုလည်း အထူးအလေးထား ဆောင်ရွက် မှာဖြစ်ပါတယ်။ ကျေးလက်ဒေသမှာ လျှပ်စစ်မီးရရှိပါက ကျေးလက်ဒေသ တိုင်းမှာ အိမ်တွင်းစက်မှုလုပ်ငန်းများ တည်ထောင်နိုင်မှာ ဖြစ်တဲ့အတွက် တစ်ဦးချင်းဝင်ငွေများ တိုးတက်လာမှာ ဖြစ်ပါတယ်။ ကျေးလက်ဒေသ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုများပြားလာအောင် ဆောင်ရွက်မှာဖြစ်ပါ တယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဟာ ဗမာပြည်သူ့ပါတီရဲ့ ဦးတည် ချက်ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လူဦးရေ ၇၅ ရာခိုင်နှုန်းက ကျေးလက်ဒေသမှာ နေထိုင် တဲ့ တောင်သူလယ်သမားများဖြစ်ကြပါတယ်။ အများစု လယ်သမားများက ဆင်းရဲကြပါတယ်။ ပညာရေးနိမ့်ကျပါတယ်။ နွမ်းပါးကြပါတယ်။ ပညာမသင် နိုင်တဲ့ လူဦးရေများပါတယ်။ တောင်သူလုပ်ငန်းပဲ ဆင်းဆင်းရဲရဲ လုပ်ကိုင်ကြ ရပါတယ်။ အဲဒီ တောင်သူလယ်သမားများကို ကာကွယ်ပေးမယ့် ဥပဒေတွေ ပြဋ္ဌာန်းနိုင်ရေးကလည်း ဗမာပြည်သူ့ပါတီရဲ့ မဟာတာဝန်တစ်ရပ်ဖြစ်ပါတယ်။ အလုပ်သမားနဲ့ လယ်သမားလူတန်းစားဘဝ တိုးတက်မြင့်မားလာပါမှ တိုင်းပြည်တိုးတက်မှာ ဖြစ်ပါတယ်။ အလုပ်သမား လယ်သမားများရဲ့ အကျိုး စီးပွားကို ဗမာပြည်သူ့ပါတီမှ ဦးစားပေးဆောင်ရွက်မှာဖြစ်ပါတယ်။

အလုပ်သမားအခွင့်အရေးအနေနဲ့ အလုပ်သမားသမဂ္ဂများဖွဲ့စည်းခွင့် နဲ့ စည်းရုံးခွင့်ရှိရန် ဆောင်ရွက်မှာဖြစ်ပါတယ်။ အလုပ်လုပ်သူတိုင်း လူ့ဂုဏ် သိက္ခာနဲ့အညီ ရပ်တည်နိုင်ရေးအတွက် လုပ်ငန်းခွင်အခြေအနေကောင်းများ ဖန်တီးရေး၊ လူမှုဖူလုံရေး၊ မျှတသော အလုပ်ချိန်သတ်မှတ်ရေး၊ ခွင့်ရက်ရရှိရေး တို့ကို လွှတ်တော်တွင် ဥပဒေပြဋ္ဌာန်းနိုင်ရန် ဗမာပြည်သူ့ပါတီမှ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ လယ်သမားအခွင့်အရေးနဲ့ပတ်သက်ပြီး လယ်သမားတိုင်း သီးနှံ များကို လွတ်လပ်စွာ စိုက်ပျိုးခွင့်၊ ရောင်းချခွင့်၊ ထုတ်လုပ်ခွင့်၊ အခွန်ဟူသမျှ ငွေကြေးပေးဆောင်ခွင့်၊ လယ်သမားသမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်း တည်ထောင်ခွင့်နဲ့ စည်းရုံးခွင့်များရရှိနိုင်ရန် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက် သွားမှာဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ နှစ်ပေါင်း(၆၀)ကျော်ကြာအောင် ပြည်တွင်းစစ်ဖြစ်နေပါတယ်။ ပြည်တွင်းစစ်ဖြစ်တာကို ကြည့်ခြင်းအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အပြည့်အဝမရရှိကြောင်း ပေါ်လွင်နေပါတယ်။ တိုင်းရင်းသားအချင်းချင်း အပြန်အလှန် ယုံကြည်မှု၊ အပြန်အလှန် လေးစားမှု၊ အပြန်အလှန်နားလည်မှုတို့ရှိမှသာ စည်းလုံးညီညွတ်မှာ ဖြစ်ပါတယ်။ ပြည်တွင်းစစ်အမြန်ဆုံးချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးရရှိမှသာ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်မှာဖြစ်ပါတယ်။

**လေးစားအပ်ပါတဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ယနေ့ ကမ္ဘာဟာ တစ်ဦးကောင်း တစ်ယောက်ကောင်းအစွမ်းဖြင့် ဗိုလ်ကျစိုးမိုးနိုင်တဲ့ ကမ္ဘာမဟုတ်တော့ပါဘူး။ တန်ခိုးရှင် လူစွမ်းကောင်းများရဲ့ လက်ညှိုးညွှန်ရာရေဖြစ်တဲ့ ကမ္ဘာလည်း မဟုတ်ပါဘူး။ ယနေ့ကမ္ဘာဟာ စည်းလုံးညီညွတ်ခြင်းရဲ့ ရလဒ်ပေါ်မှာ တည်ရှိနေပါတယ်။ ပေါင်းစည်းညီညွတ် ခြင်းဟာ နိုင်ငံတစ်ခုတိုးတက်ဖို့အတွက် အဓိကမဏ္ဍိုင်ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အာဏာရှင်စနစ်ပပျောက်ရေးနဲ့ ဒီမိုကရေစီ စနစ် ရှင်သန်ထွန်းကားရေးအတွက် ပြည်သူလူထုအားလုံးမှာ တာဝန်ရှိပါတယ်။ ဒီတာဝန်ကို ညီညီညွတ်ညွတ်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဗမာပြည်သူ့ပါတီကလည်း အာဏာရှင်စနစ် ပပျောက်ရေးနဲ့ ဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ဗမာပြည်သူ့ ပါတီဟာ မိဘပြည်သူများနဲ့ လက်တွဲပြီး မိမိပါတီဦးတည်ချက် မူဝါဒနဲ့ ရှေ့လုပ်ငန်း များနဲ့အညီ ရှေ့ဆက်ပြီး အာဏာရှင်စနစ်ပပျောက်ရေး၊ ဒီမိုကရေစီစနစ်ရှင်သန် ရေးတို့ကို အလေးထား ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

